


27.4.2017

Alien မှ pdf အဖြစ် စကန်ဖတ်သည်

တက္ကသိုလ်

# ငှက်ပင်းဇောင်

ဝမ်အင်း၏ ကျင်းချင်းလျှန်တေဂင်း

## သူရိယရောင်ဝါ သွေးယှက်ဖြာ



ဒုတိယပိုင်း

မိုးမိုးအောင်

စာပေ

ကော်ဝံ့ဘူတာ

တက္ကသိုလ်

# နေလင်းအောင်

# သူရိယရောင်ဝါသွေးယှက်ဖြာ

(ဒုတိယပိုင်း)

## အခန်း (၁၇)

ရုတ်တရက် ...

"အား"

အော်သံတစ်ချက် ကြားလိုက်ရသည်။ အော်သံမှာ လီချွန်စိန်၏အသံမဟုတ်ပါ။ ကုမင်း၏အသံပင်ဖြစ်၏။ အော်သံနှင့် တစ်ဆက်တည်းမှာလည်း ကုမင်း၏ခန္ဓာကိုယ်သည် သစ်ပင်များကြား မှ လွင့်ပျံထွက်လာ၏။

'ဖုန်း'

ဟူသောမြည်သံနှင့်အတူ ကျားကလေးတို့ ရှေ့တည့်တည့်ရှိ မြေကြီးပေါ်သို့ ကုမင်း၏ခန္ဓာကိုယ်ကြီး ပြုတ်ကျလာလေတော့သည်။

မမျှော်လင့်ဘဲ ပြောင်းလဲသွားသောအခြင်းအရာကြောင့် ကျားကလေးတို့လူစုမှာ ကြက်သေသေသလိုဖြစ်နေမိကြ၏။ ထိုစဉ် သစ်ပင်များကြားမှ လူနှစ်ယောက် ထွက်ပေါ်လာသည်။

ထိုလူနှစ်ယောက်နောက်နားမှ လီချွန်စိန်က ကပ်လျက်လိုက်ပါလာ၏။ ရှေးဦးစွာ စတင်လှုပ်ရှားလိုက်သူမှာ ဦးကြီးဟိုဖြစ်၏။

ဦးကြီးဟိုသည် အခြေအနေမဟန်မှန်းသိသည်နှင့် မြင်းလှည်းပေါ် ခုန်တက်လိုက်လေသည်။ မြင်းများတရကြမ်း ပြေးလွှားထွက်ခွာစေရန်အတွက် ကျာပွတ်ကိုဝှေ့ယမ်းလိုက်၏။ သို့သော် မြင်းရထားက မလှုပ်မရှား မရွေ့လျားနိုင်ခင်မှာပင် သူ့အနားသို့ လူတစ်ယောက် ရိပ်ခနဲလျှင်မြန်စွာရောက်ရှိလာ၏။ ထိုသူသည် မြင်းရထားပေါ် လွှားခနဲခုန်တက်လိုက်သည်။ နှုတ်မှလည်း ...

"ဆင်းစမ်း"

ဟူသော ငေါက်ငမ်းသံတစ်ချက် ပေါ်လာ၏။ အော်ငေါက်သံနှင့်အတူ ဦးကြီးဟိုမှာ တွန်းချခံလိုက်ရခြင်းပင်ဖြစ်၏။ တွန်းချခံလိုက်ရသောအရှိန်ဖြင့် မြေပြင်ပေါ်၌ နှစ်ပတ် သုံးပတ်ခန့်လိမ့်ဆင်းသွားသည် ခြေထောက်နှစ်ချောင်းအားပြုပြီး သူမတ်မတ်ရပ်လိုက်၏။ မတ်တတ်ရပ်မိသည့်အချိန်မှာပင် သူတို့လူစုအား အခြားလူတစ်စုက ဝိုင်းထားပြီးနေပြီဖြစ်ကြောင်း တွေ့လိုက်ရလေတော့သည်။

သူတို့ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ဦးကြီးဟိုက သဘောပေါက်လိုက်၏။ သို့ဖြင့် ပြန်လည်ခုခံရန် မကြိုးစားတော့ဘဲ ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်နေလိုက်သည်။ ကျားကလေးသည် မြေကြီးပေါ် လဲကျနေရာမှ လူးလဲထလာသည်။

သူက မျက်လုံးများကိုပြူးဖြဲပြီး နောက်ထပ်ရောက်လာသောလူသစ်များအား ကြည့်လိုက်၏။ ထိုအခါ တေလေဂိုဏ်းမှ



ဂိုဏ်းမှူးဖူစိန်ကိုတွေ့လိုက်ရလေတော့သည်။ ကျားကလေးက ဝမ်းသာအရာဖြင့် ရှေ့သို့တိုးတက်သွား၏။

"ဦးလေးဖူးစိန် ဦးတို့လာတာ အတော်ပဲ"

သူ့စကားမဆုံးခင် ဖူစိန်က သူ့အားအော်ငေါက်ဟန့်တားလိုက်သည်။

"တိမ်စမ်း မင်း ဘယ်သူလဲ၊ ဘယ်ကကောင်လဲ"

ကျားကလေးက ...

"ကျွန်တော် ကျားကလေးပါ"

ဟု ပြန်ဖြေလိုက်၏။

"သူ့ကို ဌာနချုပ်မှူးဆီ ခေါ်သွားရမယ်ဟေ့"

ကျားကလေးမှာ ထိုစကား၏ အဓိပ္ပာယ်ကို အဖြေမပေါ်နိုင်ပါ။ ထိုစဉ်ခိုက်မှာပင် သူ့ရှေ့သို့လူတစ်ယောက် ရောက်လာသည်။ ထိုသူသည် ဟင်းရွက်ခြံတွင် ကျားကလေးနှင့်အတူတူနေခဲ့ဖူးသော စီဆောင်ဖြစ်၏။ စီဆောင်က ...

"ကျားကလေး ... မင်း တော်တော်အသုံးမကျတဲ့ကောင်ပဲ၊ ငါကတော့ ဝတ္တတရားအရ လုပ်ရမှာပဲ"

ပြောပြောဆိုဆိုဖြင့် လက်တစ်ဖက်မြှောက်လိုက်၏။ ကျားကလေး၏ခန္ဓာကိုယ်ကိုလည်း လက်ညှိုးဖြင့် ထိုးချလိုက်သည်။ လုံးဝ မလှုပ်ရှားနိုင်တော့ဘဲဖြစ်သွား၏။ ကျားကလေး သွေးကြောအပိတ်ခံလိုက်ရချေပြီ။

ထိုအချိန်၌ ဦးကြီးဟိုနှင့် အမေမိုတို့မှာလည်း အဖမ်းခံလိုက်ကြရပြီဖြစ်၏။ လျှောင်ဖားနှင့် လာခွေတို့ကိုမူ လူတစ်ယောက်က စစ်မေးနေသည်။ ဖူစိန်က စစ်မေးနေသူအား အမိန့်ပေးလိုက်၏။

"ဒီကောင်နှစ်ကောင်ကို သက်သေအဖြစ် ဝေါင်ကောင်းမြို့ဝန်ဆီခေါ်သွားရမယ်၊ အခုဖမ်းထားတဲ့လူတွေကိုလည်း မြို့ဝန်ဆီပဲ ခေါ်သွားကြပါ"

ထို့နောက်တွင် ... ဖူစိန်နှင့်စီဆောင်တို့သည် သွေးကြာအပိတ်ခံထားရသော ကျားကလေးကိုထမ်းကာ ကျူကောင်းမြို့သို့ ကိုယ်ဖျော့ပညာကိုအသုံးပြုပြီး ထွက်ခွာလာခဲ့ကြလေတော့၏။

✢ ✢ ✢



အခန်း (၁၀)

ကျူကောင်းမြို့ရှိ တေလေဂိုဏ်းခွဲတည်ရှိရာသို့ ဒုတိယအကြိမ်ရောက်ရှိသွားရပြန်၏။ ဌာနခွဲမှူးနှင့် ကျားကလေးတွေ့ဆုံရသည်။

ဌာနခွဲမှူးရှေ့တွင် ဧည့်သည်နှစ်ယောက်ကလည်း ရောက်ရှိနေ၏။ ဧည့်သည်နှစ်ယောက်အနက်တစ်ယောက်မှာ ကျားကလေးအား ကစားစရာဓားတစ်လက် ပေးအပ်ဖူးသော လှပယဉ်ရှယ်သည့် အပျိုချောပင်ဖြစ်၏။

ကျားကလေးသည် ထိုမိန်းမပျိုနှင့်ပြန်လည်ဆုံတွေ့ရသောအခါ အလွန်ရှက်သွားမိ၏။ သူ၏စိတ်ထဲမှာလည်း ကျိတ်၍ ...

"အင်း ... ဒီမမဟာ ငါ့ကိုတော်တော်စိတ်ပျက်သွားမှာပဲ၊ ပထမတစ်ခါတုန်းက ပေးအပ်ခဲ့တဲ့တာဝန်ကို ငါမကျေပွန်နိုင်ခဲ့ဘူး၊ တာဝန်မကျေနိုင်ခဲ့တဲ့အပြင် အစ်ကိုကြီး၊ အစ်ကိုလတ်တို့နဲ့ပူးပေါင်းပြီး လှည့်စားဖို့ကြံရွယ်ခဲ့မိတယ်၊ ခုတစ်ခါကျတော့လည်း မကောင်းတဲ့အလုပ်ကို ငါလုပ်ခဲ့မိပြန်ပြီ၊ မမရဲ့စိတ်ထဲမှာတော့ ငါဟာ အလကားကောင်လေး၊ သုံးမရလောက်အောင် အယုံအကြည်ကင်းမဲ့စရာ

ကောင်လေးလို့ ထင်မှာပဲ"

ဟု တစ်ကိုယ်တည်းတွေးတောရင်း စိတ်မကောင်းဖြစ်နေမိ၏။ ကျားကလေးသည် မိန်းမပျိုကိုမကြည့်ဘဲ တွေးရင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေမိသည်။

ထိုမိန်းမပျို၏အမည်မှာ ဝင်းယန်ဟူ၍ဖြစ်သည်။ သူမအဖော်လူရွှယ်မှာ သူမနှင့်သိုင်းပညာဘက် ဒုတိယအစ်ကိုဖြစ်၏။ အမည်က ဝေါင်ကစ်ဟု ခေါ်တွင်သည်။

ယခု သူတို့ရောက်ရှိလာရခြင်းမှာလည်း ကျားကလေး ကိစ္စနှင့်ပတ်သက်ပြီး တေလေဂိုဏ်းနှင့်လာရောက် ဆွေးနွေးကြခြင်း ဖြစ်သည်။

ဌာနခွဲမှူးနှင့် ဂိုဏ်းမှူးများ၏ နောက်ဆုံးညှိနှိုင်းမှုအရ ကျားကလေးအား တေလေဂိုဏ်းဝင်အဖြစ်မှ ထုတ်ပယ်ပစ်လိုက်သည်။ တေလေဂိုဏ်းဝင်မဟုတ်တော့ပြီဖြစ်သော ကျားကလေးသည် သူသွားလိုရာသို့ လွတ်လွတ်လပ်လပ်ဖြင့် သဘောရှိသလို သွားလာနိုင်ခွင့်ရရှိပြီဖြစ်၏။ ညှိနှိုင်းပြီးသည့်ဆုံး၌ ဝင်းယန်ကိုယ် တိုင် ကျားကလေးနှင့်အတူ တေလေအဖွဲ့၏ဌာနခွဲမှူးရုံးခန်းမှ ထွက်လာခဲ့ကြ၏။ အပြင်သို့ရောက်သောအခါ ဝင်းယန်က ...

"ကျားကလေး ... မင်း ဘယ်သွားပြီး ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

ကျားကလေးသည် ဝင်းယန်အားစိတ်ထဲကျိတ်ကာ ခင်



တွယ်နေမိပြီဖြစ်၏။ ထို့ကြောင့် လိမ်ညာမနေတော့ဘဲ သူ့ရည်ရွယ်ချက်အမှန်ကို ပြောပြလိုက်သည်။

"ကျွန်တော် ဝေါင်ကောင်းကိုပြန်သွားမယ် မမ၊ ဟိုမှာ ကျွန်တော့်မွေးစားအဖေရှိတယ်၊ သူ အခုလောက်ဆို ဒုက္ခရောက်နေလောက်ပြီး ကျွန်တော်တတ်နိုင်သရွေ့တော့ သူ့ကိုပြန်ကူညီမယ်"

ဝင်းယန်သည် ကျားကလေး၏စိတ်ဓာတ်ကိုချီးမွမ်းကာ ငွေတုံးလေးတစ်တုံးပေးလိုက်၏။ ဤငွေတုံးကလေးအား အမှီပြုကာ စားစရိတ်နှင့် လမ်းစရိတ်လုပ်ရန် ကျားကလေးက ဆုံးဖြတ်လိုက်သည်။

ခွဲခွာခါနီးအချိန်၌မူ ဝင်းယန်သည် ကျားကလေး၏လည်ပင်း၌ ငွေဆွဲကြိုးနှင့် ဆွဲပြားလေးတစ်ခုဆွဲပေးလိုက်၏။ ဆွဲပြားပေါ်တွင် စာနှစ်ကြောင်းရေးထားသည်။ ထိုစာ၏အဓိပ္ပာယ်ကို ကျားကလေးက မေးကြည့်သည်။ ဝင်းယန်က ပြုံး၍ ...

"မမ ... အခုဒီစာရဲ့ အဓိပ္ပာယ်မပြောလိုက်သေးဘူး၊ မင်းစာတတ်အောင်အရင်သင်၊ စာတတ်ပြီဆိုတဲ့အခါကျ အဲ့ဒီစာနှစ်ကြောင်းကိုဖတ်ပြီး အဓိပ္ပာယ်ဘာလဲဆိုတာ မင်းကိုယ်တိုင် စဉ်းစားပေတော့ ဟုတ်ပြီလား"

ကျားကလေးမှာ အောင့်သက်သက်ဖြင့် ဟုတ်ကဲ့ လိုက်သည်။ အမှန်တော့လည်း စာပေသင်ကြားတတ်မြောက်စေလိုသော ရည်ရွယ်ချက်ဖြင့် မမဝင်းယန်ဆွဲပေးလိုက်ခြင်းဖြစ်ကြောင်း ကျား

ကလေးအကဲခတ်မိသည်။ ကျားကလေးသည် မမဝင်းယန်နှင့် နှုတ်ဆက်လမ်းခွဲထွက်လာသည်။ သူတစ်ယောက်တည်း ဝေါင်ကောင်းမြို့သို့သွားရန် ထွက်လာခဲ့ခြင်းဖြစ်၏။

ဝေါင်ကောင်းသွားရန် လှေများဆိုက်ကပ်ထားသည့် မြစ်ဆိပ်သို့အရောက်တွင် ရုတ်တရက် ခေါ်သံကြားလိုက်ရ၏။

"ကျားကလေး"

ကျားကလေးက သူ့အားလှမ်းခေါ်သူကို လှည့်ကြည့်လိုက်သည်။ သူ့ကိုခေါ်သူမှာ လီဝိန်ဝိဖြစ်နေသည်။

လီဝိန်ဝိသည် ကျားကလေး၏ ဆရာသမားနှင့် အစ်ကိုများကိုသတ်ဖြတ်ခဲ့သူဖြစ်၏။ ပထမတုန်းက သူသည် ကျားကလေးအား ခြိမ်းခြောက်စည်းရုံးကာ အတင်းအဓမ္မလိမ်လည်ပြောဆိုခိုင်းခဲ့၏။

သို့သော် နောက်ပိုင်းတွင်မူ ကျားကလေးက သူ့အပေါ် ရန်ငြိုးမဖွဲ့အောင် နည်းမျိုးစုံဖြင့်ချော့မော့ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။

ဤတွင် ကျားကလေးမှာ လူငယ်ပီပီစိတ်ပြောင်းလာကာ လီဝိန်ဝိအပေါ် ခင်မင်စရာကောင်းသော လူတစ်ယောက်အဖြစ် မှတ်ယူခဲ့မိသည်။

ယခု ... လီဝိန်ဝိကိုမြင်ရသောအခါ ကျားကလေးမှာ လွန်စွာဝမ်းသာသွား၏။ ထို့ကြောင့် အပြေးအလွှားဖြင့် လီဝိန်ဝိအပါးချဉ်းကပ်သွားသည်။ အနားရောက်လျှင်ရောက်ချင်း ကျားကလေးက





"ဦးကြီးဝိ ... တေလေဂိုဏ်းက ကျွန်တော့်ကိုမောင်းနှင်ထုတ်လိုက်ပြီ"

ဟု လတ်တလောဖြစ်ပျက်နေသည့်ကိစ္စကို ပွင့်လင်းစွာပြောပြလိုက်သည်။ လီဝိန်ဝိက ခပ်ပေ့ါပေ့ါပင် ရယ်မောလိုက်သည်။

"ဟုတ်လား ... မင်းမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေအားလုံး ငါ ကြားပြီးနေပါပြီကွာ၊ အခု မင်း ဝေါင်ကောင်းမြို့ကို သွားမလို့မဟုတ်လား"

"ဟုတ်ကဲ့"

ကျားကလေးက ခေါင်းညိတ်ဖြေဆိုလိုက်၏။ လီဝိန်ဝိက ကျားကလေးလက်ကိုဆွဲကိုင်ပြီး ...

"အတော်ပဲ ငါလည်း ဝေါင်ကောင်းမြို့ကိုသွားမလို့၊ တို့အဖော်ရတာပေ့ါ"

ကျားကလေးက ဝမ်းမြောက်ဝမ်းသာခေါင်းညိတ်ပြသည်။ ဤသို့ဖြင့် လီဝိန်ဝိနှင့်ကျားကလေးတို့သည် တစ်ယောက်လက်တစ်ယောက်ဆွဲကာ ထွက်ခွာလာခဲ့ကြလေသည်။

\+

ယခု ... လီဝိန်ဝိနှင့် ကျားကလေးတို့သည် ဝေါင်ကောင်းမြို့သို့ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။ ကျားကလေးက လီဝိန်ဝိ၏

မျက်နှာကိုမော့ကြည့်ရင်း ...

"ဦးလေးဝိ ... ကျွန်တော့်ရဲ့မွေးစားအမေ ဒီဝေါင်ကောင်းမှာရှိတယ်၊ ကျွန်တော် သူ့ဆီသွားချင်တယ်"

လီဝိန်ဝိက ကျားကလေးအား ခေါင်းခါပြလိုက်သည်။

"သူက မြို့ဝန်က ဖမ်းဆီးထားတယ်၊ အိမ်ကိုလည်းချိပ်ပိတ်ထားတယ်လို့ ငါကြားတယ်၊ သွားနေလို့လည်း ဘာမှအကျိုးထူးမှာ မဟုတ်ဘူး"

ကျားကလေးငြိမ်သက်သွားသည်။ အတန်ကြာမှ ...

"အမေမိုရဲ့အိမ်မှာ အစ်မလေးယောက်ရှိသေးတယ်၊ သူတို့လည်း ဘယ်လိုအခြေအနေမျိုးဖြစ်နေကြပြီလဲ မသိဘူး"

ကျားကလေးညည်းညူသလို တစ်ယောက်တည်းရေရွတ်ပြောဆိုလိုက်သည်။ လီဝိန်ဝိက ကျားကလေးပူပန်နေတတ်ပုံကို ကြည့်ကာရယ်မောနေသည်။ ကျားကလေးက မျက်မှောင်ကြုတ်၍

"ဦးကြီးဝိ ... ခင်ဗျားက ဘာရယ်တာလဲ"

"မင်းစိတ်ပူနေပုံကို သဘောကျလို့ရယ်တာပေါ့ကွ၊ အမှန်က မင်းရဲ့အမေမိုရော၊ အစ်မလေးယောက်ပါ ခုဆိုရင် အန္တရာယ်ကင်းတဲ့နေရာမှာ ရောက်နေကြပါပြီ"

"သူတို့ အခုရောက်နေတဲ့နေရာကို ဦးသိလား"

"ဟာ ... သိတာပေါ့ကွာ၊ ငါ့မိတ်ဆွေတစ်ဦးဆီမှာ ငါကိုယ်တိုင် သွားအပ်ထားခဲ့တာပဲဟာ ... မသိဘဲနေပါ့မလား"



"ဟင် ... ဟုတ်လား ... ဒါဆို ကျွန်တော့်ကို သူတို့ရှိတဲ့နေရာ လိုက်ပို့ပါ ဦးလေးဝိ ... နော် ... နော်"

ကျားကလေးက အားတက်သရော ပူဆာနေ၏။ လီဝိန်ဝိ က သွက်လက်စွာခေါင်းညိတ်ပြလိုက်သည်။

"အေး ... လိုက်ပို့ပေးမယ်၊ ဦး နောက်လိုက်ခဲ့"

လီဝိန်ဝိသည် ကျားကလေးအား အမေမိုတို့လူစု ယခုယာယီတည်းခိုနေသောအိမ်ကို ခေါ်ဆောင်သွားလေသည်။ မကြာမီ သူတို့နှစ်ယောက်သည် အိမ်ဝန်းကျင်ကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်။ ထိုအိမ်မှာ လီပါဝမ်၏အိမ်ကဲ့သို့ပင် ကြီးမားခမ်းနားသည်။

ထိုအိမ်တွင် အမေမိုနှင့် သူမ၏အဖော် မိန်းကလေး လေးယောက်က ကျားကလေးပြန်ဆုံခွင့်ရရှိခဲ့သည်။ အမေမိုက ကျားကလေးကိုမြင်သောအခါ ဝမ်းသာစွာ နှုတ်ဆက်စကားဆို၏။

"ကျားကလေး ... သား ပြန်ရောက်လာတယ်နော်၊ အမေ ဝမ်းသာတယ်ကွယ်၊ ဒီမှာလည်း အမေတို့ ကြာကြာမနေပါဘူး၊ ညနေဆို ခရီးထွက်မယ်"

အမေမိုက အားတက် ဝမ်းသာပြောဆိုလိုက်သည်။ မိန်းမပျိုလေးယောက်ကလည်း ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ထို့နောက်တွင် ...

ထို့နောက်တွင်မူ အိမ်ရှင်၏ စီစဉ်ပေးချက်အရ အမေမို၊

ကျားကလေးနှင့် မိန်းမပျိုလေးယောက်တို့ပါရှိသောအဖွဲ့ဝင်ခြောက်ယောက်သည် မြင်းရထားတစ်စီးဖြင့် ဝေါင်ကောင်းမြို့မှ ထွက်ခွာလာခဲ့ကြလေသည်။

မြင်းရထားသည် မရပ်မနား မောင်းနှင်နေခြင်းဖြစ်၏။ သူတို့သည် သန်းခေါင်ယံအချိန်တွင် ဝေါင်ကောင်းမြို့နှင့် မိုင်သုံးဆယ်ခန့်ကွာဝေးသောနေရာသို့ ရောက်ရှိလာကြသည်။ ရုတ်တရက် ...

"ဟေး ... မြင်းရထားရပ်စမ်း"

လမ်းဘေးတစ်နေရာမှ တားဆီးဟန့်တားသံတစ်ခု ထွက်ပေါ်လာ၏။ တစ်ဆက်တည်းမှာလည်း ပြေးနေသောမြင်းကြီးများသည် ဟီသံတစ်ချက်ပေးကာ ထိုးရပ်သွားကြ၏။

မြင်းရထားမောင်းသမားသည် တားဆီးနေကြသူများအား အော်ဟစ်ကြိမ်းမောင်းလိုက်၏။

"ဟေး ... မင်းတို့ဘယ်သူတွေလဲ ... ဘာကြောင့် ရထားရှေ့မှာ လာတားနေတာလဲ"

သို့သော် စကားမဆုံးခင်မှာပင် ရထားမောင်းသမားထံမှ လန့်အော်သံတစ်ချက်ကြားလိုက်ကြရသည်။ လူကိုယ်တိုင်မှာလည်း ဆွဲချခံလိုက်ရ၏။ ရထားမောင်းသမားအောက်သို့ တလိမ့်ခေါက်ကွေးကျဆင်းသွားရ၏။

မှုန်တိမှုန်ဝါးလရောက်အောက်တွင် လူခြောက်ယောက်သည် မြင်းရထားအား ဝိုင်းဝန်းပိတ်ဆို့ရပ်တန့်ထားကြသည်။ ထိုလူခြောက်ယောက်စလုံး၏မျက်နှာပေါ်တွင် မျက်နှာဖုံးစွပ်ထားၾ၏။



မြင်းရထား၏ တံခါးဝတည့်တည့်တွင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခန္ဓာကိုယ်သန်မာထွားကျိုင်းသော လူတစ်ယောက်ရပ်နေသည်။

ထိုသူက ရုတ်တရက်လက်ကိုဆန့်ထုတ်ပြီး အပေါက်ဝမှာထိုင်နေသော အမျိုးသမီးကိုအပြင်ဘက်သို့လျှပ်တစ်ပြက်ဆွဲထုတ်လိုက်၏။ ဆွဲထုတ်ခြင်းခံလိုက်ရသူမှာ အခြားသူမဟုတ်ပါ။ အမေမိုဖြစ်သည်။

အမေမိုမှာ မမျှော်လင့်ဘဲ ဆွဲချခံလိုက်ရ၍ မြေကြီးပေါ်ပုံလျက်လဲကျသွားရ၏။ ထိုသူက ရှေ့တစ်လှမ်းတိုးတက်သွားသည်။ သူ၏ခြေထောက်တစ်ဖက်က လဲကျနေသော အမေမို၏ကျောပြင်ကို ဖမ်းနင်းထားလိုက်၏။

အမေမိုမှာ ထိုသူ၏ခြေထောက်တစ်ဖက်အောက်တွင် မထနိုင်ဘဲ ဖြစ်နေသည်။

ထိုအချိန်တွင် မြင်းရထားအတွင်းရှိနေကြသော မိန်းမပျိုလေးယောက်မှာ ကြောက်လန့်ကာ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ငိုနေကြ၏။ ကျားကလေးက အမေမိုအား နင်းထားသူကို အော်ဟစ်ပြောဆိုလိုက်သည်။

"ဟေ့ ... ကျုပ်အမေကို လွှတ်စမ်း"

နှုတ်မှပြောဆိုလိုက်သလို လူကလည်း ဘယ်ကဘယ်လို

သတ္တိဗျတ္တိတွေ ထွက်ပေါ်လာသည်မသိ။ မြင်းရထားပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး ထိုသူအားခုန်အုပ်တိုက်ခိုက်လိုက်၏။

အမေမိုအားနင်းထားသူသည် ကလေးငယ်တစ်ဦးမျှသာဖြစ်သော ကျားကလေးအပေါ် လုံးဝသတ္တိရှိလိမ့်မည်ဟု မထင်မှတ်ခဲ့ပါ။

ထို့ကြောင့်လည်း အရှိန်ဖြင့် ဝင်ရောက်လာသော ကျားကလေး၏ခန္ဓာကိုယ်သည် သူ့အပေါ် ခုန်အုပ်ခံလိုက်ရပြီးနောက် သူ့ခန္ဓာကိုယ်ပါ အနေအထားပျက်ကာ တစ်ပတ်လည်ထွက်သွားလေတော့၏။

အမေမိုလည်း ထိုသူ၏ခြေထောက်အောက်မှ လွတ်ထွက်သွားကာ ကပျာကယာ ထရပ်လိုက်သည်။

ထိုသူက သူ့ခန္ဓာကိုယ်ပေါ် ဖက်တွယ်ထားသော ကျားကလေးအား ခါချလိုက်ပြီး ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်၏။ ကျားကလေးမှာ ထိုသူ၏ကန်ချက်ကြောင့် မြေကြီးပေါ်တွင် ပုံလျက်သားဖြစ်နေသည်။

အမေမိုသည် ကျားကလေးဆီ ပြေးလွှားသွားသည်။ ကျားကလေးအား လျှင်မြန်စွာ ပွေ့ချီလိုက်၏။ နှုတ်မှလည်း ...

"ကျားကလေး ... သား ဘယ်နာသွားလဲ"

ဟု စိုးရိမ်တကြီးမေးနေ၏။ အမှန်စင်စစ်မူ ယခုအချိန် တွင် အမေမိုသည် ကျားကလေးအပေါ် တကယ့်မိခင်စိတ်ဖြင့် ချစ်ခင်မိ



နေပြီဖြစ်သည်။ ထို့ကြောင့်လည်း မိမိ၏အန္တရာယ်ကိုပင် မေ့လျော့ကာ ကျားကလေးကိုသာ ဂရုစိုက်နေမိခြင်းဖြစ်၏။

ကျားကလေးက အမေမို၏စကားကို ဖြေဆိုရန်မှိတ်ထားသောမျက်လုံးများကိုဖွင့်လိုက်သည်။ ထိုအခါ သူ့မျက်လုံးများပြူးကျယ်သွားရပြန်၏။

အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်သည် အမေမိုအား ဓားဖြင့်ခုတ်ပိုင်းရန်နောက်မှ ဓားကြီးဝင့်ပြီးပြေးဝင်လာသောကြောင့်ဖြစ်သည်။ ကျားကလေးက ထိတ်လန့်တကြားဖြင့် ...

"အမေ ... နောက်မှာ သတိထား"

အော်ဟစ်သတိပေးလိုက်၏။ အမေမိုသည် ကျားကလေး၏ အော်ဟစ်သတိပေးသံကြောင့် ကျားကလေးအားပွေ့ထားရင်းမှပင် ခန္ဓာကိုယ်ကိုရှေ့သို့ကျွမ်းပစ်ကာထွက်သွား၏။ ခုတ်ပိုင်းလိုက်သော ဓားချက်မှာ လက်မောင်းတစ်ဖက်ကိုသာ သီသီကလေး ရှပ်ခုတ်မိသွားသည်။ ဒဏ်ရာရသွားသောလက်တစ်ဖက်ကိုအခြားလက်တစ်ဖက်ဖြင့် ပွတ်လိုက်၏။

ကျားကလေးကမူ အမေမို၏ရင်ခွင်ထဲမှ လူးလဲထရပ်လိုက်သည်။ အမေမိုကလည်း မတ်တတ်ထရပ်လိုက်သည်။ ယခုအကြိမ်တွင်မူ အမေမိုသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် အသားလွတ်ဝင်ရောက်တိုက်ခိုက်သူများကို ပြစ်တင်ပြောဆိုလေတော့သည်။

"ဘယ်လိုလဲ ... ရှင်တို့ယောကျ်ားကြီးတွေဖြစ်ပြီး ခိုးကြောင်

နိုးဝှက်တိုက်ခိုက်ကြတာက ဘာသဘောလဲ၊ မပြောမဆိုဘဲ ဘာမှန်းညာမှန်းမသိ နိုးဝှက်တိုက်ခိုက်တာ သိုင်းသမားထုံးစံလည်း မဟုတ်ဘူး"

အမေမို့ပြောလိုက်သောစကားလုံးများက သိုင်းလောကတွင် ထိရောက်သောစကားလုံးမျိုး ဖြစ်၏။ အမေမို့အား လိုက်လံတိုက်ခိုက်ရန်ဟန်ပြင်နေသောသူပင် ထိုစကားများကိုကြားရသောအခါ ရှက်ရွံ့ကာ နောက်သို့ဆုတ်သွား၏။

အမေမို့အား ရထားထဲမှဆွဲထုတ်လိုက်သူကမူ ထိုလူစု၏ခေါင်းဆောင်ဖြစ်ဟန်တူလေသည်။ ထိုသူက ခြောက်ကပ်ကပ်လေသံဖြင့် ရယ်မောလိုက်ရင်း ...

"အဟင်း ဟင်း ... ခင်ဗျားပြောတာ နည်းလမ်းတော့ကျသားပဲ၊ ကဲ ကောင်းပြီ ... မသေခင် ခင်ဗျားဘာသိချင်လဲ မေးပါ"

အမေမို့က ...

"ဒီလောက် အပြိုးတကြီး တိုက်ခိုက်ရအောင် ရှင်တို့နဲ့ ကျွန်မတို့ကြားမှာ ရန်ငြိုးရှိလို့လား"

"ဟင့်အင်း ... မရှိပါဘူး"

"ဒါဆို ဘာလို့ ခုလို အသေတိုက်ခိုက်နေရတာလဲ"

"ကျုပ်တို့ကို ငွေပေးထားလို့ပါ"

"ကျွန်မတို့အားလုံးအတွက် ငွေဘယ်လောက်ပေးထားလဲ"

"ခင်ဗျားတို့ခြောက်ယောက်သေရင် ကျုပ်တို့ ငွေဝိသာတစ်ထောင်ရမယ်"



"အဲ့ဒီ ငွေပေးပြီးသတ်ခိုင်းတဲ့လူက ဘယ်သူလဲ"

"ကျုပ်တို့လည်း မသိဘူး"

"မသိဘူး ... ဟုတ်လား၊ မသိဘဲနဲ့ အလုပ်လက်ခံလို့ရလို့လား"

"ရတာပေါ့ ... သူက ငွေအပြည့်ချေပြီးသား"

"ရှင်တို့ကရော ယုံကြည်ရလို့လား"

ခေါင်းဆောင်လုပ်သူက သဘောကျစွာ ရယ်မောလိုက်၏။

"ကျုပ်တို့က ကတိတည်တဲ့လူတွေပါဗျာ"

ထိုသူပြောပုံဆိုပုံနှင့် ထိုသူ၏လက်အောက်ခံလူများ နေရာယူပုံ၊ တိုက်ခိုက်ပုံတို့ကိုလေ့လာအကဲခတ်ရင်း အမေမို့၏မျက်လုံးများ ဝင်းလက်လာသည်။ သူမက မဆိုင်းမတွပင် သူမ အကဲခတ်လေ့လာမိသောအချက် မှန်၊ မမှန် ထုတ်မေးလိုက်လေတော့သည်။

"ဒီမှာ ရှင်တို့က ခုနစ်စဉ်ကြယ်အဖွဲ့က လူတွေမဟုတ်လား"

ခေါင်းဆောင်လုပ်သူက ရယ်မောလိုက်ပြန်သည်။

"အဟင်း ဟင်း ... ဒါကြောင့်မို့လည်း အစ်မမို့ အစ်မမို့နဲ့ ကျော်ကြားနေပေတာပဲ၊ ခင်ဗျား ဗဟုသုတမဆိုးဘူး"

ထိုသူက မှတ်ချက်ချရုံသာချသည်။ ငြင်းဆန်ခြင်းမပြုပါ။ ထို့ကြောင့် ကျန်လူများသည် ခုနစ်စဉ်ကြယ်ဂိုဏ်းသားများဖြစ်သည်ဟု အမေမို့က တထစ်ချကောက်ချက်ချလိုက်၏။

အမေမို၏ မျက်လုံးအိမ်ထဲတွင် မျှော်လင့်ချက်ရောင်ခြည်များလင်းလာသည်။

"မင်းတို့ဂိုဏ်းကို ကျုပ်သိတယ်၊ ဌာနခွဲမှူးကြီးရန်နဲ့ ကျုပ်ရင်းနှီး ..."

အမေမို၏စကားမဆုံးခင်မှာပင် ထိုသူက စကားကြားဖြတ်ပြောဆိုသည်။

"ဂိုဏ်းတစ်ခုမှာ ဂိုဏ်းစည်းကမ်းဆိုတာရှိတယ်၊ ခင်ဗျားကိုသတ်ပေးဖို့ငွေယူပြီးပြီဆိုရင် ဌာနခွဲမှူးကြီးရန်နဲ့သိရုံမကလို့ သူ့အစ်မဖြစ်နေတာတောင် ကျုပ်တို့က ချမ်းသာမပေးနိုင်ဘူး"

သူ့စကားက ရှင်းနေချေပြီ။ သူတို့လူစုသည် အမေမိုတို့လူစုအား မဖြစ်မနေ သတ်ဖြတ်သုတ်သင်ပစ်ရန် သန္နိဋ္ဌာန်ချပြီးနေပြီဖြစ်ကြောင်း သူ့စကားအရ သိသာလှ၏။ အမေမိုက မချိတင်ကဲတစ်ချက်ပြုံးလိုက်သည်။

"ဒီမှာ ခေါင်းဆောင်ကြီး ရှင်ပြောသလိုဆိုရင် ကျွန်မတို့အားလုံးဟာ သေရတော့မယ်လူတွေဖြစ်နေပြီဆိုတာ ကျွန်မ သိတယ်၊ ဒီတော့ မသေခင် ကျွန်မ တစ်ခုတောင်းဆိုပါရစေ"

စကားကိုဖြတ်ကာ ခေါင်းဆောင်လုပ်သူမျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်၏။ ခေါင်းဆောင်လုပ်သူက

"ဘာတောင်းဆိုမလို့လဲ ... ပြော"

"ဌာနခွဲမှူးကြီးရန်ရဲ့မျက်နှာကိုလည်း ရှင်တို့ထောက်ထားတယ်ဆိုရင် ကျွန်မတို့မသေခင် ကျွန်မသမီးတွေနဲ့ ကျွန်မ တွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါ"



ခေါင်းဆောင်က ခပ်တွေတွေဖြင့် တစ်ချက်စဉ်းစားလိုက်၏။ ထို့နောက် လက်တစ်ချက်ဝှေ့ယမ်းကာ ...

"ဟေ့ သူ့သမီးလေးယောက်ကို ဒီခေါ်ခဲ့ကြစမ်း"

ခေါင်းဆောင်၏ အမိန့်သံအဆုံးတွင် လူနှစ်ယောက်သည် မိန်းကလေးလေးယောက်အား အမေမိုရှိရာခေါ်ဆောင်လာခဲ့လေတော့သည်။

မိန်းကလေးလေးယောက်စလုံး ထိတ်လန့်နေကြသည်။ အကြောက်ကြီးသူများပီပီ ဘာမှမလုပ်တတ်တော့ဘဲ လေးယောက်စလုံး အမေမိုကိုသာ ဖက်ပြီးငိုယိုနေကြ၏။ အမေမိုက မိန်းကလေးများကိုကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာမှမမြင်ရဘူး၊ ဒီမှာခေါင်းဆောင်ကြီး။ ကျွန်မတို့သားအမိတွေမသေခင် နောက်ဆုံးမြင်တွေ့သွားခြင်းအနေနဲ့ မြင်တွေ့ချင်ပါတယ်၊ မီးရောင်လေး တစ်ခါလောက်ဖြစ်ဖြစ် ပြပေးပါရှင်"

ဤတွင် ခေါင်းဆောင်လုပ်သူက စိတ်မရှည်စွာ လက်ကိုဝှေ့ယမ်းရင်း ...

"ဟေ့ ... မီးတိုင်တစ်ခုထွန်းပေးလိုက်ကြစမ်း၊ ကဲ ... အလွမ်းသယ်ချင်ရင်လည်း မြန်မြန်သယ်ကြဗျာ၊ ကြာတယ်"

ခေါင်းဆောင်၏စကားအဆုံး၌ အမေမိုတို့ရှိရာသို့ မီးတိုင်တစ်ခုရောက်ရှိလာပြန်လေသည်။ မီးတိုင်မှ အလင်းရောင်သည် ငယ်ရွယ်နုပျိုလှပသော မိန်းကလေးလေးယောက်၏မျက်နှာပေါ် ယှက်ဖြာကျရောက်သွားသည်။

အမေမို၏ မွေးစားသမီးများဖြစ်သော ဤမိန်းကလေးလေးယောက်သည် နဂိုကပင် ရက်ရက်စက်စက်လှပချောမောသူများဖြစ်ကြ၏။

ယခု လှလှပပ ငယ်ငယ်ရွယ်ရွယ် မိန်းမပျိုလေးများ မီးလင်းရောက်အောက်မှာ သနားစဖွယ်ငိုယိုနေကြသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး မျက်နှာဖုံးစွပ်လူဆိုးများထဲမှ တစ်ယောက်သက်ပြင်းမှုဦးမှုဦးလေးတစ်ချက် ကျိတ်ချလိုက်လေသည်။ အမေမို၏ လှစ်ခနဲနေအောင် ပါးသောနားသည် ထိုသက်ပြင်းချသံကို ကြားဖြစ်အောင် ကြားလိုက်သေး၏။

အမေမို၏စိတ်ထဲတွင်ကျိတ်ပြီး ဝမ်းသာသွားမိ၏။ သူတို့လူစုအသက်ရှင်နေထိုင်ရန် အခွင့်အလမ်းတစ်ခုတော့ပေါ်လာပြီ ဟုတွေးကာ ရင်ထဲ၌ကျိတ်၍ ကျေနပ်နေမိသည်။

သို့သော် မျက်နှာသွင်ပြင်ကမူ ငိုတော့မယောင် ပြုတော့မယောင်ဖန်တီးထားကာ မိန်းကလေးများအား ညှိုးချုံ့စွာစကားပြောနေသည်။

"ရင်ရင် ... သမီးတို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာအပြစ်မှမရှိဘဲ အသတ်ခံကြရတော့မယ်၊ အင်း ... မေမေ့ကြောင့် မေမေ့ကြောင့်ပါကွယ်"

သူမသည် ပြောရင်းမှပင် ခေါင်းဆောင်ဘက်သို့ ရုတ်တရက် လှည့်လိုက်ပြန်၏။

"ကျွန်မဟာ အသက်ကြီးပါပြီ၊ တန်ဖိုးလည်း မရှိတော့ပါဘူး၊ ကျွန်မ သေရမယ်ဆိုရင် သေပျော်ပါပြီ၊ ဒါပေမဲ့ ဒီကလေးမလေးယောက်ဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့သေသွားရမယ်ဆိုရင်တော့ အတော့်ကိုနှမြောစရာကောင်းလှပါတယ်၊ ရှင်တို့အနေနဲ့ သနားသဖြင့် ဒီကလေးမလေးတွေကို အသက်ချမ်းသာပေးပြီး ရှင်တို့နဲ့အတူ ခေါ်သွားကြပါ"

ခေါင်းဆောင်လုပ်သူက ငြိမ်နေသည်။ သို့သော် ကျန်လူများမှာမူ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ အမေမိုက လက်တစ်ဖက်ဝှေ့ယမ်းကာ မိန်းကလေးများအား လှမ်းပြောလိုက်သည်။

"သမီးတို့ ညည်းတို့ကို အမေခွင့်လွှတ်တယ်၊ သွားလိုရာ သွားကြပါ"

မိန်းကလေးများကား အမေမို ဘာဆိုလိုသလဲဆိုသည်ကို ကောင်းစွာနားလည်သည်။ မိန်းမပါးလေးများဖြစ်ကြ၏။

ရင်ရင်အမည်ခံမိန်းမပျိုက ခေါင်းဆောင်လုပ်သူ၏ ခြေအစုံကို သွားဖက် လိုက်သည်။

"ကျွန် ... ကျွန်မတို့ကိုချမ်းသာပေးပါရှင်၊ ကျွန်မ ... ကျွန်မ

အစ်ကိုကြီးကို တစ်သက်လုံးပြုစုပါ့မယ်"

ရင်ရင်က ထိုသို့ခေါင်းဆောင်လုပ်သူအား တောင်းပန်လိုက်သောအခါ ကျန်သောမိန်းကလေးများဖြစ်ကြသည့် လီလီ၊ စီစီနှင့် ဖီဖီတို့သည်လည်း ရင်ရင်နည်းတူ လူဆိုးတစ်ဦးထံသွားပြီး တောင်းပန်နေ၏။

မည်သည့်ယောကျ်ားလေးမဆို မိန်းမလှတစ်ဦးဦးက ဖက်ပြီး အသနားခံတောင်းပန်နေလျှင် မည်သို့ရက်စက်နိုင်တော့မည် နည်း။ လူဆိုးများတွေဝေနေသည်။ ထိုစဉ် အမေမိုက ...

"ရှင်တို့ကသာ ကောင်မလေးတွေကို အသက်ချမ်းသာပေးကြမယ်ဆိုရင် သူတို့က ရှင်တို့ကိုတစ်သက်လုံးပြုစုကြဖို့ ကျွန်မတာဝန်ခံရဲပါတယ်၊ ဒို့အပြင် တစ်ဦးစီမှာလည်း လက်ဝတ်လက်စားရွှေငွေပိသာတစ်ထောင်ဖိုးလောက်စီရှိတယ်၊ အဲဒါတွေအားလုံးလည်း ရှင်တို့ပဲ ပိုင်ဆိုင်ရမှာပါ"

အမေမိုအား ဓားဖြင့်နောက်မှဝင်ပိုင်းခဲ့သူသည် မအောင့်အည်းနိုင်တော့ဘဲ ...

"အစ်ကိုကြီး ဆုံးဖြတ်ချက်တစ်ခုခု ချပေးပါ"

ဟု တောင်းဆိုလိုက်လေတော့၏။

ခေါင်းဆောင်လုပ်သူက ခေါင်းငုံကာ သူ့ခြေထောက်အစုံကို ဖက်တွယ်ထားသော ရင်ရင်အား ငုံ့ကြည့်လိုက်၏။ ရင်ရင်ကလည်း လှပဝိုင်းစက်သော မျက်လုံးရွဲကြီး များဖြင့် သူ့အား အသနားခံသလို



ပြန်မော့ကြည့်နေသည်။ ခေါင်းဆောင်လုပ်သူ၏နှလုံးသားမှာ ရင်ရင်၏အကြည့် မုန်တိုင်းရိုက်ခတ်ခံ လိုက်ရချေပြီ။

ထိုသူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ရင်ရင်ကို ဆွဲထူလိုက်၏။

ခေါင်းဆောင်လုပ်သူက ရင်ရင်ကို ဆွဲထူလိုက်ခြင်းကို မြင်ရသောအခါ ငယ်သားများ သဘောကျစွာ ရယ်မော လိုက်ကြသည်။

ထို့နောက်တွင်မူ မိမိတို့ခြေရင်းတွင်ရှိနေကြသော ကောင်မလေးများကို အသီးသီးဆွဲထူပွေ့ဖက်လိုက်ကြလေတော့၏။ သို့ရာတွင် ထိုအချိန်မှာပင် ...

"အင့်"

ခေါင်းဆောင်လုပ်သူ၏နှုတ်ဖျားမှ မတိုးမကျယ် ညည်းညူသံတစ်ချက် ထွက်ပေါ်လာ၏။ တစ်ဆက်တည်းမှာလည်း သူရော ရင်ရင်ကိုယ်ခန္ဓာပါ ရှေ့သို့ယိုင်ထိုးလဲကျလာကြလေတော့သည်။

လူ အားလုံး ထူးဆန်းသောထိုအခြင်းအရာကို ကြောင်စီစီငေးမောကြည့် ရှုနေမိကြ၏။ ထိုအချိန်မှာပင် အခြားနောက်လိုက်သုံးဦးနှင့် မိန်းကလေးသုံးယောက်တို့သည် ပြိုင်တူလိုညည်းညူလဲကျသွားကြပြန်သည်။

ကျားကလေးက အမေမိုအား မျက်လုံးပြူးမျက်ဆန်ပြူးကြည့်ကာ လှမ်းမေးလိုက်သည်

"သူ ... သူတို့ ဘာ ... ဘာဖြစ်သွားကြတာလဲ မေမေ"

အမေမိုက ...

"ကြည့်ရတာ အခြေအနေမကောင်းဘူး"

နှုတ်မှလည်းအော်ပြောရင်း လူကလည်း ကျားကလေးကို ဆွဲကာ မြေကြီးပေါ်သို့ခန္ဓာကိုယ်နှစ်ခုစလုံးလှိမ့်ချရှောင်တိမ်းလိုက်၏။

မြားတိုနှစ်ချောင်းသည် အမေမိုနှင့်ကျားကလေးတို့ ပထမ ရပ်နေကြသောနေရာသို့ ကျရောက်လာလေသည်။ မူလနေရာတွင် သာဆက်နေလို့ကတော့ မြားမှန်ကာ နှစ်ယောက်စလုံးသေဆုံးကုန်ကြရမည်မှာ သေချာလှ၏။

အမေမို၏အသွင်သဏ္ဌာန်မှာ ယခင်ကနှင့်လုံးဝမတူတော့ပါ။

သူမသည် ကျားကလေးအားဖက်ပြီး လျင်မြန်သွက်လက်စွာ လှုပ်ရှားလှိမ့်ထွက်သွား၏။ တဒင်္ဂမျှသာ ကြာမြင့်သောအချိန်ကလေးအတွင်း ပေနှစ်ဆယ်ခန့်အကွာအဝေးသို့ လှိမ့်ထွက်သွားခြင်းဖြစ်ပေသည်။

အမေမိုသည် အန္တရာယ်နယ်မြေမှ ဝေးလေကောင်းလေဟု ယူဆကာ ခန္ဓာကိုယ်ကိုဆက်လက်ပြီး တစ်ပတ်ပြီးတစ်ပတ် လျင်မြန်စွာ လှိမ့်ကာလှိမ့်ကာ ရွေ့လျားနေ၏။

ထိုသို့လှိမ့်သွားရင်း သွားရင်း အမေမိုနှင့် ကျားကလေးတို့၏ခန္ဓာကိုယ်များသည် တစ်နေရာအရောက်တွင် ရပ်တန့်သွားကြလေတော့၏။ သူတို့၏ခန္ဓာကိုယ်များ ရပ်တန့်သွားကြရသည်မှာ လူတစ် ယောက်၏ခြေထောက်တစ်စုံရှေ့တည့်တည့်တွင်ဖြစ်သည်။



ထိုသူ၏ခြေထောက်အစုံနှင့် မိမိတို့ခန္ဓာကိုယ်များ တိုက်မိတော့မလိုဖြစ်သွားသောအခါ အမေမို၏ရင်ထဲ ထိတ်ခနဲဖြစ်သွားမိ၏။ ထိုသူအား လှည့်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ထိုလူက လေသံတိုးတိုးဖြင့် ...

"မလှုပ်နဲ့ ... ကလေးကို ကျုပ်ဆီပေးလိုက်ပါ"

အမေမိုက ထိုသူသည် မိမိတို့အတွက် ကယ်တင်ရှင်လည်း ဖြစ်နိုင်သည်ဟု နားလည်လိုက်၏။ ထို့ကြောင့် ခန္ဓာကိုယ်ကို လုံးဝမလှုပ်ရှားစေဘဲ ရောက်ရှိနေသည့်နေရာမှာတင် ဝပ်နေလိုက်၏။

ထိုသူက ကျားကလေးကိုကောက်ယူပွေ့ချီကာ ထိုနေရာမှ လျင်မြန်စွာပြေးထွက်သွားလေတော့သည်။ ထိုသူ၏နောက်မှ အရိပ်သုံးလေးခု ထက်ကြပ်မကွာလိုက်ပါသွားပြန်၏။

အမေမိုသည် မြေကြီးပေါ်၌ မလှုပ်မယှက်ဆက်လက် ဝပ်မြဲဝပ်နေ၏။ အမှန်စင်စစ် ရန်သူများအနေဖြင့် ထွက်ပြေးသွားသောအရိပ်သည် သူမဖြစ်သည်ဟုထင်မှတ်ကာ လျင်မြန်စွာ ထိုလူနောက်သို့လိုက်ပါသွားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အမေမိုမှာ အသက်ချမ်းသာရ ရသွားလေတော့၏။

လူအများပြေးလွှားသံ၊ မြင်းလှည်းတစ်စီးမောင်းပြီး ထွက်ခွာသွားသံများ ဆက်တိုက်ပင်ပေါ်လာသည်။

ထို့နောက်တွင်မူ ဝန်းကျင်တစ်ဝိုက်၌ တိတ်ဆိတ်ငြိမ်သက်သွားပြန်လေသည်။

အမေမိုက မြေကြီးပေါ်၌ မလှုပ်မယှက်အနေအထားဖြင့် နာရီဝက်ခန့် ငြိမ်သက်နေသည်။ ပတ်ဝန်းကျင်၌ လူသူတစ်စုံတစ်ယောက်မျှ မရှိမှန်းသေချာစွာသိမှ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်ကာ ထထိုင်လိုက်သည်။

ဒဏ်ရာရထားသောလက်မောင်းကို ယခုအခါကျမှ ပတ်တီးစည်းခြင်းပြုလုပ်နိုင်တော့သည်။ ပတ်တီးစည်းရင်းမှ သူမသည် အံတစ်ချက်ကြိတ်၍ ...

"ဟင်း ... ဒါ သက်သက် ငါ့အပေါ်လာစော်ကားတာပဲ၊ သင်းတို့ ငါ့အကြောင်း တစ်နေ့သိစေရမယ်"

ဟု ရေရွတ်ကြိမ်းဝါးလိုက်၏။ ထိုစဉ် ...

'ဗွစ်'

ဟူသောမြည်သံတစ်ချက်ထွက်ပေါ်လာလေသည်။ လွန်စွာကိုယ်ဖော့ပညာစွမ်းအင်ထက်မြက်သော လူတစ်ယောက်ပြေးလွှားနေသည့်အသံဖြစ်၏။ အမေမို၏မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားချေပြီ။ မတတ်သာသည့်အဆုံး အန္တရာယ်ကိုထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရန် ဆုံးဖြတ်ရလေတော့၏။

သို့ဖြင့် သူမက အံကိုတင်းတင်းကြိတ်ကာ လက်နက်ပုန်းငွေအပ်ကလေးများကို လျှပ်တစ်ပြက်ထုတ်ယူပြီး လက်ထဲ၌အသင့်



ဆုပ်ကိုင်ထားလိုက်လေတော့သည်။

အစစအရာရာပြင်ဆင်ပြီးနောက် ရောက်ရှိလာသူကို မော့ကြည့်လိုက်သည်။ သူမ၏မျက်လုံးအစုံမှာ ဝိုင်းစက်သွားရပြန်၏။

ယခု သူမ၏ရှေ့တည့်တည့်၌ရောက်ရှိနေသူသည် တခြားလူမဟုတ်ပါ ... လီဝိန်ဝိဖြစ်၏။ အမေမိုသည် လီဝိန်ဝိအားတွေ့လျှင်တွေ့ချင်း ဒေါသတကြီး အော်ဟစ်ရန်တွေ့လေတော့၏။

"လီဝိန်ဝိ ... ရှင်ဟာ တော်တော်ရက်စက်ယုတ်မာတဲ့လူပဲ၊ ကျွန်မတို့ကို အကူအညီတစ်ဖက်ကပေးမလိုလိုနဲ့ တစ်ဖက်က လူလွှတ်ပြီးသတ်ခိုင်းတာ ဘာသဘောလဲ"

အမေမိုက ဒေါသတကြီးစွပ်စွဲပြောဆိုနေသည်။ သို့သော် လီဝိန်ဝိကမူ ခပ်အေးအေးပင်ဖြစ်၏။ သူက လက်ကလေးကို အေးဆေးစွာကာပြရင်း ...

"အမေမို ... ခင်ဗျားဘာတွေလာပြောနေတာလဲ၊ ကျုပ်သာ ခင်ဗျားတို့ကိုသတ်ချင်တယ်ဆိုရင် တခြားလူလွှတ်ပြီး သတ်ခိုင်းဖို့လိုသေးသလားဗျာ"

မှန်ပါသည်။ လီဝိန်ဝိတတ်ထားသော သိုင်းပညာအဆင့်အနေဖြင့်ပြောရလျှင် အမေမိုတို့လူစုအား အသာကလေးသတ်ပစ်နိုင်သည့်အခြေအနေတွင် ရှိနေသည်မဟုတ်ပါလား။

အမှန်စင်စစ် လီဝိန်ဝိသည် အခြားလူငှားလွှတ်ကာ သတ်ခိုင်းဖို့လောက်ကိုစဉ်းစားသူမဟုတ်ပါချေ။ မည်သို့ဆိုစေ အမေမို မှာ

လီပိန်ဝိ၏စကားကို နားထောင်ရင်း စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေမိလေသည်။

ထိုစဉ် လီပိန်ဝိက ကျားကလေးအကြောင်းကို မေးမြန်းလိုက်၏။

"အမေမို ကျားကလေးရော ... ဒီကောင်လေး ဘယ်ကိုပြေးထွက်သွားတာ တွေ့လိုက်ရလဲ"

အမေမိုက ...

"သူ့ကို လူတစ်ယောက်က ပွေ့ချီကယ်ထုတ်သွားတယ်"

လီပိန်ဝိသည် ကျားကလေးအား လူတစ်ယောက်က ကယ်ထုတ်သွားသည်ဟု ကြားသိရသောအခါ စိတ်ထဲ၌ကျိတ်ပြီး စိုးရိမ်သွားမိသည်။ သို့သော် နှုတ်ကမူထုတ်မပြောပါ။ လီပိန်ဝိက ခေါင်းခါယမ်းလိုက်၏။

ယို့နောက်တွင်မူ ... သူသည် အမေမိုအားခေါ်ကာ ထိုနေရာမှ နှစ်ယောက်အတူ ထွက်သွားကြလေတော့သည်။

✢ ✢ ✢





## အခန်း (၁၉)

ကျားကလေးအား ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်လို ပွေ့ချီခေါ်ယူသွားသူသည် လိုအပ်သော ခရီးစဉ်မရောက်မချင်း ကျားကလေးကို ချီကာပြေးလွှားနေခဲ့၏။

စပြီး ပြေးထွက်လာစဉ်ကမူ လူတချို့အော်ဟစ်လိုက်ပါလာခဲ့သေး၏။ သို့သော် ထိုသူက လျင်မြန်လွန်းသောအရှိန်မြင့်တစ်ဟုန်ထိုး ပြေးထွက်သွားသောအခါ လိုက်လာသူများမှာ မျက်ခြည်ပြတ်ကျန်ရစ်ခဲ့ကြရလေတော့၏။

ထိုသူသည် ရန်သူလိုက်ပါမလာနိုင်သည်ကို တွေ့ရသောအခါ မူလဦးတည်သွားနေသော အရပ်မျက်နှာကိုပြောင်းကာ တောင်သုံးလုံးကို ဖြတ်ကျော်လိုက်ပြန်သည်။

တောင်သုံးလုံးကို ကျော်ဖြတ်ပြီးနောက် တောင်တွေကြားမှ တောင်ကတုံးတစ်ခုပေါ် ရောက်ရှိလာပြန်လေတော့၏။ တောင်ကတုံးပေါ်အရောက်တွင် ထိုသူသည် ကျားကလေးအား လက်မှချပေးလိုက်သည်။

ကျားကလေးမှာ ထိုသူ၏ရင်ခွင်ထဲမှတစ်ဆင့် အောက်သို့

ကျလာသည်။ သူ၏ဦးခေါင်းတစ်ခုလုံးမှာမူ ပြေးလွှားလှုပ်ရှားလာရမှုကြောင့် ခေါင်းများ မှုးဝေနောက်ကျိနေလေသည်။

မြေကြီးပေါ် ခြေနှစ်ဖက်မြဲမြဲရပ်မိသည်နှင့် ကျားကလေးက ဦးခေါင်းကိုမော့ကာ သူ့အားကယ်တင်လာသူကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။

ကျားကလေးအား ကယ်တင်လာသူမှာ အသက်သုံးဆယ်အရွယ်ခန့်ရှိပြီဖြစ်သည်။ ခန္ဓာကိုယ်ရှည်သွယ်သည်။ အပြာရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။ ထိုသူ၏မျက်နှာမှာ အသားရောင်ဖြူဖွေးသည်။

ကျားကလေးမှာ ပြူးကျယ်ဝိုင်းစက်သောမျက်လုံးများဖြင့် ထိုသူအား မျက်တောင်မခတ်စတမ်း ငေးကြည့်နေမိ၏။ သူ၏နှလုံးသွေးများလည်း လျင်မြန်လွန်းစွာ ခုန်နေသည်။ သူ့စိတ်ထဲမှာ ကျိတ်၍ ...

"အင်း ... ဒီ ... ဒီလူဟာ လီပိန်ဝိက ငါ့ကိုမဟုတ်မဟတ် လုပ်ကြံပြောခိုင်းတဲ့ လူသတ်သမားမဟုတ်ဘဲ လူသတ်သမားအဖြစ် အစွပ်စွဲခံနေရသူဖြစ်တယ်၊ သူသာ ဒီအကြောင်းတွေ သိပြီးနေရင်တော့ ဒုက္ခပဲ"

ဟု စိုးရိမ်စွာတွေးနေမိ၏။ ကျားကလေးမှာ ကိုယ်အတွေးနှင့်ကိုယ် အထိတ်ထိတ်အလန့်လန့်ဖြစ်နေသည်။ ထိုသူအား ကျေးဇူးတင်စကားပြောရန်ပင် မေ့လျော့နေမိသည်။



ထိုစဉ် ... အပြာရောင်အင်္ကျီရှည် ဝတ်ဆင်ထားသူသည် တစ်ချက်ပြုံးလိုက်၏။ ထို့နောက် ကျားကလေး၏ ပခုံးကိုလက်ဖြင့် အသာပုတ်လိုက်ကာ ...

"မင်းက ကျားကလေး မဟုတ်လား"

ကျားကလေးက ခေါင်းညိတ်ပြလိုက်၏။ နှုတ်မှလည်း ...

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် ကျားကလေးပါ"

ထိုမျှသာဖြေဆိုပြီးနောက် ကျားကလေးမှာ သူ့အတွေးနှင့်သူ ငေးငေးငိုင်ငိုင်ဖြစ်နေပြန်၏။ အင်္ကျီပြာဝတ်ထားသူသည် ကျားကလေးအားမေးခွန်းတချို့မေးလိုဟန်လက္ခဏာရှိသည်။ သို့သော် ကျားကလေးက ခပ်ငိုင်ငိုင်ဖြစ်နေပုံကိုတွေ့ရသောအခါ စိတ်ကူးတစ်မျိုးပြောင်းသွား၏။

သူသည် ကျားကလေးအား ခပ်ပြုံးပြုံးကြည့်ကာ ...

"ကဲ ... ကျားကလေး မင်း ဒီမှာခဏစောင့်နေဦး၊ ငါ မင်းအမေရဲ့အခြေအနေကို သွားကြည့်လိုက်ဦးမယ်၊ ပြီးရင် ဒီပြန်လာခဲ့မယ်"

ပြောပြောဆိုဆိုဖြင့် ထိုနေရာမှ လှစ်ခနဲလျင်မြန်စွာ ထွက်ပြေးသွားပြန်သည်။ ကျားကလေးက သက်ပြင်းတစ်ချက်ချလိုက် ၏။ သူ့စိတ်ထဲမှာလည်း ...

"အင်း ... ဒီလူတော့ သွားပြီ၊ ငါက တခြားလူတစ်ဦးကို သူ့အကြောင်း မကောင်းပြောထားခဲ့တာ သူ မသိသေးဘူး၊ တော်

ကြာ လှည့်ပတ်မေးနေရင် ဒီအကြောင်းကပေါ်လာတော့မှာ ဒါဆို ငါ သက်သာမှာမဟုတ်ဘူး၊ မဖြစ်ဘူး သူ့မပြန်ခင် လစ်မှ"

ထိုသို့စဉ်းစားမိလိုက်သည်နှင့်တစ်ပြိုင်နက် သူသည် ထိုင်နေရာမှ ကမန်းကတန်းထရပ်ကာ ထိုနေရာမှ လစ်ထွက်လာခဲ့လေတော့သည်။

✢

ကျားကလေးလစ်ထွက်လာခဲ့သည်မှာ အတော်ကြာပေပြီ။ အမှန်တော့ သူသည် အရပ်မျက်နှာမသိဘဲ ရမ်းသမ်းမှန်းတန်းပြီး လျှောက်သွားနေမိခြင်းဖြစ်၏။ သူ၏စိတ်ဆန္ဒမှာ တစ်ခုတည်းရှိသည်။ ယင်းမှာ အပြာရောင်အင်္ကျီရှည်ဝတ်ဆင်ထားသူနှင့် ဝေးနိုင်သမျှဝေးရာ လျှောက်သွားလိုသောဆန္ဒသာဖြစ်၏။

သူသည် မရပ်မနား ဆက်ပြီးလျှောက်သွားနေသည်။ နားခြင်းမရှိ၊ ရပ်တန့်ခြင်းမရှိဘဲ သွားနေ၏။ နောက်ဆုံး၌ သူ့ခြေထောက်နှစ်ဖက်စလုံးမှာ လုံးဝရှေ့ဆက်လျှောက်လှမ်း၍မရတော့နိုင်လောက်အောင်ဖြစ်လာ၏။ ကျားကလေး လွန်စွာမောပန်းနွမ်းနယ်နေချေပြီ။

ထိုအခါကျမှ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်လိုက်သည်။ ထိုသစ်ပင်ကြီး၏ ပင်စည်ကိုမှီကာ အနားယူလိုက်သည်။



ကျားကလေးမှာ လွန်စွာပင်ပန်းနွမ်းနယ်နေသည်ဖြစ်ရာ သစ်ပင်ကြီးကိုမှီရင်းပင် အိပ်ပျော်သွားရလေတော့၏။ သူသည် နှစ်ခြိုက်စွာ အိပ်မောကျသွားခြင်းဖြစ်၏။

သူနိုးလာသောအခါ နေသည်သူ၏ဦးခေါင်းတည့်တည့်တွင်ရောက်ရှိကြောင်းတွေ့လိုက်ရ၏။ မွန်းတည့်နေ၏။ အလင်းတန်းများသည် တောတစ်တောလုံးအပေါ်သို့ ထိန်လင်းစွာကျရောက်နေ၏။

သူသည် တစ်ညလုံးပြေးလွှားလှုပ်ရှားလာခဲ့ရသဖြင့် ယခုနိုးလာသောအခါ အလွန်တရာဆာလောင်သော ဝေဒနာကိုခံစားရသည်။ အဆာပြေစားသောက်ရန် သစ်သီးသစ်ဖုများဖြစ်ဖြစ် တစ်ခုခုတော့ရှာဖွေပေးဦးမှဖြစ်ပေမည်။ ထိုအတွေးနှင့်အတူ သူသည် ထိုင်ရာမှထရပ်လိုက်၏။ ထို့နောက် ခြေဦးတည့်ရာတစ်လှမ်းခြင်း လျှောက်လှမ်းလိုက်မိသည်။

သစ်သီးဝလံများရှာဖွေရန် လျှောက်သွားနေစဉ် သူ့နှာခေါင်းထဲသို့ အသားကင်နံ့တစ်ခုတိုးဝင်လာသည်။ မွှေးကြိုင်သော အသားကင်နံ့။

ကျားကလေးမှာ ထိုအသာကင်နံ့ကြောင့် ဗိုက်ပိုပြီးဆာလောင်သယောင် ခံစားရ၏။ ရနံ့ထွက်ပေါ်လာရာအရပ်သို့ သူ့ခြေလှမ်းများကလှမ်းမှန်းမသိ လှမ်းသွားနေမိသည်။ ခြေလှမ်းဆယ်လှမ်းခန့်လှမ်းလာပြီးသောအခါ တောင်စွန်းတစ်ခုအကွယ်သို့

ရောက်သွားသည်။

ထိုတောင်စွန်း၏ ဆင်ခြေလျှောမြေပြင်ညီတွင် လက်ဝဲဘက်သို့ထိုးထွက်နေသော ကျောက်တုံးကြီးတစ်ခုရှိသည်။ ထိုကျောက်တုံးကြီးကို အကာအကွယ်ယူကာ လူတစ်ယောက်သည် တောကြက်တစ်ကောင်ကို မီးမွှေးပြီးကင်နေ၏။

ထိုသူသည် ကျားကလေးအား ကျောခိုင်းလျက်အနေအထားဖြင့် အသားကင်နေခြင်းဖြစ်သည်။ ကြက်ကင်ရနံ့သည် ထိုနေရာမှ လှိုင်သင်းစွာထွက်ပေါ်လာသည်။

အနံ့ခံအာရုံကို ကလိနေသည်။ ဆာလောင်မွတ်သိပ်မှု သည် ဝိုမိုပြင်းပြလာတော့၏။ ကျားကလေးပါးစပ်မှ အသားကင်နံ့ ကြောင့် လျှာတပြင်၊ နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်လာလေတော့သည်။

သူသည် နှုတ်ခမ်းကိုလျှာဖြင့်ပွတ်သပ်လိုက်၏။ တံတွေးတစ်ချက်ဂလုခနဲမျိုချလိုက်သည်။ ခြေလှမ်းများကမူ အသားကင်နေသူရှိရာသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားမိနေချေပြီ။

ယခုအချိန်၌ အသားကင်လေးတစ်ဖဲ့တလေ တောင်းစားရမည့်အလုပ်ကို ကျားကလေးမရှက်နိုင်တော့ပါ။ ထိုသူ၏ နောက်ကျောကို တဖြည်းဖြည်းချဉ်းကပ်သွားကာ လေသံတိုးတိုးဖြင့် ...

"ဦး ... ဦးလေး"

ကျားကလေးက ခပ်တိုးတိုးခေါ်လိုက်သည်။ ထိုသူက လှည့် မကြည့်ပါ။



သို့သော် လှည့်မကြည့်သော်လည်း ကျားကလေး၏ခေါ်သံကိုကြားသည်နှင့် ကိုယ်ကိုပြန်မလှည့်ဘဲ ညာဘက်လက်ဖြင့်သာ ကြက်ကင်တစ်ခြမ်း နောက်ပြန်လှမ်းပေးလိုက်၏။

ကျားကလေးက ကြက်ကင်ကို လျင်မြန်စွာယူပစ်လိုက်သည်။ သူ၏နှုတ်မှ ...

"ကျေးဇူးတင်ပါတယ်"

ဟူသော လောကဝတ်စကားကိုဆိုပြီးနောက် ကြက်ကင်ကို အငမ်းမရစားလေတော့၏။ ဆာဆာနှင့်အားပါးတရဝါးမျို စားသောက်ပစ်လိုက်ခြင်းဖြစ်သည်။ တစ်ခဏအချင်းမှာပင် ကြက်ကင်ခြမ်းက တက်တတ်ပြောင်သွားလေတော့၏။

ကျားကလေးက ထိုသူအား ဒုတိယအကြိမ် ...

"ကျေးဇူးတင်ပါတယ် ဦးလေးခင်ဗျာ"

ဟုပြောဆိုကာ နောက်သို့လှည့်ကာ ထွက်လာ၏။ သို့သော် ကျားကလေးက ခြေလှမ်းနှစ်လှမ်းခန့်သာ လှမ်းရရုံရှိသေး၏။ ရုတ်တရက် ...

"မင်းက သူများကျွေးတာစားပြီး ပါးစပ်ကလေးနဲ့ ကျေးဇူးစကားဆိုရုံနှင့် ပြီးသွားရောလား"

ထိုသူက ကျားကလေးအား လှမ်းပြောလိုက်ခြင်းဖြစ်၏။ ကျားကလေး၏ခန္ဓာကိုယ်မှာ ထိုသူ၏စကားကြောင့်ပြန်လှည့်လာသည်။

ဤတွင် ထိုသူကလည်း ကျားကလေးရှိရာ ခွေးကိုယ်လှည့်လိုက်သည်နှင့်ဆုံမိလေတော့၏။ ထိုသူနှင့် မျက်နှာချင်းဆုံမိသည်နှင့် ...

"အား"

ကျားကလေး၏နှုတ်မှ ထိတ်လန့်တကြားအော်ဟစ်သံတစ်ချက်ထွက်ပေါ်သွားသည်။ လူကလည်း နောက်သို့လှည့်ကာ ထွက်ပြေးလေတော့၏။ ကျားကလေးခမျာ ရင်တုန်ပန်းတုန်ဖြင့် ထွက်ပြေးရခြင်းဖြစ်၏။

အကြောင်းမှာ ထိုသူ၏မျက်နှာသည် တကယ့်ကိုကြောက်စရာ လန့်စရာကြီးဖြစ်သည်။ ထိုသူ၏ ပါးစပ်၌ နှုတ်ခမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိပါ။ အထက်လန်၊ အောက်လန်ဖြစ်နေသော နှုတ်ခမ်းနှစ်လွှာကြားမှ သွားတန်းကြီးများသည် ငေါထွက်ပေါ်လွင်နေ၏။ နှာခေါင်းမှာလည်း ဖီဖီပြင်ပြင်မရှိလှပါ။ နှာတံမှာလည်း နှာရိုးဟူ၍မရှိဘဲ မည်းမည်းသဏ္ဌာန်အပေါက်နှစ်ပေါက်သာ ရှိနေသည်။ နားရွက်နှစ်ဖက်လည်း မရှိပါ။ မျက်နှာတစ်ခုလုံး၌ မျက်လုံးနှစ်လုံးသာ ပကတိအကောင်းအတိုင်း တည်ရှိနေ၏။ လူမျက်နှာဟူ၍ မဆိုနိုင်လောက်အောင် ရုပ်ဆိုးအကျည်းတန်လွန်းလှသည်။

ကျားကလေးမှာ ခြေတစ်လှမ်း နှစ်လှမ်းခန့်သာပြေးလွှားရသေးသည်။ ထိုသူက တစ်ချက်အော်ဟစ်ကာ လှုပ်ရှားလိုက်၏။ ရိပ်ခနဲ လှုပ်ရှားလိုက်ရုံနှင့် ထိုသူ၏လက်တစ်ဖက်သည် ကျားကလေး

ဝ



၏လည်ကုပ်ကိုဖမ်းဆွဲမြှောက်ထားပြီးသားဖြစ်နေလေတော့၏။ ကျားကလေးမှာ လေထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေရပြန်လေသည်။ ထိုသူက ...

"ဟေ့ ချာတိတ် ... မင်းက ငါ့ကြက်ကင်စားပြီး ပါးစပ်က ကျေးဇူးတင်ပါတယ်ပြောရုံနဲ့ ပြီးမယ်ထင်လို့လားကွ"

ကျားကလေးအားဆွဲကိုင်မြှောက်ထားရင်း ထိုသူက ကြိမ်းမောင်းပြောဆိုလိုက်သည်။ ကျားကလေးသည် လေထဲတွင် ယက်ကန် ယကန်ကန်ဖြစ်နေရာမှ ...

"ဦးကြီး ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကိုအောက်ချပေးပါ ... ဖမ်းမထားပါနဲ့၊ ကြက်ကင်ဖိုးငွေ ကျွန်တော် ပေးပါ့မယ်"

"ဘာကွ ... ဟား ဟား ... ကျလည်းကျတဲ့ကောင်ပါလား၊ မင်းငွေကို ငါက ဘာလုပ်ရမှာလဲ"

ကျားကလေးက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ...

"ငွေမလိုချင်ဘူး ... ဟုတ်လား ... ဒါဆို ဘာလိုချင်လို့လဲ"

ထိုသူ၏မျက်နှာမှာ လေးနက်တည်ကြည်သွားသည်။

"ဒီမှာ ဟေ့ကောင်လေး ... မင်း ငါပြောတာ သေသေချာချာ နားထောင်စမ်း၊ မင်း ငါခိုင်းတဲ့အလုပ် လုပ်ပေးမလား ... ဒါဆို မင်းကိုအောက်ချပေးမယ်"

ကျားကလေးမှာ လောလောဆယ် လေထဲမှာ တန်းလန်း

ကြီးဖြစ်ကာ ကသိကအောက်နေရခြင်းအား လွန်စွာအနေခက်နေရှာသည်။ ထို့ကြောင့် မဆိုင်းမတွပင် ကတိပေးလိုက်လေသည်။

"လုပ်ပေးပါမယ်ဗျာ၊ ကျွန်တော်လုပ်ပေးဖို့ ကတိပေးပါတယ်၊ ကျွန်တော့်ကိုသာ အောက်ကိုချပေးပါ"

"ဟိတ်ကောင် ... မင်း ကတိတည်ရမယ်နော်"

"စိတ်ချပါ"

ကျားကလေး၏ ကတိစကားကိုကြားရပြီးတော့မှ ထိုလူထူးလူဆန်းသည် ကျားကလေးအား မြေကြီးပေါ်သို့ချပေးလိုက်၏။

ထို့နောက် ထိုသူက မျက်နှာဖုံးတစ်ခုထုတ်ယူလိုက်ပြီး သူ၏မျက်နှာပေါ်တွင် စွပ်ထားလိုက်သည်။ ထိုအခါကျမှ ကျားကလေးမှာ အကြောက်ပြေကာ နေသာထိုင်သာရှိသွားလေသည်။ ထိုသူက ...

"ကဲ ... မင်း ငါခိုင်းတာကို လုပ်ပေးမယ်ဆိုရင် ခုချိန်ကစပြီး ငါ့နောက် လိုက်ခဲ့ပေတော့"

ကျားကလေးမှာ မငြင်းဆန်သာပါ။ ထိုသူခေါ်ရာနောက်သို့သာ လိုက်ပါသွားရလေတော့၏။

+ + +



## အခန်း (၂၀)

ထူးဆန်းသောမျက်နှာပိုင်ရှင်သည် ကျားကလေးအား သူ့နောက်မှလိုက်ရန်ပြောပြီးနောက် သူက ရှေ့မှဦးဆောင်ကာ လျှောက်လှမ်းသွားနေ၏။ ကျားကလေးက နောက်မှစိုက်လိုက်မတ်တတ် လိုက်ပါလာရသည်။

နှစ်ယောက်သား သွက်လက်စွာလျှောက်လှမ်းလာကြရင်းမှ တစ်နေရာသို့အရောက်တွင် ထိုသူက ကျားကလေးဘက်သို့ လှည့်လိုက်၏။

"ဟေ့ ချာတိတ် ... မင်းနာမည် ဘယ်လိုခေါ်လဲကွ"

"ကျွန်တော့်နာမည် ကျားကလေးပါ ဦး"

ကျားကလေးက တရိုတသေ ဖြေဆိုလိုက်သည်။ ထိုသူက ခေါင်းတစ်ချက် ဆတ်ခနဲညိတ်၍ ...

"အင်း ... မင်းဟာ ငါတွေ့ဖူးသမျှထဲမှာတော့ တော်တော်သတ္တိကောင်းတဲ့ကလေးပဲ၊ အင်းလေ ... သတ္တိကောင်းလို့လည်း ခုလိုတစ်ယောက်တည်း အဖော်မပါ,ဘာမပါနဲ့ တောနက်ကြီးထဲမှာ လျှောက်သွားနေရဲတာ နေမှာပေါ့"

ထူးဆန်းသောမျက်နှာပိုင်ရှင်က ကျားကလေးအား ချိုးမွမ်းစကားပြောဆိုနေ၏။ ကျားကလေးကမူ ထိုသူအားခေါင်းယမ်းပြလိုက်သည်။

"သတ္တိကောင်းလွန်းလို့တော့ မဟုတ်ပါဘူး၊ လူတချို့က ကျွန်တော့်ကိုလိုက်သတ်နေလို့ထွက်ပြေးရင်း ခုလိုရောက်လာရတာပါ"

ကျားကလေး၏စကားကြောင့် ထိုသူမှာ ကြောင်အမ်းအမ်းဖြစ်သွားရသည်။ သူသည် ကျားကလေးအား တအံ့တသြကြည့်လိုက်ရင်း

"ဘာလဲ ... သူတို့က မင်းအဖေ့အမေကိုသတ်ပြီး မင်းကိုပါ မြေလှန်အမြစ်ဖြုတ်ပစ်ဖို့ လိုက်နေကြတာလား"

ထူးဆန်းသောမျက်နှာပိုင်ရှင်က ကျားကလေးအား သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြရင်း မေးမြန်းလိုက်သည်။ ကျားကလေးက ထိုသူအား ခေါင်းခါယမ်းပြလိုက်၏။

"မဟုတ်ဘူး ဦး ... ကျွန်တော့်မှာ အဖေရော့အမေရော မရှိကြတော့ဘူး၊ ကျွန်တော်က ခြေသလုံးအိမ်တိုင်သမား၊ တစ်ကောင်ကြွက် မိမဲ့ဖမဲ့ လမ်းပေါ်က ကောင်လေးတစ်ဦး ဖြစ်ပါတယ်"

ထိုသူ၏ခြေလှမ်းများ ရပ်တန့်သွားကြပြန်သည်။ ကျားကလေးအား သေသေချာချာပင် ငေးကြည့်နေသည်။ အတန်ကြာငေးကြည့်နေပြီးမှ ...





"လမ်းပေါ်က ကောင်လေး ... ဟုတ်လား၊ ဒီလိုဆိုတော့ မင်းက တေလေဂိုဏ်းသားတစ်ဦးပေါ့"

ကျားကလေးက ခေါင်းခါယမ်းပြလိုက်သည်။

"အဲ့ဒါလည်းမဟုတ်ဘူး၊ ကျွန်တော်က မွေးစားအမေနဲ့ တူတူနေတယ်"

"ဘာရယ် ... မင်းလို လမ်းပေါ်ကချာတိတ်လေးကို မွေးစားတဲ့လူရှိသေးတယ် ... ဟုတ်လား"

ယခုအခါ မေးမြန်းလိုက်သော စကားလုံးများထဲတွင်မူ သံသယမကင်းသော အရိပ်အငွေ့များရောစွက်ပါဝင်နေလေသည်။

ကျားကလေးမှာ ထိုသူက သူ့အကြောင်းအား စိတ်ဝင်စားစွာမေးမြန်းနေ၍ ကျိတ်ပြီးဝမ်းသာနေမိသည်။ ထူးဆန်းသောမျက်နှာပိုင်ရှင်က သူ့အပေါ်တစ်စထက်တစ်စ ယုံကြည်ရင်းနှီးလာအောင်စည်းရုံးနိုင်ခဲ့လေသည်။ တကယ်လည်း ကျားကလေးမှာ ထိုသူအား ယုံကြည်စိတ်ဝင်စားနေမိသည်။ စကားပြောကြည့်သောအခါမှာ ရုပ်ဆိုးသလောက် စိတ်သဘောထားမဆိုးကြောင်း ကောက်ချက်ချနေမိ၏။

ကျားကလေးသည် ထိုသူအပေါ် ယုံကြည်လေးစားမိသည်နှင့်အမျှ ထိုသူအား သူ့ဘဝအဖြစ်အပျက်အလုံးစုံကို အစဆုံးပြန်လည်ပြောပြလိုက်မိလေတော့သည်။ ကျားကလေးပြောသမျှ တစ်လုံး တစ်ပါဒမျှ ဝင်မထောက်ဘဲ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်

နေ၏။ စကားဆုံးသောအခါ ကျားကလေးအပေါ် သနားကရုဏာသက်သောလေသံဖြင့် ...

"အင်း ... မင်းဟာ အသက်ငယ်ငယ်လေးနဲ့ ဒုက္ခအများကြီးရောက်ခဲ့ရတဲ့သူပါလား"

ကျားကလေးမှာ ထိုသူ၏ ကရုဏာအငွေ့အသက်ပါရှိသော စကားလုံးများကို ကြားလိုက်ရသောအခါ ပိုပြီးလေးစားခင်မင်လာမိ၏။ သူ့ကိုယ်သူလည်းပိုပြီး သနားလာမိသည်။ ခေါင်းငိုက်စိုက်ချ၍ လျှောက်လှမ်းလာမိတော့သည်။

သူတို့နှစ်ယောက်သည် စကားဟပြောပြောဖြင့် လျှောက်လှမ်းလာရင်းမှ ချောက်ကမ်းပါးတစ်ခုအနားသို့ရောက်သွားကြ၏။

ချောက်ကမ်းပါးအနားသို့ရောက်သွားကြသောအခါ ထိုသူက စကားမပြောတော့ဘဲ ငြိမ်သက်စွာစဉ်းစားနေသည်။ ကျားကလေးကမူ ချောက်ကမ်းပါးအနားသို့တိုင် အနီးကပ်လျှောက်မသွားဘဲ ချောက်ကမ်းပါးထိပ်တည့်တည့်မှ ခေါင်းကိုငုံ့ပြီး အောက်ခြေကြည့်လိုက်၏။ ချောက်ကမ်းပါးအောက်ခြေတွင် မည်သည့်အရာကိုမျှမမြင်ရပါ။ ဖြူဖွေးသောမြူမှုန်များဖြင့်သာ ဖုံးအုပ်နေသည်ကိုတွေ့လိုက်ရ၏။

ကျားကလေးက ချောက်ကမ်းပါးထိပ်မှရပ်ကာ အောက်သို့ ငုံ့ကြည့်နေမိစဉ်မှာပင် ချောက်ကမ်းပါးထဲမှ အလွန်အေးသောလေများသည် အပေါ်သို့လိမ့်တက်လာကြလေတော့သည်။



ကျားကလေးမှာ တိုက်ခတ်သွားသော လေအေးများကြောင့် တစ်ကိုယ်လုံးသိမ့်ခနဲဖြစ်သွားကာ ကြက်သီးတဖြန်းဖြန်းထသွားသည်။ သူသည်နောက်သို့အမြန်ဆုံးဆုတ်လိုက်ရလေသည်။

ထိုအခိုက် ထူးဆန်းသောမျက်နှာပိုင်ရှင်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ငါ မင်းကို ဒီတောရဲ့အပြင်ဘက် ပြန်ပို့ပေးမယ်"

ထိုသူ၏စကားကြောင့် ကျားကလေးမှာကြောင်စီစီဖြစ်သွားမိသည်။ ထိုသူအား နားမလည်နိုင်သလိုဖြစ်ကာ ...

"ဦး ခုနကပြောတော့ ကျွန်တော့်ကို အလုပ်တစ်ခု ခိုင်းမလို့ဆို"

ထိုသူက ဒုတိယအကြိမ် သက်ပြင်းတစ်ချက်ရှိုက်ထုတ်လိုက်ပြန်သည်။

"အင်း ... မင်းဟာ တော်တော့်ကိုသနားစရာကောင်းတဲ့ကလေးဖြစ်နေတယ်၊ ငါ မင်းကို သနားသွားပြီ၊ ငါ့အလုပ်နဲ့ ပတ်သက်ပြီး မင်းကိုမခိုင်းရက်တော့ဘူး"

ကျားကလေးက ခေါင်းယမ်းပြရင်း ...

"ဦးကြီးဆိုလိုတဲ့အဓိပ္ပာယ် ကျွန်တော်နားမလည်ဘူး"

ထိုသူက အေးဆေးစွာဖြင့် ...

"မင်းကို ထိခိုက်နစ်နာမှုမဖြစ်စေချင်တော့ပါဘူးလေ"

ထိုသူ၏ ထူးဆန်းသောစကားကို ကျားကလေးက တစ်မျိုး

တွေးသည်။ ထို့ကြောင့်လည်း မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ပြန်မေးနေမိ၏။

"အို ... ဒါဆို ခင်ဗျားက ကျွန်တော့်ကို ဒုက္ခပေးမလို့ပေါ့ ဟုတ်လား။ ခင်ဗျားနဲ့ကျွန်တော် ဘာရန်ငြိုးမှမရှိဘဲ ဘာလို့ ဒီလိုလုပ်ရတာလဲဗျာ"

ကျားကလေးက နားမလည်စွာမေးလိုက်၏။ ထိုသူက ခပ်ယဲ့ယဲ့တစ်ချက်ပြုံးလိုက်သည်။

"အခု ... ငါစိတ်ကူးပြောင်းသွားပြီလေကွာ၊ ဒါတွေပြောမနေနဲ့တော့ ငါမင်းကို ဒီတောရဲ့အပြင်ဘက်ကို ပြန်ပို့ပေး မယ်၊ ဒါဆို ပြီးတာပဲ မဟုတ်လား"

ကျားကလေးက ထိုသူအား အကဲခတ်သလိုတစ်ချက်ကြည့်လိုက်၏။

"ဦးအလုပ်က အန္တရာယ်ကြီးလို့လား"

"အင်း ... အန္တရာယ်များတယ်၊ ဒါပေမဲ့ ကံကောင်းရင် လည်း ဘာမှမဖြစ်နိုင်ပါဘူး"

ထိုသူဖြေဆိုပုံက မတင်မကျဖြစ်နေ၏။ ကျားကလေးက

"ဒီအလုပ်ဟာ အန္တရာယ်သိပ်ကြီးတယ်ဆိုင် ဦးအတွက် အကျိုးသိပ်ရှိလို့ဘာနေရမယ်"

ကျားကလေး မေးပုံကို သဘောကျသည့်ဟန်ဖြင့် ထိုသူက ရယ်မောလိုက်၏။





"ဟား ဟား ဟား ... အကျိုးရှိတာတော့ကွာ ပြောမနေနဲ့တော့၊ ဒါတွေသာ အောင်မြင်လို့ကတော့ ကျားကလေးရေ တို့တစ်တွေ သူဌေးကြီးဖြစ်ဖို့သေချာနေပြီ၊ သိုင်းပညာအရာမှာ ငါ့ထက်တော်ပါတယ်ဆိုတဲ့လူတောင် ငါ့နဲ့ယှဉ်ရင်ခံသွားရမှာ သေချာတယ်"

ကျားကလေးသည် သူဌေးဖြစ်မယ်ဟူသောစကားကို ကြားရသောအခါ မျက်လုံးများတောက်ပဝင်းလက်လာ၏။ နှုတ်မှလည်း ထိုစကားလုံးများကို ပွဲတင်ထပ်ကာ ရေရွတ်လိုက်သည်။

"ဘာ ... သူဌေးကြီးဖြစ်မယ် ဟုတ်လား"

ထိုသူက ကျားကလေးအားပြုံး၍ ကြည့်ကာ ...

"ဘာလဲ ... မင်းက သူဌေးဖြစ်ချင်လို့လား"

ကျားကလေးက မဆိုင်းမတွပင် ...

"သြော် ... လူတိုင်း သူဌေးဖြစ်ချင်တာပဲ မဟုတ်လား ဦးရယ်"

ထိုသူက ခေါင်းကိုဖြည်းညင်းစွာ ယမ်းခါပြလိုက်၏။

"မှားတယ်၊ ငါ့ကိုကြည့်ပါလား ... ငါဆိုရင် သူဌေးမဖြစ်ရမနေနိုင်ဘူးဆိုတဲ့ရောဂါမရှိဘူး၊ လောလောဆယ်မှာ ငါ့ရဲ့ အပြင်းပြဆုံးဆန္ဒက သိုင်းလောကမှာ ပထမနေရာရရှိဖို့ပဲ"

ကျားကလေးက ရယ်မောလိုက်သည်။

"ဟား ဟား ... ဒါဆိုလည်း ကျွန်တော်တို့ ကံစမ်းကြ

ရအောင် မကောင်းဘူးလား။ တကယ်လို့အောင်မြင်ရင် ကျွန်တော်က သူဌေးကြီးဖြစ်မယ်၊ ဦးက သိုင်းအဓိပတိကြီး လုပ်ပေါ့"

ကျားကလေးက စိတ်အားတက်ကြွစွာပြောဆိုလိုက်၏။ ထိုသူက ကျားကလေးအား သေချာစွာ အကဲခတ်ကြည့်ရှုကာ ...

"ဒါနဲ့ မင်းအသက်က ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခြောက်နှစ်"

"အိမ်း ... မင်းပြောပုံဆိုပုံကိုထောက်ပြီး မှတ်ချက်ချရ ရင် မင်းအသက်ဟာ တစ်ဆယ့်ခြောက်နှစ်မကဘူးဆိုတာ သိသာပါတယ်၊ အေး ... ဒါပေမဲ့ မင်းရဲ့ခန္ဓာကိုယ်ကျတော့ ဆယ်နှစ်သားအရွယ်လို့ ထင်ရလောက်တယ်"

"ဟုတ်တယ် ... ကျွန်တော့်ခန္ဓာကိုယ်က ညှက်နေတယ်"

ကျားကလေးက သူ့ခန္ဓာကိုယ်နှင့်ပတ်သက်ပြီး အားမရစွာပြောဆိုလိုက်၏။ ထိုသူက ခေတ္တမျှစဉ်းစားပြီးနောက် ...

"အေးလေ ... မင်းအသက်က တစ်ဆယ့်ခြောက်နှစ်တောင်ရှိနေပြီဆိုတော့လည်း တို့အလုပ်ကိစ္စကို ဆွေးနွေးကြတာပေါ့"

ပြောပြောဆိုဆိုဖြင့်ပင် ထိုသူက လက်မလုံးခန့်ရှိသော ပိုးကြိုးတစ်ချောင်းကိုထုတ်လိုက်၏။ ထိုပိုးကြိုးအား အနီးရှိသစ်ပင်တစ်ပင်တွင်ချည်ထားလိုက်သည်။ ထို့နောက်တွင်မူ ကျားကလေးကိုကျောပိုးလိုက်၏။ တစ်ဆက်တည်းမှာလည်း ထိုသူသည် ဖျတ်လတ်သွက်လက်စွာဖြင့် ချောက်ကမ်းပါးအောက်သို့ ကြိုးစကိုတွယ်ပြီး



ဆင်းသက်သွားလေတော့သည်။ ကျားကလေးသည် ထိုသူ၏ကျောကုန်း၌ တွယ်ကပ်လျက် အနေအထားမှပင်အောက်သို့ လျှင်မြန်စွာ ကျဆင်းသွားသည်ကို ခံစားလိုက်ရ၏။ လူကလည်း ကြောက်လန့်တကြားဖြင့် မျက်စိစုံမှိတ်ထားလိုက်မိ၏။ ကျားကလေးက မျက်လုံးမှိတ်ထားလိုက်သည်။

သူတို့နှစ်ယောက် မည်မျှနက်သည့်နေရာအထိ ကျဆင်းသွားသည်ကို မသိလိုက်ရပါ။ ကျားကလေးမှာ မျက်လုံးစုံမှိတ်ထားသောကြောင့်ဖြစ်၏။ ရုတ်တရက် ... အကျရပ်သွားသည်ကိုတော့ ခံစားသိရှိလိုက်ရလေသည်။ ထိုစဉ် ...

"ကဲ ... ကျားကလေး မင်း ဆင်းနိုင်ပြီ"

ကျားကလေးက မျက်လုံးများကိုအရင်ဆုံးဖွင့်ကြည့်လိုက်၏။ ထိုအခါ နှင်းမှုန်များ သူ၏ပတ်လည်တွင် ဝန်းရံနေသည်ကို တွေ့လိုက်ရသည်။ သူနှင့်အတူ ထူးဆန်းသောမျက်နှာပိုင်ရှင်သည် ယှဉ်တွဲရပ်နေ၏။ ယခု သူတို့ရပ်နေသောနေရာမှာ လိုဏ်ဂူဝတစ်ခုရှေ့တွင်ဖြစ်သည်။ ထူးဆန်းသောမျက်နှာပိုင်ရှင်က ...

"ကျားကလေး လာ တို့ ဂူထဲဝင်ရအောင်"

ပြောပြောဆိုဆိုဖြင့် ထိုသူက အရင်ဆုံးဂူထဲသို့ လှမ်းဝင်သွား၏။ ကျားကလေးက တိတ်ဆိတ်စွာဖြင့် သူ့နောက်မှ ဝင်လိုက်သွားသည်။ လိုဏ်ဂူသည်အတွင်းပိုင်း၌ အတော်အသင့်ကျယ်ဝန်း၏။ အသုံးအဆောင်ပစ္စည်းများလည်း ဂူထဲ၌ရှိနေသည်။ ဤလိုဏ်ဂူကား

ထူးဆန်းသောမျက်နှာပိုင်ရှင်နေထိုင်ရာ အဆောက်အအုံဖြစ်၏။ ထိုလူက ကျားကလေးအား နေရာထိုင်ခင်းပေးသည်။ ထို့နောက် သူ၏ အဖြစ်အပျက်ကိုအကြမ်းဖျင်းပြောပြသည်။ အမှန်စင်စစ် သူ၏အမည်မှာ လောင်ရီဖြစ်၏။ လောင်ရီသည် ကုန် လွန်ခဲ့သောတစ်ဆယ့်ငါးနှစ်ဝန်းကျင်က သိုင်းလောက၌ နာမည်ကြီးသိုင်းသမားတစ်ဦးဖြစ်သည်။

သို့သော် တစ်နေ့တွင် လူဆိုးသိုင်းသမားများ သူနေထိုင်ရာသို့ရောက်ရှိလာသည်။ သူ့အားရန်ပြုနှိပ်စက်ကြသည်။ သူ့ဇနီးကိုလည်း အတင်းအဓမ္မ သိမ်းပိုက်ခေါ်ဆောင်သွားကြ၏။

လောင်ရီမှာ ဒဏ်ရာအကြီးအကျယ်ရသွားပြီး မျက်နှာသွင်ပြင်လည်းယခုမြင်ရသည့်အတိုင်း ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည်။ သူ၏ သားနှင့်သမီးမှာလည်း ထိုဆိုးရွားသော အဖြစ်အပျက်အပြီး၌ ပျောက်ဆုံးနေ၏။ အများအဆိုအရ အသတ်ခံရသည်ဟု ပြောကြသည်။ သေချာစွာမသိရပါ။

သူသည် မိမိ၏မိသားစုများအား ရက်စက်ယုတ်မာစွာ ဖြိုခွဲသွားသည့်ရန်သူများကို တစ်ဆယ့်ငါးနှစ်လုံးလုံးဇာတ်မြုပ်ပြီး ကျိတ်ကာရှာဖွေနေခဲ့သည်။

ထိုသို့ရှာဖွေရင်းမှ မမျှော်လင့်ဘဲ လွန်ခဲ့သောအနှစ်ငါးဆယ်ခန့်ကကျော်ကြားခဲ့သည့် သိုင်းပညာရှင်ကြီးစင်ဂူ၏သိုင်းပညာကျမ်းနှင့်ရတနာပစ္စည်းများထားရှိသည့်နေရာကို လမ်းညွှန်မြေပုံအညွှန်းနှင့်တကွ သိရှိခဲ့ရ၏။



ထိုလမ်းညွှန်မြေပုံအတိုင်း လိုက်လံရှာဖွေရင်းမှ ယခုနေရာသို့ ရောက်ရှိလာရခြင်းဖြစ်၏။ သူသည် ဤနေရာသို့ ရောက်ရှိနေခြင်းမှာ ၁၀ နှစ်ကျော်ပြီဖြစ်သည်။ သို့သော် အခက်အခဲတစ်ခုကြောင့် စင်ဂူ၏ရတနာများ နှင့်သိုင်းကျမ်းကိုလက်ဝယ်ရရှိခြင်း မရှိသေးပါ။

ကျားကလေးသည် လောင်ရီပြောပြသော အကြောင်းအရာများကို ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာနားထောင်နေမိ၏။ လောင်ရီစကားဆုံးသောအခါ ကျားကလေးက ...

"ရတနာတွေနဲ့ သိုင်းကျမ်းရှိတဲ့နေရာကိုရော ဦး တွေ့ထားပြီးပြီလား"

"တွေ့ထားပြီးပြီ"

"ဘယ်နားမှာလဲ"

"ဒီကနေ အောက်ကိုဆက်ပြီးဆင်းသွားရင် လိုဏ်ဂူတစ်ခု ထပ်တွေ့လိမ့်မယ်၊ အဲ့ဒီလိုဏ်ဂူထဲမှာ ရှိတယ်"

"နေရာတွေ့လျက်နဲ့ ဘာလို့ ဦးကယူမရတာလဲ၊ ဘာလဲ ... အစောင့်ရှိနေလို့လား"

လောင်ရီက ကျားကလေးအား ပြုံး၍ကြည့်ကာ ခေါင်းယမ်းပြသည်။

"အစောင့်တော့မရှိဘူး၊ ဒါပေမဲ့ လိုဏ်ဂူအထဲမှာ အမျိုးမျိုးစီမံထားချက်တွေရှိနေတယ်၊ အဲဒါတွေက အစောင့်ထားတာထက်တောင် ပိုပြီးကြောက်စရာကောင်းနေသေးတယ်၊ ပထမဆုံး

အခက်အခဲက ရတနာတွေထားတဲ့အခန်းသော့ကိုယူဖို့တောင် မလွယ်ဘူး"

ကျားကလေးက မျက်လုံးပြူးကျယ်စွာဖြင့် ...

"အခန်းဖွင့်နိုင်တဲ့ သော့က ဘယ်မှာရှိနေလို့လဲ"

"သော့ကို သိပ်အေးတဲ့လေသွားလမ်းကြောင်းပေါ်မှာ တည်ရှိတဲ့ လိုဏ်ခေါင်းတစ်ခုထဲ ထည့်ထားတယ်၊ ပြီးတော့လည်း အဲ့ဒီလိုဏ်ခေါင်းက ကျဉ်းကျဉ်းကလေးဆိုတော့ သာမန်လူတစ်ယောက်အနေနဲ့ လိုဏ်ခေါင်းထဲဝင်ဖို့မဆုံ့ဘူး၊ ဦးအနေနဲ့ အပင်ပန်းခံပြီး မျောက်လေး၊ငါးကောင်လောက်ကို လေ့ကျင့်ပေးပြီးသော့ယူနိုင်းခဲ့ဖူးတယ်၊ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး"

"မျောက်တွေအားလုံး သေသွားလို့လား"

လောင်ရီက ခေါင်းခါယမ်းပြလိုက်သည်။

"အားလုံးတော့ မသေပါဘူး၊ မျောက်နှစ်ကောင် အသက်ရှင်ပြီး ပြန်ထွက်လာတယ်၊ ဒါပေမဲ့ သော့တော့ပါမလာခဲ့ဘူး"

"နောက်တစ်ကြိမ်ထပ်လွှတ်ကြည့်ဦးသေးလား"

"သူတို့ကို ရိုက်သတ်ရင်တောင် နောက်တစ်ခါ ဝင်တော့မှာ မဟုတ်ဘူး"

ကျားကလေးက လောင်ရီအားတစ်ချက်ကြည့်လိုက်၏။ လောင်ရီက မိမိအား ဤနေရာသို့ ခေါ်လာခဲ့ခြင်းကိုလည်း နားမလည်စွာဖြင့်



"ဒါဆို ဦး ကျွန်တော့်ကိုခေါ်လာတာ အဲဒီသော့သွားယူနိုင်းမလို့ ဟုတ်လား"

လောင်ရီက ခေါင်းညိတ်ဝန်ခံသည်။

"မှန်တယ်၊ ဦး အထင်ပြောရမယ်ဆိုရင် မျောက်တွေသော့ကို အောင်မြင်စွာမယူဆောင်နိုင်ခဲ့တာ အကြောင်းရှိတယ်၊ မျောက်က လူလောက်အသိဉာဏ်မရှိဘူး၊ မဆင်ခြင်တတ်ဘူး၊ လိုဏ်ဂူအတွင်းပိုင်းမှာဖြစ်ပေါ်နေတဲ့အခြေအနေတွေကို မျောက်ကဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

ထို့နောက်တွင် သူတို့နှစ်ယောက်စလုံး စကားမပြောမိကြတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြ၏။ တဒင်္ဂအတွင်း ငြိမ်သက်တိတ်ဆိတ်ခြင်းက သူတို့နှစ်ယောက်အကြားလွှမ်းမိုးထား၏။ အတန်ကြာမှ ... လောင်ရီက တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်သည်။

"ခုဆိုရင် အခြေအနေအမှန်အားလုံးကို မင်းသိပြီးသွားပြီ၊ သည်အလုပ်ဟာ အလွန်အန္တရာယ်များတဲ့အလုပ် ဖြစ်တယ်၊ မင်းအနေနဲ့ ဆုံးဖြတ်ချက်ကိုပြင်မယ်ဆိုရင်လည်း ပြင်နိုင်သေးတယ်"

လောင်ရီက ကျားကလေးအား အကဲခတ်သလိုကြည့်ကာ ပြောဆိုလိုက်လေသည်။ ကျားကလေးက စိတ်ဓာတ်ကျမသွားပါ။ လောင်ရီကိုသာ ခပ်ပြုံးပြုံးတုံ့ပြန်ကြည့်ရှုရင်း ...

"ကျွန်တော်တို့ အောက်ကလိုဏ်ဂူကိုအရင်ဆုံးသွားကြည့်

ပြီးမှ ဆုံးဖြတ်ချက်ချရင် မကောင်းဘူးလား"

"အေး ... အဲ့ဒါ ကောင်းတယ်"

သို့ဖြင့် ... လောင်ရီသည် ကျားကလေးအား နောက်တစ်ကြိမ် ကျောကုန်းပေါ်လွယ်ပြီးကြိုးဖြင့်တွယ်ကာ အောက်သို့ ပေသုံးဆယ်ခန့်အဝေးအထိဆင်းသွားပြန်၏။ ကျားကလေးက အသည်းတအေးအေးဖြင့် မျက်စိမှိတ်ထားလိုက်ရပြန်၏။

မကြာခင် သူတို့နှစ်ယောက်သည် လိုဏ်ဂူဝတစ်ခုရှေ့သို့ ရောက်ရှိသွားကြပြန်လေသည်။ ထိုလိုဏ်ဂူ၏အသွင်သဏ္ဍာန်ကို ပြင်ပမှကြည့်လျှင် လောင်ရီနေထိုင်သော လိုဏ်ဂူနှင့် အသွင်အပြင်တစ်ထေရာတည်း တူညီ၏။

သို့သော် လုံးဝမတူညီသောအချက်မှာ ထိုလိုဏ်ဂူသည် အပေါက်ဝ၌ပင် အံ့ဩစရာကောင်းလောက်အောင် အေးစက်နေ၏။ အလွန်တရားအေးစက်ခြင်း အငွေ့အသက်များ ရိုက်ခတ်လွန်းနေသည်ဖြစ်ရာ ကျားကလေး၏မျက်နှာမှာ ပြာနှမ်းနှမ်းအရောင်သို့ ပြောင်းလဲသွားသည်။ လောင်ရီက ကျားကလေးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်သည်။

"သိပ်ချမ်းနေပြီလား"

ကျားကလေးခေါင်းမာစွာ အံကြိတ်၍ ...

"ရပါတယ် ... ဒီလောက်တော့ ကျွန်တော်ခံနိုင်ရည်ရှိပါတယ်"





လောင်ရီသည် ဂူပေါက်ဝ၏အလယ်တွင်ရှိသော လေးထောင့်ကျောက်တုံးတစ်တုံးအနားသို့ ချဉ်းကပ်သွားပြီး လက်နှစ်ဖက်ဖြင့် ကျောက်တုံးကို ဘယ်ညာသုံးလေးခါလှည့်လိုက်၏။ ထိုအခါ ...

'ချက် .. ချက် .. ချက်'

ဟူသောမြည်သံများ လိုဏ်ဂူအတွင်းပိုင်းဆီမှ ထွက်ပေါ်လာလေတော့သည်။ အသံပျောက်ကွယ်သွားချိန်တွင် လိုဏ်ဂူနံရံတွင် အပေါက်တစ်ခုဖြစ်ပေါ်လာ၏။ ထိုအပေါက်မှနေပြီး အခြားအခန်းတစ်ခုသို့ ကူးသွားနိုင်၏။

လောင်ရီက ကျားကလေးအား ခေါင်းဆတ်ပြပြီး ထိုအခန်းတွင်းသို့ ဝင်သွားသည်။ ကျားကလေးကလည်း နောက်မှလိုက်ပါဝင်ရောက်သွား၏။

ထိုအခန်းအတွင်း၌ ပစ္စည်းများများစားစား မရှိပါ။ အခန်းအလယ်တွင် ကျောက်ပြားပိုင်းတစ်ခုသာရှိနေ၏။ ထိုအခန်း ၏ ထူးခြားချက်မှာ အခန်းတွင်းသို့ ဝင်ရောက်လိုက်သည်နှင့်တစ်ပြိုင်နက် ရေခဲတွင်းထဲရောက်သွားသည့်အလား အလွန်တရာ အေးစက်သော ဝေဒနာကို ခံစားလိုက်ရခြင်းပင်ဖြစ်သည်။

ကျားကလေးမှာ အရိုးခိုက်ခိုက်တုန်အောင် ချမ်းအေးသောဒဏ်ကြောင့် တစ်ကိုယ်လုံးတောင့်တင်းလာကာ စကားမပြောနိုင်ဘဲ မေးရိုးသည် တခွပ်ခွပ်တုန်ယင်ရိုက်ခတ်နေလေတော့၏။ ကျားကလေးတစ်ကိုယ်လုံး ခိုက်ခိုက်တုန်ယင်နေသည်။

လောင်ရီက လက်တစ်ဖက်ကို ရုတ်တရက်ဆန့်ထုတ်ကာ ကျားကလေးပခုံးပေါ်သို့ တင်ပေးထားလိုက်၏။ အမှန်တော့ အတွင်းအားလှိုင်းလွှတ်ပေးခြင်းပင်ဖြစ်သည်။ လောင်ရီ၏ လက်ဖဝါးမှတစ်ဆင့် အပူငွေ့များသည် ကျားကလေး၏ ခန္ဓာကိုယ်အတွင်းသို့ ပူနွေးစွာ ဖြတ်သန်းစီးဆင်းလာသည်။ ထိုအခါကျမှပင် ကျားကလေးမှာ နွေးနွေးထွေးထွေးဖြစ်လာလေတော့၏။

ကျားကလေးက လောင်ရီအား တအံ့တသြကြည့်လိုက်မိသည်။ လောင်ရီကိုကြည့်ရသည်မှာ လုံးဝချမ်းပုံမရပါ။

"ဦး မချမ်းဘူးလား"

"ပထမတုန်းကတော့ ချမ်းတာပေါ့၊ ဒါပေမဲ့ ခုတော့ အလေ့အကျင့်ရနေပါပြီ"

လောင်ရီက အေးဆေးစွာပင်ဖြေဆိုလိုက်၏။ ကျားကလေးက ထိုအကြောင်းကိုဆက်မမေးတော့ပါ။ စကားလမ်းကြောင်းပြောင်းကာ ...

"ဒါနဲ့ ဦး ... သော့က ဘယ်မှာထားတာလဲ"

လောင်ရီက ကျားကလေး၏အမေးကို ချက်ချင်းပြန်မဖြေပါ။ အခန်းအလယ်၌ရှိနေသော ကျောက်ဖျာဆီသို့သာလျှောက်သွား၏။ ကျောက်ဖျာကိုဘေးသို့ရွှေ့တွန်းလိုက်သည်။ ကျောက်ဖျာကဘေးသို့ရွှေ့သွား၏။ ကျောက်ဖျာ မူလကရှိနေသောနေရာရှိ ကြမ်းပြင်ပေါ်တွင် အပေါက်တစ်ခုပေါ်လာသည်။



ထိုအပေါက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အလွန်တရာ အေးသောလှိုင်းတစ်ခုသည် ကျားကလေးအား လာရောက်ရိုက်ခတ်သည်ကို ခံစားလိုက်ရတော့၏။ ကျားကလေးမှာ အေးလွန်းသဖြင့် မေ့သွားတော့မယောင်ပင်ဖြစ်နေမိ၏။

လောင်ရီက အပေါက်ငယ်ကို လျင်မြန်စွာပိတ်ပစ်လိုက်၏။ ကျားကလေးက လောင်ရီကိုတစ်ချက်ကြည့်လိုက်သည်။

"သော့က အဲ့ဒီအပေါက်ထဲမှာ ရှိတယ်မဟုတ်လား"

လောင်ရီက ခေါင်းညိတ်ပြလိုက်၏။

"ဒီအပေါက်ကနေ အထဲဝင်သွားရင် အခန်းတစ်ခုထပ်တွေ့ရလိမ့်မယ်၊ သော့က အဲ့ဒီအခန်းထဲမှာရှိတယ်"

"ဦး အဲဒီအခန်းထဲရောက်ဖူးလား"

လောင်ရီက ရယ်မောလိုက်သည်။

"ဦး ရောက်ဖူးရင် သော့ကိုရနေပြီပေါ့ကွာ"

ကျားကလေး မျက်ခုံးနှစ်ဖက်ပင့်တင်လိုက်မိပြီး ...

"ဦးကမရောက်ဖူးဘဲနဲ့ ဘယ်လိုလုပ်ပြီး အဲဒီအပေါက်ထဲမှာ အခန်းတစ်ခုရှိနေတာသိလဲ"

လောင်ရီက သက်ပြင်းတစ်ချက်ရှိုက်ထုတ်လိုက်၏။

"အင်း ... မရောက်ဖူးပေမယ့် မြေပုံအညွှန်းကို ဦးက ရထားတယ်လေ၊ မြေပုံအညွှန်းအတိုင်း ဒီဂူထဲကိုရောက်လာနိုင်ခဲ့တယ်၊ ဂူထဲက အခု ဦးတို့ရောက်နေတဲ့အခန်းရဲ့ ကျောက်ဖျာပေါ်မှာ

စာအုပ်ငယ်တစ်အုပ်ကိုတွေ့ရတယ်၊ အဲဒီစာအုပ်ထဲမှာ ဒီဂူရဲ့ဖွဲ့စည်းပုံအကြောင်း အသေးစိတ်ရေးထားတာ ဖတ်ခဲ့ရတယ်၊ ဒါကြောင့် ဒီအပေါက်ကနေဝင်သွားရင် အခန်းတစ်ခုရှိတယ်ဆိုတာရယ်၊ အဲ့ဒီအခန်းထဲမှာ သေ္တာရှိနေတယ်ဆိုတာရယ်ကို ဦးသိရတာပေါ့"

တစ်ဆက်တည်းမှာလည်း သူသည်စာအုပ်ပါးလေးတစ်အုပ်ကို ကျားကလေးအားပေးလိုက်သည်။ အတွင်းစာမျက်နှာများ၌ စာသားအပြည့်ရေးသားထားသည်ကို တွေ့ရသည်။ သို့သော် ဘာတွေရေးထားမှန်းမသိ။ သူ စာမဖတ်တတ်ပါ။ ထို့ကြောင့် လောင်းရီအား စာအုပ်ကလေး ပြန်ပေးလိုက်သည်။

"ကျွန်တော်က စာမဖတ်တတ်ဘူး ဦးရဲ့"

ကျားကလေးက အမှန်အတိုင်းပြောပြလိုက်၏။ လောင်းရီက စာအုပ်ကလေးကိုပြန်ယူပြီး သိမ်းဆည်းလိုက်၏။ ကျားကလေးအား လှမ်းကြည့်ကာ ...

"အဲဒီအပေါက်ကနေဝင်သွားရင် တွေ့နိုင်တဲ့အခန်းဟာ အခုတို့ရောက်နေတဲ့အခန်းထက်ပိုပြီးအေးတယ်၊ လေအေးတွေ အဆက်မပြတ်လွတ်နေတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိထားတာမို့ သာမန်လူတစ်ယောက်ဝင်သွားမိလို့ကတော့ ချက်ချင်းသေခဲသေသွားနိုင်တယ်"

သို့သော် ကျားကလေးက မျက်မှောင်ကြုတ်လိုက်၏။

"ဟင် ဒါဆို ဦးခိုင်းတဲ့မျောက်တွေကျတော့ ဘာလို့သေးခဲပြီး



မသေကုန်ကြတာလဲ။ သူတို့က ဘာလို့အသက်ရှင်လျက် ပြန်ထွက်လာနိုင်ခဲ့ကြတာလဲ"

"ဦးက သူတို့ကို ဆေးတစ်မျိုးကျွေးပြီးမှ လွှတ်လိုက်တာကွ၊ ဒါတောင် တချို့ကောင်တွေ သေဆုံးကုန်ကြသေးတယ်"

"အဲဒီဆေးစားပြီးရင် အအေးဒဏ်ကို မခံစားရတော့ဘူး ပေါ့ဟုတ်လား"

"အေးတဲ့ဒဏ်ကိုတော့ ခံစားရမှာပဲ၊ ဒါပေမဲ့ သွေးခဲပြီးချက်ချင်းသေသွားလောက်အောင်တော့ မဖြစ်ဘူးပေါ့"

ဤတွင် ကျားကလေးသည် လက်ဝါးဖြန့်လိုက်သည်။

"ကဲ ... ဒါဆို ကျွန်တော့်ကို အဲဒီဆေးကျွေး။ ကျွန်တော်ဆေးစားပြီးတာနဲ့ အထဲကိုဝင်စမ်းကြည့်မယ်"

လောင်းရီကပြုံး၍ ခေါင်းခါယမ်းပြသည်။

"နေဦးလေ"

ကျားကလေးက သူ့အား နားမလည်စွာ ကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ"

လောင်းရီက ...

"သိပ်မလောပါနဲ့ဦးလေ ... ဦးမှာ ဒါထက်ကောင်းတဲ့နည်းလမ်းတစ်ခု တွေ့ထားတာရှိပါတယ်၊ အဲဒီနည်းက လောလောဆယ်မှာတော့ စိတ်အချရဆုံးနည်းတစ်ခုပဲ"

"ပြောလေ ... ဒါဆို စိတ်အချရဆုံးနည်းလမ်းက ဘာလဲ"

ကျားကလေးက ဆန္ဒစောစွာမေးမြန်းလိုက်၏။ လောင်ရီက

"ဦး စောစောက မင်းကိုထုတ်ပြတဲ့ စာအုပ်ကလေးထဲမှာ 'သူရိယာရောင်ဝါသွေးယှက်ဖြာ' ဆိုတဲ့ အတွင်းအားကျင့်စဉ်နည်း တစ်ခုရေးသားဖော်ပြထားတာရှိတယ်၊ အဲ့ဒီအတွင်းအားကျင့်စဉ် ကို ပြီးမြောက်အောင်လေ့ကျင့်နိုင်ရင် အအေးဒဏ်ကိုလုံးဝကာကွယ် နိုင်မှာဖြစ်တယ်၊ ဒါဆိုရင် မင်းဟာ ဘာအန္တရာယ်မှမဖြစ်ဘဲ သော့ ကိုယူပြီး အပြင်ပြန်ထွက်လာနိုင်လိမ့်မယ်"

"အဲ့ဒီ သူရိယာရောင်ဝါသွေးယှက်ဖြာအတွင်းအားကျင့်စဉ် က အောင်မြင်တဲ့အထိကျင့်ဖို့ဆိုရင် ဘယ်လောက်ကြာမှာလဲ"

လောင်ရီက လက်ချောင်းသုံးချောင်းထောင်ပြလိုက် သည်။

"သုံးနှစ်"

ကျားကလေးက မျက်နှာရှုံ့မဲ့ပစ်လိုက်မိ၏။

"သုံးနှစ်ဆိုတော့ သိပ်ကြာလွန်းတာပေါ့"

လောင်ရီက ...

"အင်း ... နည်းနည်းတော့ကြာမှာပေါ့ကွာ၊ ဒါပေမဲ့ ... အဲ ဒါကိုကျင့်မှ မင်းအသက်ရှင်ပြီးပြန်လာနိုင်မှာဖြစ်တယ်၊ နို့မဟုတ်ရင် မင်း လောလော လောလောနဲ့ စွတ်ရွတ်ဝင်သွားပြီး အထဲမှာ သွေး ခဲသေနေရင် ဘာမှအကျိုးရှိမှာ မဟုတ်ဘူး"

ကျားကလေးက အပေါက်ရှိရာသို့ တစ်ချက်လှမ်းကြည့်



လိုက်သည်။

"သုံးနှစ်အတွင်း ကျွန်တော့်ခန္ဓာကိုယ်ကကြီးထွားလာရင် ဒီအပေါက်ထဲ ဘယ်လိုလုပ်ပြီးတိုးဝင်နိုင်တော့မလဲ။ တိုးဝင်နိုင်တော့ မှာမဟုတ်ဘူး"

လောင်ရီက ပြုံးလိုက်ပြန်သည်။ သူ၏ဦးခေါင်းကိုလည်း ဖြည်းညင်းစွာယမ်းခါပြလိုက်၏

"ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဘာမှမစိုးရိမ်ပါနဲ့ကွာ၊ ဒီသုံး နှစ်အတွင်းမှာ မင်းရဲ့ခန္ဓာကိုယ်မကြီးအောင် လုပ်နိုင်တဲ့နည်းလမ်း ငါ့မှာရှိပါတယ်"

ပြောပြောဆိုဆိုဖြင့်ပင် လက်ဝါးနှစ်ဖက်ကို ရုတ်တရက် ဆန့်ထုတ်လိုက်ရာ ကျားကလေး၏ခန္ဓာကိုယ်အနှံ့အပြားသို့ တရစပ် ရိုက်ပုတ်လိုက်လေတော့သည်။

သူ၏လက်ဝါးရိုက်ချက်များကြောင့် ကျားကလေးမှာ တစ် ကိုယ်လုံးထုံကျဉ်လာသည်။ နောက်ဆုံး၌ ထုံကျဉ်လွန်းအားကြီး၍ မခံမရပ်နိုင်အောင်ပင်ဖြစ်လာမိသည်။ ထိုစဉ် လောင်ရီသည် ကျား ကလေး၏ငယ်ထိပ်ကိုလက်ဖြင့် တစ်ချက်ပုတ်လိုက်လေသည်။

'ဖုတ်'

ဟူသောမြည်သံနှင့်အတူ ကျားကလေးသည် မူးမေ့ကာ မြေပြင်ပေါ်သို့ လဲကျသွားရလေတော့သည်။

+ + +

## အခန်း (၂၂)

ကျားကလေး သတိမေ့နေသည်မှာ မည်မျှအချိန်ကြာသွားခဲ့သည် မသိပါ။ သူသတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ သူသည် လောင်ရီနေထိုင်သော ဂူအတွင်းသို့ပြန်ရောက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ကျားကလေးက လောင်ရီအားရှာနေကြည့်လိုက်သည်။ လောင်ရီက သူနှင့်မလှမ်းမကမ်းမှာထိုင်ကာ တစ်စုံတစ်ရာ အတွေးနက်နေဟန် လက္ခဏာဖြင့် ငြိမ်သက်နေ၏။

ကျားကလေးက လဲလျောင်းနေရာမှ ထထိုင်လိုက်သည်။ လောင်ရီကိုလည်း နားမလည်နိုင်စွာကြည့်၍

"ဦး ... စောစောတုန်းက ဦး ကျွန်တော့်ကို ဘာလုပ်လိုက်တာလဲ"

လောင်ရီက ရယ်ရယ်မောမောဖြင့်ပင် ...

"သုံးနှစ်အတွင်း မင်းရဲ့ခန္ဓာကိုယ်ကြီးထွားမလာအောင် ခုပုံအတိုင်းပဲရှိနေအောင်လုပ်လိုက်တာလေ"

"သုံးနှစ်ကျော်ရင်ရော ဒီအတိုင်း ကျွန်တော်သေးသေး





ညှက်ညှက်ကလေးပဲဖြစ်နေရတော့မှာလား"

လောင်ရီကပြုံးရင်း ခေါင်းယမ်းပြလိုက်၏။

"စိတ်ပူမနေပါနဲ့ကွာ ... လိုအပ်တဲ့အချိန်ကျရင် မင်းခန္ဓာကိုယ်ဟာ ပုံမှန်နှုန်းအတိုင်း ပြန်ပြီးကြီးထွားလာအောင် ငါလုပ်ပေးပါ့မယ်၊ အမှန်တော့ လူတစ်ယောက်ကို အနာတရဖြစ်အောင် မကြာခဏရိုက်နှက်ရင် စိတ်ဓာတ်ရေးရာကျဆင်းအားငယ်သွားရုံတင်မကဘူး ... ခန္ဓာကိုယ်ကြီးထွားနှုန်းပါ လျော့နည်းသွားတတ်တယ်"

လောင်ရီက ကျားကလေးအား တစ်ချက်လှမ်းကြည့်ရင်း

"အေးလေ ဘာပဲဖြစ်ဖြစ်ပေ့ါ ... ငါက မင်းကို သူရိယာရောင်ဝါသွေးယှက်ဖြာ အတွင်းအားကျင့်စဉ်တတ်မြောက်အောင် သင်ကြားပေးမယ်"

ကျားကလေးက လောင်ရီအားတစ်ချက်ကြည့်ကာ

"ကျွန်တော့်ကို သူရိယာရောင်ဝါအတွင်းအားကျင့်စဉ် သင်ပေးရင် ကျွန်တော်က ဦးကို ဆရာအဖြစ်သတ်မှတ်ရမှာလား"

လောင်ရီက အေးအေးဆေးဆေးပင် ...

"ဒါတော့ မင်းကြိုက်သလို သတ်မှတ်နိုင်ပါတယ်"

ကျားကလေးက သေချာစွာ ပြန်စဉ်းစားကြည့်လိုက်သည်။ လောင်ရီသည် ပုံပျက်ပန်းပျက်မျက်နှာနှင့် အရုပ်ဆိုးသော်လည်း စိတ်နေသဘောထား ကောင်းမွန်သည်။

သူ့အပေါ်ကြင်နာညှာတာစွာ ဆက်ဆံသည်။ အတွင်း

အားကျင့်စဉ်သင်လျှင် အနည်းဆုံးသုံးနှစ်တိတိ လောင်ရီက သူ့အားကျေးမွေးစောင့်ရှောက်မှာဖြစ်သည်။

သို့ဆိုလျှင် လောင်ရီအား သူက အဘယ်ကြောင့် ဆရာဟု မသတ်မှတ်နိုင်ရမည်နည်း။ သတ်မှတ်မည်။ သတ်မှတ်သင့်သည်။

ကျားကလေးသည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် တစ်ပြိုင်နက် လောင်ရီအား ဦးညွှတ်ကန်တော့လိုက်သည်။ တပည့်အဖြစ် ခံယူလိုက်သည်။ ကျားကလေးကား မမျှော်လင့်ဘဲ ထိပ်တန်းသိုင်း ပညာရှင်တစ်ဦး၏ ပညာအမွေကိုဆက်ခံရရှိပေဦးတော့မည်။

+

လောင်ရီသည် ကျားကလေးအား သုံးနှစ်လုံးလုံး ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။

ထို့အပြင် သူ့အား 'သူရိယရောင်ဝါသွေးယှက်ဖြာအတွင်းအားကျင့်စဉ်ကိုလည်း ကြေကြေညက်ညက်ဖြင့် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးလိုက်သည်။ အတွင်းအားပညာသာမက သူတတ်ကျွမ်းသမျှအဆင့်မြင့်သိုင်းပညာရပ်များကိုလည်း ခြွင်းချက်မချန်ဘဲ သင်ကြားပေးလိုက်သည်။

ဤသို့ဖြင့် သုံးနှစ်ဆိုသောအချိန်ကာလသည် တရွေ့ရွေ့လျားကုန်လွန်သွားရလေတော့သည်။ သုံးနှစ်တာကြာမြင့်ခဲ့ပြီ



ဖြစ်သော်လည်း ကျားကလေး၏ခန္ဓာသည် မပြောင်းလဲပါ။ ယခင်အတိုင်းပင် ရှိနေသည်။

သို့သော် သိုင်းပညာနှင့်စာပေပညာတွင်မူ ကျားကလေးမှာ မယုံကြည်နိုင်လောက်အောင်ပင် ကျွမ်းကျင်စွာတတ်မြောက်ခဲ့လေသည်။ ဤသို့ဖြင့် ...

+ + +

## အခန်း (၂၂)

ဤသို့ဖြင့် သူတို့မျှော်လင့်စောင့်စားခဲ့ကြရသော သုံးနှစ်တင်းတင်းပြည့်သည့်နေ့သည် ဆိုက်ရောက်လာရလေတော့သည်။

သူတို့နှစ်ယောက်သည် လိုအပ်သောပြင်ဆင်မှုများကို ပြုလုပ်ပြီးနောက် အောက်တွင်ရှိနေသော လိုဏ်ဂူအတွင်းသို့ နောက်ထပ်တစ်ခေါက် ရောက်ရှိသွားကြပြန်ပါသည်။

လောင်ရီက ယခင်တစ်ကြိမ်တုန်းကတိုင်းပင် ကျောက်ဖျာကိုဖယ်ရှားပစ်လိုက်ပြန်၏။ ထိုအခါ အတွင်းသို့ဆင်းသည့်လိုဏ်ခေါင်းပေါက်ဝပေါ်လာသည်။ ကျားကလေးကလေကိုတဝရှူသွင်းလိုက်၏။

သူရိယာရောင်ဝါ သွေးယုက်ဖြာအတွင်းအားလှိုင်းများကို ထုတ်၍ ခန္ဓာကိုယ်တစ်ခုလုံးလွှမ်းခြုံထားစေလိုက်သည်။ ထို့နောက် ကိုယ်ကို ကျုံ့နိုင်သမျှကျုံ့ကာ လိုဏ်ခေါင်းပေါက်ဝအတွင်းသို့ ဝင်ရောက်သွားသည်။

လိုဏ်ခေါင်းပေါက်ဝမှ ကျားကလေးခန္ဓာကိုယ်အား ဆန့်ရုံမျှသာကျယ်ဝန်း၏။ ခြေနှင့်လက်များ ဆန့်ထုတ်ထားလျှင် ပြန်



ကွေး၍မရနိုင်ပါ။

တွင်းထဲမှအေးစိမ့်သော လေလှိုင်းများ လှိမ့်တက်လာကြသည်။ သို့သော် ကျားကလေး သူရိယရောင်ဝါအတွင်းအားလှိုင်းကို ထုတ်လွှတ်ကာခုခံရင်း ကိုယ်ဖျော့ပညာကို အသုံးပြုကာ တွင်းထဲသို့ တရွေ့ရွေ့ဆင်းသွား၏။

ထိုလိုဏ်ခေါင်းတွင်းပေါက်ဝမှ ပေငါးဆယ်ခန့်ရှည်လျားသည်။ ဝင်းပေါက်ဝကို ဖြတ်ကျော်ပြီးသောအခါ လောင်ရီပြောခဲ့သည့်အတိုင်းပင် အခန်းတစ်ခုသို့ရောက်ရှိလာ၏။

ထိုအခန်း၏အလယ်တွင် ကျောက်သားပတိဖြင့် ပြုလုပ်ထားသော စားပွဲတစ်လုံးရှိသည်။ ကျားကလေးမှာ တွင်းပေါက်ကျဉ်းကျဉ်းကလေးမှတစ်ဆင့် ကျောက်စားပွဲခုံမည်ကဲ့သို့ ဤအခန်းထဲရောက်ရှိနေခဲ့သနည်းဆိုသည်ကို စဉ်းစား၍မရနိုင်လောက်အောင်ဖြစ်နေမိ၏။

ထိုကျောက်စားပွဲခုံထက်၌မူ လောင်ရီပြောခဲ့ဖူးသည့်အတိုင်းပင် သေတ္တာတစ်ချောင်းတည်ရှိနေ၏။ သို့ရာတွင် သေတ္တာအား ကျောက်စားပွဲပေါ်၌ ရိုးရိုးတင်ထားခြင်းမဟုတ်ပါချေ။ ကျောက်သားအတွင်း၌ မြှုပ်ထားခြင်းဖြစ်သည်။

ထိုအချက်နှင့်ပတ်သက်ပြီး လောင်ရီရရှိထားသည့် စာအုပ်ထဲတွင် ရေးသားဖော်ပြထားခြင်းမရှိပါချေ။ ထို့ကြောင့်လည်း လောင်ရီလွှတ်လိုက်သောမျောက်များမှာ ဤသေတ္တာကို သွားယူနိုင်

ခြင်းမရှိဘဲ လက်လွတ်ပြန်ထွက်လာရဟန်ရှိသည်။

ကျားကလေးက အချိန်ဆိုင်းမနေပါ။ အားစိုက်ကာ သော့ကိုနှိုက်ယူလိုက်၏။ သို့သော် ပထမအကြိမ်ကြိုးစားရုံဖြင့် သော့ကို ခွာယူနိုင်ခြင်းမရှိဘဲ ဖြစ်သွားရသည်။ ကျားကလေးက လက်လျှော့မသွားပါ။

သူရိယာရောင်ဝါအတွင်းအားကျင့်စဉ်ကို အပြည့်အဝစုစည်းပြီး နောက်တစ်ကြိမ် သော့ကို အားစိုက်ခွာယူလိုက်ပြန်၏။ ထိုအခါကျမှပင် ...

'ထောက်'

ဟူသောမြည်သံနှင့်အတူ သော့သည် သူ့လက်ထဲသို့ကြွတက်ပါရှိလာလေတော့၏။ သို့သော် ထူးဆန်းသော အခြင်းအရာတစ်ခုက ချက်ချင်းဖြစ်ပေါ်လာသည်။

ကျောက်စားပွဲခုံထက်မှ သော့ကခွာသွားသည်နှင့် တစ်ပြိုင်နက် ယင်းကျောက်စားပွဲမှ ဖျတ်ခနဲအသံမြည်ကာ လေးစိတ်လေးမြွာကွဲသွားရလေတော့၏။

လုံးဝမမျှော်လင့်ဘဲ ကျောက်စားပွဲခုံကြီး ရုတ်တရက်ကွဲအက်သွားသည်ကိုမြင်ရသောအခါ ကျားကလေးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ထိုစဉ် ...

ကျောက်စားပွဲခုံအောက်ခြေမှ အနက်ရောင်အခိုးငွေ့တန်းနှစ်ခု ထွက်ပေါ်လာသည်။ ထိုအနက်ရောင်အခိုးအငွေ့တန်းသည်



ကျားကလေး၏ခန္ဓာကိုယ်တစ်ခုလုံးအား လျှပ်တစ်ပြက် ရစ်ပတ်လွှမ်းခြုံထားလိုက်လေသည်။

အဆိုပါ အနက်ရောင်ငွေ့တန်း သူ၏ခန္ဓာကိုယ်နှင့် ထိတွေ့သည်နှင့် တစ်ပြိုင်နက် ကျားကလေးမှာ တစ်ကိုယ်လုံးအေးစက်ထုံကျဉ်သွားရလေတော့သည်။

အနက်ရောင်အအေးငွေ့များ ယင်းတို့သည် သူထုတ်လွှတ်ထားသော သူရိယာရောင်ဝါအတွင်းအားလှိုင်းများကို စတင်ဖြိုခွင်းနေချေပြီ။

ကျားကလေး၏ ခန္ဓာကိုယ်မှာ အအေးဒဏ်ကြောင့် တောင့်တင်းသွား၏။ သို့ရာတွင် သူသည် ချက်ချင်းပင် သူရိယာရောင်ဝါအတွင်းအားကိုစုစည်းကာ အနက်ရောင်အအေးငွေ့များကို ပြန်လည်တွန်းလှန်ခုခံသည်။

ထိုသို့ဖြင့် ကျားကလေး၏ ခန္ဓာကိုယ်မှာ အပူနှင့်အအေးအင်အားနှစ်ခု အားပြိုင်အနိုင်လုနေလေတော့သည်။ ကျားကလေးသည် မိမိအသက်ရှင်နေထိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားပြီး အအေးဒဏ်ကို ကာကွယ်နေရ၏။

နောက်ဆုံး၌ ဝမ်းဗိုက်အတွင်းမှ အပူလှိုင်းများသည် တဖြည်းဖြည်းဖြင့် ခန္ဓာကိုယ်တစ်ခုလုံးပျံ့နှံ့သွားကာ အအေးဓာတ်ကို အောင်မြင်စွာ မောင်းထုတ်လိုက်နိုင်လေသည်။ ထိုအခါကျမှပင် သူ၏ခြေလက်များမှာ ပြန်လည်ရှင်သန်လှုပ်ရှားလာနိုင်ကြတော့

သည်။

ကျားကလေးက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်သည်။ အတွင်းအဲ့းကို ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများသို့ တစ်ပတ်လည်အောင် ပို့လွှတ်ကြည့်၏။ ထိုအခါ သူသည် ယခင်ကထက်ပိုပြီးအင်အားပြည့်ဖြိုးလာသည်ဟု ခံစားရလေသည်။

သော့ကို အောင်မြင်စွာရယူနိုင်ခဲ့ပြီမို့ ကျားကလေးက အပေါက်ဝမှတစ်ဆင့် အပြင်သို့ ပြန်လည်ရွေ့လျားထွက်လာခဲ့သည်။ အပြင်ဘက်တွင်မူ လောင်ရီသည် သူ့အားစိုးရိမ်ပူပန်စွာ စောင့်မျှော်နေလေသည်။

လောင်ရီသည် ကျားကလေးကိုမြင်ရသောအခါ လွန်စွာဝမ်းသာသွား၏။ သူသည် ကျားကလေးအားလှမ်းဖက်လိုက်ရင်း ...

"ကျားကလေး ... မင်း ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့နေလို့ ဒီလောက်ကြာနေရတာလဲ ... ငါဖြင့်ကွာ စိုးရိမ်လိုက်ရတာ"

ဤတွင် ကျားကလေးက ဖြစ်ပျက်ခဲ့သမျှကို သူ့ဆရာအားပြန်လည်ပြောပြလိုက်သည်။ ကျားကလေးပြောပြသမျှ သေချာစွာနားထောင်ပြီးနောက် ဆရာလောင်ရီအား ဝမ်းသာအားရဖြင့် ...

"ကျားကလေး ... မင်း တကယ်ကံထူးတာပဲ၊ ခုဆိုရင် အအေးဆုံးဖြစ်တဲ့ အနက်ရောင်အခိုးအငွေ့အတွင်းအားရော အပူဆုံးဖြစ်တဲ့ သူရိယာရောင်ဝါအတွင်းအားရော မင်းရရှိသွားပြီ၊ သိုင်းလောကမှာ မတူညီတဲ့ဆန့်ကျင်ဘက် အတွင်းအားလှိုင်းနှစ်ခုကို တစ်ပြိုင်



တည်းရရှိဖို့ဆိုတာ မလွယ်ဘူး"

ကျားကလေးမှာ ဆရာလောင်ရီ၏စကားကြောင့် လွန်စွာဝမ်းသာအားတက်သွားမိ၏။ ထို့နောက် သူရရှိလာသောသော့ကို သူ့ဆရာလက်ထဲသို့ ထည့်ပေးလိုက်၏။

လောင်ရီသည် သော့ကိုလှမ်းယူရင်း သူ့လက်များမှာ တုန်တုန်ယင်ယင်ဖြစ်နေသည်။ မျက်နှာတစ်ခုလုံး နီမြန်းနေသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် စကားတစ်လုံးမျှ မပြောနိုင်တော့လောက်အောင် ဖြစ်နေမိ၏။

လောင်ရီအနေဖြင့် ဆယ့်ငါးနှစ်လုံးလုံး ဤသော့ကလေးရရှိရေးအတွက် ဤတောဤတောင်ထဲ၌ တစ်ကိုယ်တည်း မငြီးမငွေ့နေထိုင်လာခဲ့ရခြင်းဖြစ်သည်။ ယခုတော့ သိုင်းအစွမ်းထက်မြက်ဆုံးသိုင်းကျမ်းကို ဖွင့်ယူနိုင်သည့် သော့တံကလေးက သူ့လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ချေပြီ။

လောင်ရီက ဝမ်းသာစွာ စိတ်လှုပ်ရှားနေမှုကို ကြိုးစားထိန်းချုပ်သည်။ စိတ်နှင့်ရုပ်ခန္ဓာအား တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ချုပ်ထိန်းပြီးနောက် သော့တံကလေးကို သေချာစေ့ငှစွာလေ့လာသည်။

သော့မှာ အရှည် (၆)လက်မခန့်ရှိသည်။ အနက်ရောင်ဖြစ်ပြီး ပြောင်လက်နေသည်။ လက်ဖြင့်တောက်ကြည့်သောအခါ ကြည်လင်သောအသံ ထွက်ပေါ်လာသည်။ သော့တံကလေးအား

မည်သည့်သတ္တုအမျိုးအစားဖြင့် ပြုလုပ်ထားမှန်းမသိပါ။

လောင်ရီ၏မျက်စိအစုံသည် ရုတ်တရက်တောက်ပလာသည်။ သူသည် ကျားကလေးအားလှမ်း၍ ...

"လာ ... ငါ့နောက်လိုက်ခဲ့"

ထိုမျှသာပြောပြီး လိုဏ်ဂူအပြင်ဘက်သို့ ထွက်ခွာသွားပြန်လေတော့သည်။ ကျားကလေးမှာ ဘုမသိဘမသိဖြင့် ဆရာနောက်မှလိုက်ပါလာခဲ့ရပြန်သည်။ အမှန်တော့ ဆရာလောင်ရီသည် သူ မူလနေထိုင်သော လိုဏ်ဂူအတွင်းသို့ ပြန်သွားနေခြင်းဖြစ်၏။

ကျားကလေးက မည်သည့်စကားမျှမဆိုပါ။ ဆရာနောက်မှသာ လိုက်ပါလာခဲ့သည်။ မကြာမီ လောင်ရီနေထိုင်သော လိုဏ်ခေါင်းအတွင်းသို့ ပြန်ရောက်လာကြပြန်သည်။

လောင်ရီသည် ကျားကလေးက အံ့ဩနေသည်ကိုသိသော်လည်း ရှင်းပြမနေတော့ဘဲ အခန်းတွင်းသို့ပြန်ရောက်လျှင်ရောက်ချင်းမှာပင် လုပ်ငန်းစလေတော့၏။

လောင်ရီသည် သူရိယာရောင်ဝါအတွင်းအားကို အပြည့်အဝစုပြီးပြီးနောက် လိုဏ်ခေါင်းနံရံတစ်နေရာသို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

'ဖြောင်း'

မြည်ဟည်းသံနှင့်အတူ နံရံကြီးအလယ်မှ တဖြည်းဖြည်းအက်ကာဘေးနှစ်ဖက်ဆီ ရွှေ့လျားသွားသည်။ ကျောက်ဖျာတံခါးတစ်ချပ်က ထိုနေရာမှ ပေါ်ပေါက်လာသည်။



ကျောက်ဖျာတံခါးပေါ်တွင် အပေါက်ဝိုင်းကလေးတစ်ခု ပါရှိသည်။ လောင်ရီသည် ထိုအပေါက်အတွင်းသို့ သော့ကို ထိုးသွင်းလိုက်၏။ သော့ကိုလှည့်လိုက်သောအခါ ...

'ကျွီ'

ဟူသောမြည်သံနှင့်အတူ တံခါးဘေးတစ်ဖက်သို့ ရွှေ့ပြီး ပွင့်သွား၏။ အခန်းတစ်ခန်း ပေါ်လာပြန်သည်။ လောင်ရီ အရင်ဆုံး အခန်းတွင်းသို့ ဝင်လိုက်၏။

သို့သော် ခြေလှမ်းသုံးလှမ်းခန့် လှမ်းရရုံရှိသေးသည်။ လောင်ရီမှာ ကြက်သေသေကာ ရှေ့မတိုးနိုင်တော့ဘဲ နေရာမှာတင် ရပ်တန့်နေမိသည်။

ကျားကလေးမှာ သူ့ဆရာက ရှေ့မှရပ်တန့်ကာဆီးနေ၍ အခန်းတွင်းရှိအခြေအနေကို မမြင်နိုင်ဘဲဖြစ်နေမိ၏။ ဆရာ့ကို သာလှမ်း၍ ...

"ဆရာ ... ဘာဖြစ်လို့လဲဟင်၊ ဘာတွေ့လို့လဲ"

ဟု မေးမြန်းလိုက်မိသည်။ လောင်ရီက စိတ်ပျက်လက်ပျက် ခေါ်မ်းယမ်းလိုက်သည်။

"မင်းပဲ ဝင်ကြည့်ပေတော့"

ပြောပြောဆိုဆိုဖြင့် ကျားကလေးဝင်သာအောင် လမ်းဖယ်ပေးလိုက်၏။

ကျားကလေးက ကိုယ်ကိုစောင်းပြီး အတွင်းသို့ဝင်လိုက်သည်။ တစ်ခန်းလုံးကို မျက်စိကစားကြည့်သည်။ အခန်းတွင်း၌ ဟာလာဟင်းလင်းဖြစ်နေ၏။ မည်သည့်ပစ္စည်းမျှ မရှိ။ သိုင်းကျမ်းဆိုတာလည်း မရှိ။ ရတနာရွှေငွေလည်း မရှိ။ ဘာဆိုဘာမျှမရှိပါ။ တစ်ခန်းလုံး ပြောင်သလင်းခါနေ၏။

ကျားကလေးက လောင်ရီအား နားမလည်စွာလှည့်ကြည့်လိုက်သည်။ လောင်ရီက သက်ပြင်းတစ်ချက် ဟူးခနဲမှုတ်ထုတ် ပြီး ကြမ်းပြင်ပေါ်သို့ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်၏။

"အင်း ... တခြားလူ လက်ဦးသွားပြီထင်တယ်"

ကျားကလေးက ခေတ္တစဉ်းစားသည်။ ထို့နောက် သူ့ဆရာအား ခေါင်းယမ်းပြ၏။

"မဖြစ်နိုင်ဘူးဆရာ ... ဘာဖြစ်လို့လဲဆိုတော့ သော့က မူလနေရာမှာ အနေအထားမပျက်ရှိနေတယ် မဟုတ်လား"

လောင်ရီသည် ဟာလာဟင်းလင်းဖြစ်နေသော အခန်းကို ကြည့်ကာသက်ပြင်းတစ်ချက်ချလိုက်သည်။ ကျားကလေးက တစ်စုံတစ်ရာ တွေးမိဟန်ဖြင့်

"သိုင်းဆရာကြီးစင်ဂူအနေနဲ့ တခြားစီမံထားတာတစ်ခုခု ရှိမယ်ထင်တယ်၊ အခန်းထဲ သေသေချာချာရှာကြည့်ရအောင်"

လောင်ရီက ထိုင်ရာမှမထပါ။ စိတ်ပျက်လက်ပျက် လေသံဖြင့်သာ ...



"အေး ... မင်းပဲလိုက်ရှာတော့"

ဤတွင် ကျားကလေးသည် အခန်းတစ်ခုလုံးကို အသေးစိတ် ရှာဖွေလေ့လာနေတော့သည်။ တစ်ခန်းလုံးပိုက်စိပ်တိုက်ပြီး လိုက်ရှာကြည့်သောအခါ ထူးခြားမှုကိုမတွေ့ရပါ။

တံခါးပေါင်ပေါ်တွင်မူ အောက်ပါစာသားများ ရေးထွင်းထား၏။

"ယူတတ်မှရသည်"

ကျားကလေးက လောင်ရီအားလှမ်း၍ ...

"ဆရာ ... ဒီတံခါးပေါင်မှာ စာရေးထားတယ်၊ ယူတတ်မှရသည်တဲ့"

ထိုအခါ လောင်ရီသည် ယူတတ်မှရသည် ယူတတ်မှရသည်ဟူသော စာလုံးများကို နှုတ်မှတတွတ်တွတ် ရွတ်ဆိုနေ၏။

အတန်ကြာရွတ်ဆိုရင်း စဉ်းစားပြီးနောက် သူ့မျက်နှာမှာ စောစောကလို စိတ်ပျက်လက်ပျက်မှုန်မှိုင်းမနေတော့ဘဲ ပြန်ပြီး ကြည်ကြည်လင်လင်ဖြစ်လာလေတော့သည်။ နှုတ်မှလည်း ကျယ်လောင်စွာ ရယ်မော၏။ ရယ်ရင်းမောရင်းမှလည်း ...

"ဟား ဟား ... ငါသဘောပေါက်ပြီ ... လာ လာ ... တို့ အပြင်သွားကြရအောင်"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် ကျားကလေးကို ခေါ်ကာ အပြင်သို့ထွက်သွားလေတော့၏။ ဤသို့ဖြင့် နှစ်ယောက်စလုံးအ

တွင်းခန်းမှ ပြန်ထွက်လာကြပြန်သည်။

အပြင်သို့ရောက်သောအခါ လောင်ရီက ရယ်ရယ်မော မောဖြင့် ...

"ကျားကလေး ... ဆရာကြီးစင်ဂူလုပ်ခဲ့တဲ့ လျှို့ဝှက်ချက် ကို မင်းသိလား"

ကျားကလေးက ခေါင်းယမ်းပြသည်။

"ဟင့်အင်း ... မသိဘူးဆရာ"

ဤတွင် လောင်ရီက

"အမှန်တော့ ဆရာကြီးစင်ဂူဟာ ဘာရတနာပစ္စည်းမှ မထားခဲ့ဘူး၊ ယူတတ်မှရတယ်ဆိုတာကလည်း ပညာကိုပြောတာ၊ သူ့သိုင်းပညာကျမ်းကလည်း ဘာမှရှည်ရှည်ဝေးဝေးမှာ ရှာနေစရာမလိုဘူး၊ ဟောဒီ သူရိယာရောင်ဝါသွေးယုက်ဖြာအတွင်းအားကျင့်စဉ်ကျမ်းပဲဖြစ်တယ်၊ ဒီထဲမှာ သိုင်းကွက်သုံးကွက်ပါတယ်၊ ဒါဟာ ဆရာကြီးစင်ဂူရဲ့ ကျော်ကြားတဲ့ စင်ဂူသိုင်းသုံးကွက်ပဲ"

ကျားကလေးက မျက်မှောင်ကုတ်လိုက်သည်။

"ဒါဆို ... အောက်ကလိုဏ်ဂူထဲမှာ သော့ထားတာက ရော ဆရာ ... ဘာအဓိပ္ပာယ်လဲ"

လောင်ရီက သူရိယာရောင်ဝါသိုင်းကျမ်းစာအုပ်ကလေး ကို ထုတ်ယူလိုက်သည်။

နောက်ဆုံးစာမျက်နှာအောက်ရှိ စာကြောင်းများကို



ထောက်ပြရင်း ...

"ဟောဒီမှာ ကြည့်လေ ... ကျောက်စားပွဲအောက်မှ ထွက် ပေါ်လာမယ့် အနက်ရောင်အအေးငွေ့ကိုလည်း ခိုလှုံတတ်ပါစေဆို တာ"

"ဒါဆို ကျွန်တော်"

ကျားကလေး စကားမဆုံးခင် လောင်ရီက ရယ်မောရင်း

"ဟား ဟား ... အဲဒါပြောတာပေါ့ကွာ၊ ဆရာထက် တပည့် လက်စောင်းထက်တယ်ဆိုတာ၊ ခုဆိုရင် သိုင်းပညာတတ်တာချင်း အတူတူ ငါ့တပည့်က ငါ့ထက် ပညာတစ်ခုသာသွားပြီ၊ အတွင်းအား ပညာနှစ်မျိုး မင်းကရသွားပြီ၊ ကဲ ... ဘယ်လောက်ဝမ်းသာစရာ ကောင်းလဲ၊ ဒါဟာ မင်း ကုသိုလ်ကံထူးလို့ရတာပဲ"

ဆရာ၏မွန်မြတ်သော အရိုးခံစေတနာစကားများကို နား ထောင်ရင်း ကျားကလေးမှာ ရင်ထဲဆို့နင့်လာမိ၏။ သူသည် ဒူး တုပ်ထိုင်ချလိုက်ကာ ဆရာအား အကြိမ်ကြိမ်အခါခါ ဦးညွတ်နေမိ သည်။ ဆရာက သူ့အားပွေ့ထူပေးလိုက်သည်။

"ကဲ တပည့်ရေ ... မင်းနဲ့ဆရာနဲ့ အတူတူနေခဲ့ကြတာ သုံး နှစ်ကျော်သွားပြီ၊ တို့ မူလရည်ရွယ်ချက်ဖြစ်တဲ့ ရွှေငွေရတနာတွေ မရပေမယ့် မွန်မြတ်တဲ့ပညာကိုတော့ မင်းရရှိသွားပြီ၊ ဒီတော့ မင်း သိုင်းလောကထဲ ဆက်လက်ဝင်ရောက်လှုပ်ရှားပါ။ ဆရာတော့ ဒီမှာပဲ အေးအေးဆေးဆေးနေခဲ့တော့မယ်၊ ပြင်ပသိုင်းလောကထဲ ရောက်

ရင်သာ ပျောက်ဆုံးနေတဲ့ ဆရာ့သားနဲ့သမီးရဲ့သတင်းကို စုံစမ်းပေးပါကွာ ... ဟုတ်ပြီလား"

ကျားကလေးမှာ ဆရာပြောသမျှ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်းမှ မျက်ရည်လည်နေမိသည်။

"သိုင်းလောကထဲ လှုပ်ရှားတဲ့အခါ ခုလိုပဲ ကလေးလို လှုပ်ရှားပါ၊ အဲ ... လိုအပ်တဲ့အခါကျရင် မင်းခန္ဓာကိုယ်ကို ပုံမှန်အတိုင်း ကြီးထွားလာအောင်ပြုပြင်တဲ့နည်း ဆရာပေးလိုက်မယ်"

ပြောပြောဆိုဆိုဖြင့်ပင် ဆရာသည် သူ့အားခန္ဓာကိုယ် ပုံမှန်အတိုင်းပြန်လည်ကြီးထွားသွားနိုင်သည့် နည်းလမ်းကိုပြန်လည် သင်ကြားပေးလိုက်သည်။

နောက်ဆုံးတွင်မူ ကျားကလေးသည် ဆရာအားကြေကွဲစွာ နှုတ်ဆက်ကာ ထိုတောထဲမှ ပြင်ပလောကထဲသို့ ပြန်လည်ထွက်ခွာလာခဲ့ရပြန်လေသည်။

+ + +



## အခန်း (၂၃)

ပထမဦးဆုံးတုန်းကတော့ သူသည် ဘယ်သွားရမည်ကို မသိပါ။ ယောင်လည်ယောင်လည်ဖြင့် ခြေဦးတည့်ရာထွက်ခွာလာခဲ့ရခြင်းဖြစ်သည်။

သို့သော် တစ်ရက်၊ နှစ်ရက်ခန့်ယောင်လည်လည်လျှောက်သွားခဲ့ပြီးနောက် ကျူကောင်းမြို့သို့သွားရန် ဆုံးဖြတ်လိုက်၏။ မှန်ပါသည်။ ကျားကလေးသည် ဆုံးဖြတ်ချက်နှင့်အတူ ကျူကောင်းမြို့သို့ အရောက်လာခဲ့သည်။

ကျူကောင်းမြို့ပြင်တွင် နေထိုင်ခဲ့ကြဖူးသော သူ့သူငယ်ချင်းလာခွေနှင့် လျောင်ဖားတို့နေထိုင်ရာဘက်သို့ သူလျှောက်လာခဲ့သည်။

လျောင်ဖားနေထိုင်ရာအိမ်သို့ အရင်စုံစမ်းသည်။ သို့သော်လည်း လျောင်ဖားသည် ဟိုတုန်းက သူနေထိုင်သောအိမ်တွင် ရှိမနေတော့ပါချေ။

ဤတွင် သူက လာခွေနေထိုင်ရာအိမ်ဘက်သို့ စုံစမ်းရန် ထွက်ခွာလာခဲ့ပြန်သည်။ သို့သော် လာခွေ၏အိမ်မှာလည်း မီးလောင်

ပြီးပျက်စီးနေသည်ကိုသာ တွေ့လိုက်ရလေတော့သည်။

ကျားကလေးမှာ မျှော်လင့်ထားသလို သူငယ်ချင်းနှစ်ယောက်ကိုမတွေ့ရ၍ လွန်စွာစိတ်ဓာတ်ကျသွားသည်။ စိတ်ဓာတ်ကျစွာဖြင့် မြို့အနှံ့လျှောက်သွားနေမိသည်။

ညနေစောင်းအချိန်သို့ ရောက်လာသောအခါတွင်မူ ဆာလောင်လာလေတော့သည်။ ထို့ကြောင့် လမ်းဘေးရှိ ထမင်းဆိုင်တစ်ဆိုင်သို့ ထမင်းစားရန် ဝင်ထိုင်လိုက်သည်။

ထိုထမင်းဆိုင်ကလေးထဲ ဝင်ရောက်မိတော့မှ သူငယ် ချင်းများကိုပို၍ သတိရမိပြန်သည်။ ယခင်ကဆိုလျှင် ဤထမင်းဆိုင်လေးထဲ၌ သူတို့သူငယ်ချင်းသုံးယောက် မကြာခဏ အတူတူဝင်ရောက်စားသောက်ခဲ့ကြဖူးသည်။

ကျားကလေးက ထမင်းဆိုင်ပိုင်ရှင်ကို လှမ်းကြည့်လိုက်၏။ ဆိုင်ရှင်မှာ ယခင်လူ မဟုတ်ပါ။ ဆိုင်ပိုင်ရှင်အသစ် ဖြစ်ဟန်တူသည်။ ကျားကလေးသည် ထိုလူအားကြည့်ရင်း ရင်းနှီးဖူးသလိုလို ခံစားနေရမိ၏။ ထို့ကြောင့် သေသေချာချာကြည့်လိုက်မိသည်။

သေချာစွာကြည့်မိတော့မှပင် ထမင်းဆိုင်ပိုင်ရှင်မှာ သူ၏သူငယ်ချင်းလျှောင်ဖားဖြစ်နေသည်ကို တွေ့ရလေ၏။ လျှောင်ဖားမှာ အရပ်ထောင်ထောင်မောင်းမောင်း ကိုယ်ခန္ဓာထွားထွားကျိုင်းကျိုင်းဖြင့် တကယ့်လူကြီးတစ်ဦးပုံမျိုးဖြစ်နေချေပြီ။

ကျားကလေးက ဝမ်းသာအားရဖြင့် ...



"လျှောင်ဖား"

ခေါ်သံကြောင့် လျှောင်ဖားသည် ကျားကလေးရှိရာဘက်သို့ လှည့်လာ၏။ ကျားကလေးကိုမြင်သောအခါ ပထမ မျက်လုံးပြူးကျယ်အံ့သြသွားသည်။ ဒုတိယ ဝမ်းသာအားရဖြင့် ...

"ဟင် ကျားကလေး ... မင်း မင်းကိုတွေ့ရတာ ငါ ... ငါ ဝမ်းသာလိုက်တာကွာ၊ ကြည့်ပါဦး ... မင်းပုံကလည်း ဟိုတုန်းကအတိုင်းပါပဲလား"

လျှောင်ဖားက မပြောင်းလဲသော ကျားကလေး၏ပုံသဏ္ဌာန်ကိုကြည့်ပြီး တအံ့တသြဖြစ်နေ၏။ သူသည် ကျားကလေးကိုကောင်းမွန်စွာကျွေးမွေးပြုစုသည်။ ကျားကလေးက

"ဒါနဲ့ လျှောင်ဖား လာခွေတစ်ယောက်ရော"

"လာခွေလား ... ဒီမြို့မှာပဲရှိပါတယ်၊ အရင်နေရာမှာတော့ မဟုတ်ဘူး၊ မြို့လယ်ကောင်ဈေးနားကို ပြောင်းသွားတယ်ကွ၊ ဒီကောင် အခု ဆန်ကုန်သည်လုပ်နေတယ်၊ အေးကွာ ... တိုက်တိုက်ဆိုင်ဆိုင် တမြန်နေ့ကတောင် ငါနဲ့လာခွေ ဈေးမှာတွေ့လို့ မင်းအကြောင်းပြောမိကြသေးတယ်"

"ဒါဆို တို့ညနေကျရင် လာခွေဆီသွားကြရအောင်"

"အေး ... ကောင်းတယ်"

✣

ညနေပိုင်းအချိန်ဖြစ်သည်။ လျောင်ဖျားနှင့် ကျားကလေးတို့သည် လာခွေအားသွားရောက်တွေ့ဆုံကြ၏။ လာခွေမှာလည်း လျောင်ဖားနည်းတူခန္ဓာကိုယ်ထွားကျိုင်းသော လူကြီးတစ်ယောက်ပုံသဏ္ဍာန်ဖြစ်နေချေပြီ။

လေးနှစ်အတွင်း သူငယ်ချင်းများလည်း စိတ်နေစိတ်ထားရော ကိုယ်ခန္ဓာအနေအထားပါ ပြောင်းလဲနေကြသည်။ လေးနှစ်ဟူသော အချိန်အတိုင်းအတာသည် အရာရာကို ပြောင်းလဲစေနိုင်ခဲ့သော်လည်း ကျားကလေး၏ခန္ဓာကိုယ်အချိုးအဆစ်ကမူ ယခင်ကပုံစံအတိုင်းပင် ရှိနေပါသေးသည်။

လျောင်ဖျား၊ လာခွေနှင့် ကျားကလေး ...။

ငယ်သူငယ်ချင်းသုံးဦးသား ပြန်လည်ဆုံတွေ့ပျော်ရွှင်ပွဲကို မြို့လယ်ကောင်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ကျင်းပကြသည်။ ရောက်တတ်ရာရာ စကားပြောဆိုကြရင်းမှ ...

လာခွေသည် ဆန်ကုန်သည်လုပ်ရင်း ငွေကြေးချောင်လည်စီးပွားတက်နေပြီဟု ကျားကလေးသိလိုက်ရ၏။

လျောင်ဖားကမူ ထမင်းဆိုင်ပိုင်ရှင်အလုပ်ကို လုပ်နေသော်လည်း သူသည် ထိုအလုပ်ကိုအယောင်ပြကာ လုပ်နေခြင်းမျှသာ ဖြစ်သည်ဟုဆိုသည်။

သူ့အား ထိုသို့ ထမင်းဆိုင်အယောင်ပြဖွင့်ခိုင်းထားသူကား မြို့ဝန်မင်းဖြစ်သည်။ လျောင်ဖျား၏ တကယ်အလုပ်မှာ မြို့ဝန်မင်း၏အထောက်တော်အဖြစ် အမှုထမ်းရခြင်းဖြစ်ကြောင်း လျောင်ဖားက ပြောပြသည်။ မြို့ဝန်မင်းသည် သူ့အား ထမင်းဆိုင်တစ်ဆိုင်ဖွင့်စေကာ လမ်းထိပ်ရှိ 'ရှားဂေဟာ' ကို စောင့်ကြပ်ကြည့်ရှုစေကြောင်း၊ ထိုအိမ်၏ လူအဝင်အထွက်နှင့်ပတ်သက်သမျှ အချိန်အတိအကျမှတ်ထားပြီး လျောင်ဖျားက မြို့ဝန်မင်းထံ သတင်းပို့ရသည်။

ကျားကလေးသည် လေးနှစ်တာအချိန်အတွင်း သူ့ဘဝဖြစ်ပျက်မှုအားလုံးကို သူငယ်ချင်းနှစ်ယောက်အား ပွင့်ပွင့်လင်းလင်း ပြောပြသည်။ နောက်နောင် မကောင်းမှုဒုစရိုက်လုပ်ငန်းများနှင့် ကင်းနိုင်သမျှ ကင်းကင်းနေတော့မည်ဖြစ်ကြောင်း၊ မလုပ်မိအောင် စောင့်ထိန်းမည်ဖြစ်ကြောင်း သူငယ်ချင်းနှစ်ယောက်ကို ကတိပေးလိုက်သည်။

သူတို့ ငယ်သူငယ်ချင်းသုံးယောက်သည် ရောက်တတ်ရာရာစကားများကိုပြောရင်း တစ်ယောက်နှင့်တစ်ယောက် ပြန်လည်ဆုံစည်းကြခြင်းအတွက် ဝမ်းသာပျော်ရွှင်နေကြ၏။ သုံးယောက်သား နောက်တစ်နေ့တွင် ထပ်တွေ့ကြဦးမည်ဖြစ်ကြောင်းပြောဆိုပြီး လူစုခွဲလိုက်ကြသည်။ မြို့လယ်တွင်နေသော လာခွေက အရင်ဦးဆုံး နှုတ်ဆက်ကာ ပြန်သွားသည်။

ကျားကလေးနှင့်လျောင်ဖားတို့ စားသောက်ဆိုင်မှပြန်ထွက်လာခဲ့ကြသောအခါ ညဥ့်အတော်နက်နေချေပြီ။

✝ ✝ ✝

## အခန်း (၂၄)

ဒုတိယနေ့ …။

ဒုတိယနေ့ညနေပိုင်းတွင် ကျားကလေးတို့ သူငယ်ချင်းသုံးယောက်ပြန်လည်ဆုံစည်းကြပြန်၏။ ယခုတစ်ကြိမ်တွင်မူ နာမည်ကြီးစားသောက်ဆိုင်တွင် လာခွေက ဒကာခံမည်ဟု ခေါ်ဆောင်ကာ ပြုစုကျွေးမွေးခြင်းဖြစ်သည်။

စားသောက်ဆိုင်ကား နာမည်ကြီးသလောက် လူစည်ကားလှ၏။ သူတို့အတွက် သီးသန့်နေရာမရှိပါ။ ခန်းမကြီးအတွင်း၌ အခြားစားသောက်သူများကဲ့သို့ စားပွဲတစ်ခုတွင် သုံးယောက်ထိုင်ကာ စားသောက်နေကြရသည်။

စကားပြောရင်း စားသောက်နေကြစဉ် ကျားကလေးက သူငယ်ချင်းနှစ်ယောက်အား ရုတ်တရက်လက်ကုတ်လိုက်သည်။ လျှောင်ဖျားနှင့် လာခွေက ပြိုင်တူလိုပင် …

"ဘာလဲ ဟေ့ကောင်"

"ဘာဖြစ်လို့လဲကွ"

ဟု သူ့အားလှမ်းမေးကြသည်။ ကျားကလေးက



"ရှူး … အသာနေ … ကံကောင်းရင် တို့တစ်တွေပွဲကြီးပွဲကောင်းတစ်ခု ဒီဆိုင်ထဲမှာတွေ့နိုင်တယ်"

ကျားကလေးသည် နှုတ်မှထိုသို့ပြောရင်း တစ်နေရာသို့အမှတ်မထင် မေးဆတ်ပြလိုက်၏။

ကျားကလေးက မေးငေါ့ပြရာသို့ နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြပြန်သည်။ ထိုအခါ သူတို့နှင့်သုံးခုံကျော်အကွာအဝေးရှိ စားပွဲတွင် အစိမ်းရောင်ဝတ်စုံနှင့်လူတစ်ယောက်သည် ဘာမှမထူးခြားသည့်ပုံစံမျိုး အေးဆေးစွာအရက်ထိုင်သောက်နေသည်ကို တွေ့လိုက်ကြရတော့၏။ လာခွေနှင့်လျှောင်ဖားတို့မှာ ကျားကလေးအား နားမလည်စွာ ပြန်ကြည့်လိုက်ကြသည်။

"ဟေ့ကောင် … ဘာလဲကွ၊ ဘာမှလည်းမထူးခြားပါလား"

လာခွေက မအောင့်အည်းနိုင်တော့ဘဲ နှုတ်မှထုတ်ဖော်မေးမြန်းလိုက်မိ၏။ ကျားကလေးပြုံးလိုက်ရင်း …

"ကြည့်နေပါကွ … မကြာခင် ဒီနေရာမှာ အနည်းဆုံးချိန်းဆိုပွဲတစ်ခု တွေ့ရလိမ့်မယ်၊ မင်းတို့ ငါပြောတာမယုံရင် ကြည့်နေ၊ ဒါနဲ့ … "

ကျားကလေးက စကားစဖြတ်ကာ လျှောင်ဖျားအား ခပ်တိုးတိုးလှမ်းမေးလိုက်ပြန်၏။

"လျှောင်ဖျား … မင်းရဲ့ဘယ်ဘက်ထောင့်က တို့နဲ့လေးခုံကျော်မှာထိုင်နေတဲ့ ဝဝလူနဲ့ပိန်ပိန်လူကို မင်းသိလား"

လျှောင်ဖျားက မသိမသာခေါင်းညိတ်ပြသည်။

"သိတယ် ... ဒီလူတွေက ရှားဂေဟာလုံခြုံရေးတာဝန်ခံတွေပဲ၊ သိုင်းပညာ တော်တော်လေးကျွမ်းကျင်တယ်လို့လည်း ပြောသံကြားဖူးတယ်"

ကျားကလေးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် လေသံတိုးတိုးဖြင့် သူငယ်ချင်းများကိုရှင်းပြ၏။

"အင်္ကျီစိမ်းဝတ်ထားတဲ့လူက သိုင်းလောကထုံးစံ မဆိုင်သူဝင်မရှုပ်နဲ့ဆိုတဲ့ အချက်ပြအနေအထားကို သူ့စားသောက်စားပွဲပေါ်က အရက်အိုးနဲ့အရက်ခွက်မှာ ဖော်ပြထားတယ်၊ ဒါဟာ ငါ့စိတ်ထင်တော့ အဲဒီဝဝလူနဲ့ ပိန်ပိန်လူကို အသံတိတ်ပြောနေတာလားမသိဘူး"

ကျားကလေးသည် ထိပ်တန်းသိုင်းပညာရှင် လောင်ရီနှင့် လေးနှစ်နီးပါး တပူးတွဲတွဲ ရင်းနှီးစွာနေထိုင်ပညာယူလာခဲ့သူ ဖြစ်၏။

လောင်ရီထံမှ သိုင်းလောက၏ထုံးစံများ၊ စိန်ခေါ်ခြင်းသင်္ကေတအချက်ပြခြင်းများ၊ ထူးဆန်းသောအခြင်းအရာများကိုလေ့လာသင်ယူခဲ့ရသည်။ ထို့ကြောင့်လည်း ဖြစ်ပေါ်လာမည့်အခြေအနေကို ကြိုတင်အကဲခတ်မိကာ ယခုလို သူငယ်ချင်းများကို ရှင်းပြနေနိုင်ခြင်းဖြစ်၏။

ကျားကလေးပြောသောစကားများအား လျှောင်ဖားနှင့်လာခွေတို့က မယုံတစ်ဝက် ယုံတစ်ဝက်မျက်နှာလေးများဖြင့် နား



ထောင်နေကြသည်။ ထိုစဉ် ... ကျားကလေးက ယခင်ကနေထိုင်ခဲ့ဖူးသော တေလေဂိုဏ်း၏ဂိုဏ်းခွဲဖြစ်သည့် ဟင်းရွက်ခြံမှ တေလေသိုင်းသမားစီဆောင်သည် စားသောက်ခန်းမထဲသို့ ဝင်ရောက်လာလေတော့၏။

စီဆောင်ဝင်ရောက်လာသည်ကို မြင်သောအခါ ကျားကလေး မသိမသာ မျက်မှောင်ကြုတ်လိုက်မိသည်။ စီဆောင်အားကျားကလေးက မသိမသာ အကဲခတ်ကြည့်ရှုလိုက်ပြန်၏။

စီဆောင်သည် စားသောက်ခန်းမထဲသို့ရောက်ရှိလျှင်ရောက်ရှိချင်း အခန်းထဲသို့ မျက်လုံးတစ်ချက်ကစားကြည့်လိုက်သည်။

အင်္ကျီအစိမ်းဝတ်ဆင်ထားသူကို မြင်ရသောအခါ မျက်မှောင်ကြုတ်လိုက်သည်။ ထို့နောက်တွင် ...

စီဆောင်သည် ခပ်တည်တည်မျက်နှာထား၊ သွက်လက်သောခြေလှမ်းများနှင့်အတူ အင်္ကျီစိမ်းဝတ်ဆင်ထားသူရှိရာ စားပွဲသို့ တန်းတန်းမတ်မတ်လျှောက်လှမ်းသွားလေတော့၏။

အင်္ကျီစိမ်းဝတ်ဆင်ထားသူကမူ ခပ်အေးအေးပင်။ သူ့စားပွဲ၌ အေးတိအေးဆေးစွာထိုင်ကာ ပုံဟန်မပျက်စားသောက်နေ၏။ စီဆောင်၏ခြေလှမ်းအစုံသည် ထိုသူ၏စားပွဲရှေ့အရောက်တွင် ရပ်တန့်သွားသည်။ စီဆောင်၏မျက်လုံးအစုံသည် အင်္ကျီစိမ်းဝတ်ဆင်ထားသူ၏မျက်လုံးများနှင့် စက္ကန့်ပေါင်းများစွာ ရင်ဆိုင်နေကြသည်။

စီဆောင်၏နှုတ်ကမူ မည်သည့်စကားမျှ မပြောပါ။ နှုတ်

မှ မည်သို့မျှမပြောသော်လည်း ညာလက်ကမူ ရုတ်တရက်ဆန့်ထုတ်လိုက်၏။ ဆန့်ထုတ်လိုက်သော ညာလက်သည် စားပွဲပေါ်၌ရှိနေသော အရက်အိုး၏နှုတ်သီးကို အခြားတစ်ဖက်သို့ လှည့်ပစ်လိုက်၏။ တစ်ဆက်တည်းမှာလည်း အရက်အိုး၏အဖုံးကိုဖွင့်ကာ စားပွဲပေါ် လှန်ချထားလိုက်ပြန်သည်။

စီဆောင်သည် ထိုလုပ်ဆောင်မှုများကို ပြုလုပ်ပြီးနောက် စားပွဲရှေ့တွင် ငြိမ်သက်စွာရပ်နေလိုက်ပြန်လေသည်။ အင်္ကျီစိမ်းဝတ်လူသည် စီဆောင်ကို တစ်ချက်မော့ကြည့်လိုက်၏။ ထို့နောက် ခြောက်ကပ်ကပ်အသံဖြင့် ...

"ကောင်လေး ... မင်းနဲ့မဆိုင်တဲ့အလုပ်ကို ဘာလို့ဝင်ရှုပ်ချင်တာလဲ၊ ကောင်းပြီ ... မင်းရဲ့နာမည်နဲ့လိပ်စာကိုပြောခဲ့ပါ"

စီဆောင်ကလည်း သံပြတ်နှင့်ပင် ...

"စီဆောင်၊ နေတာက မြို့မြောက်ဘက်မှာရှိတဲ့ ဟင်းရွက်ခြံ"

ဤတွင် အင်္ကျီစိမ်းဝတ်လူက မတ်တတ်ထရပ်ကာ လက်နှစ်ဖက်ဆုပ်၍

"ကောင်းပြီ ... ကျုပ်နာမည်က ထောင်စင်၊ သည်ည သန်းခေါင်ယံ ဟင်းရွက်ခြံလာခဲ့မယ်"

စီဆောင်ကလည်း လက်နှစ်ဖက်ဆုပ်ကာ ...

"လာခဲ့ပါ ... စောင့်နေမယ်"



ထို့နောက် ချာခနဲလှည့်ကာ ခန်းမဆောင်အတွင်းမှ ထွက်သွားလေတော့သည်။ စီဆောင် ထွက်ခွာသွားပြီး မကြာခင် အင်္ကျီစိမ်းနှင့်လူသည်လည်း ငွေတုံးကလေးတစ်တုံးကို စားပွဲပေါ် ချထားနောက် ထွက်ခွာသွားလေတော့သည်။

ဖြစ်ပျက်သမျှအားလုံး ငြိမ်သက်စွာစောင့်ဆိုင်းကြည့်ရှုနေကြပြီးနောက် လာခွေက ကျားကလေးဘက်သို့ လှည့်လိုက်သည်။

"အင်္ကျီစိမ်းနဲ့လူက ဘယ်အရပ်သားလဲ၊ ဘယ်သူလဲ၊ မင်းသိလား"

ကျားကလေးက ခေါင်းညိတ်ပြသည်။

"သိတယ် ... သူဟာ လျူဟာနယ် ထောင်မိသားစုထဲကပဲ"

လျူဟာနယ်မှ 'ထောင်' မိသားစု၏ အဆိပ်လက်နက်ပုန်းပညာရပ်သည် သိုင်းပညာထဲ၌အလွန်ကျော်ကြား၏။ ထောင်မိသားစုကား လူအင်အားတောင့်တင်းသော မိသားစုတစ်စုလည်းဖြစ်သည်။ ကျားကလေးမှာ 'ထောင်' မိသားစုနှင့်တဝလေလိုဏ်းအကြား မည်သည့်အကြောင်းကြောင့် ယခုကဲ့သို့ ချိန်းဆိုပွဲပြုလုပ်နေရသည် ဆိုသောအချက်ကို သိချင်စိတ်ပြင်းပြလာသည်။

သို့ဖြင့် ... ထိုနေ့ညသန်းခေါင်ယံအချိန်တွင် ဟင်းရွက်ခြံသို့ ကိုယ်တိုင်သွားရောက်ပြီး စနည်းနာရန်ကျိတ်ဆုံးဖြတ်လိုက်လေတော့သည်။

\+ + +

## အခန်း (၂၅)

ကျားကလေးသည် ကုန်လွန်ခဲ့သော လေးနှစ်တာကာလအတွင်း ခန္ဓာကိုယ်မှာ ကြီးထွားသန်မာလာခဲ့သလို စိတ်ဓာတ်လည်း ရင့်ကျက်တည်ငြိမ်လာသည်။

သူသည် ဆရာလောင်ရီ သင်ကြားပေးလိုက်သောကြောင့် သိုင်းပညာအရာတွင်လည်း တစ်ဖက်ကမ်းခပ်မျှ တတ်မြောက်လာနိုင်ခဲ့သည်။

ဆရာလောင်ရီထံမှ ခွင့်ပန်ကာ ထွက်ခွာလာခဲ့ပြီးနောက် သူသည် အမေမိုတို့လူစုကို လိုက်လံစုံစမ်းရှာဖွေသည်။ ထိုသို့ စုံစမ်းရှာဖွေရင်းမှ ဘုရင်းမင်းမြတ်၏ တပ်မတော်နှင့် အဆက်အသွယ်ရကာ လက်နက်ကိုင်အဖွဲ့ဝင် ဘုရင့်ရဲမက်တော်တစ်ဦး ဖြစ်လာခဲ့၏။

အမှုထမ်းသက် မကြာမီအချိန်အတွင်းမှာပင် သူ၏ ထက်မြက်သော သိုင်းပညာ၊ သတ္တိရှိရှိ စွန့်စားဆောင်ရွက်မှု၊ တိုင်းပြည်၏ ရန်စူးရန်စွယ်များအား ထက်ထက်မြက်မြက် တွန်းလှန်တိုက်ခိုက်မှုတို့ကြောင့် ကျားကလေးသည် ဘုရင်၏ အထောက်တော်တပ်မှူးအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခံရသည်။



တစ်နေ့တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် သူ့အား ခေါ်ယူကာ ကျူကောင်းမြို့ရှိ ရှားဂေဟာနှင့်ပတ်သက်ပြီး သတင်းစုံစမ်းထောက်လှမ်းရန် တာဝန်ပေးအပ်လိုက်၏။

အကယ်၍ ရှားဂေဟာသည် တိုင်းပြည်၏ ရန်စူးရန်ပြောင့် သစ္စာဖောက်များ စုဝေးရာနေရာဖြစ်လျှင် ထိုဂေဟာကို ဖျက်ဆီးတိုက်ခိုက်ပစ်ရန်နှင့် သစ္စာဖောက်များအား ချေမှုန်းပစ်ရန်လည်း ဘုရင်မင်းမြတ် အမိန့်တော်မြတ် ချမှတ်လိုက်သည်။

ဤသို့ဖြင့် ကျားကလေးသည် နေပြည်တော်မှ ထွက်ခွာကာ ကျူကောင်းမြို့သို့ ရောက်ရှိလာသည်။ ကျူကောင်းမြို့တွင် ယခင်က သိကျွမ်းခင်မင်ခဲ့သော သူငယ်ချင်းနှစ်ယောက်နှင့်တွေ့ဆုံကာ စားသောက်ဆိုင်တစ်ဆိုင်၌ ဝိုင်းဖွဲ့စားသောက်နေကြရင်းမှ ရှားဂေဟာ၏ သတင်းအစအနကို မမျှော်လင့်ဘဲ ရရှိခဲ့သည်။

ဤတွင် သူသည် ထိုသတင်းကို အတိအကျ စုံစမ်းသိရှိနိုင်ရန်အတွက် ထိုညဘက်၌ပင် လှူပ်ရှားရန် ဆုံးဖြတ်လိုက်လေတော့၏။

+ + +

## အခန်း (၂၆)

ည သန်းခေါင်ယံအချိန်။ ထိုအချိန်တွင် ကျားကလေးသည် ယခင်က သူနေထိုင်ခဲ့ဖူးသော ဟင်းရွက်ခြံသို့ တိတ်တဆိတ်ရောက်ရှိလာ၏။ ဟင်းရွက်ခြံ၏အလယ်တွင် တေလေဂိုဏ်း၏ ဌာနခွဲ မှူး ဖူစိန် နေထိုင်သည်။

ကျားကလေးသည် အိမ်နားသို့ကပ်သွားသည်။ အိမ်အတွင်း၌ ဖူစိန်၊ စီဆောင်နှင့် ဘာချမ်းတို့အပြင် သူမမြင်မတွေ့ဖူးသော အခြားလူတစ်ယောက်လည်း ရှိနေကြသည်။ ထိုသူကို သူမသိပါ။

သူတို့လေးယောက် ဘာတွေ စုပေါင်းတိုင်ပင်နေကြသနည်း။ ကျားကလေးက သိချင်စိတ်ပြင်းပြစွာဖြင့် အိမ်နားသို့ ပိုပြီးတိုးကပ်သွားသည်။ ထိုစဉ် ခြံဝင်းအပြင်ဘက်မှ အချက်ပေးသံတစ်ချက်ထွက်ပေါ်လာ၏။ အချက်ပေးသံထွက်ပေါ်လာသည်နှင့် ဖူစိန်တို့လူစုသည် အိမ်အပြင်သို့ ထွက်လာခဲ့ကြ၏။

ထို့နောက် တန်းစီပြီး မတ်တတ်ရပ်နေလိုက်ကြသည်။ ကျားကလေးသည် ထိုလူစုနှင့် ခပ်လှမ်းလှမ်းရှိ ချုံပုတ်များအကြားတွင် လျှို့ဝှက်ပုန်းခိုကာ အခြေအနေကို မျက်ခြည်မပြတ် စောင့်



ကြည့်နေ၏။ မကြာမီ နေ့လယ်က စားသောက်ဆိုင်တွင် စီဆောင်နှင့် ချိန်းဆိုခဲ့သော ထောင်ရင်စင် ရောက်ရှိလာလေတော့၏။ ထောင်ရင်စင်သည် ဖူစိန်နှင့် အသက် ၃၀ ခန့် လူရွယ်တို့ ရှေ့၌ ရပ်တန့်လိုက်သည်။ လက်နှစ်ဖက်ကို ဆုပ်၍လည်း ...

"ကျုပ်နာမည် ထောင်ရင်စင်ပါ၊ ခင်ဗျားတို့ တေလေဂိုဏ်းက ချိန်းထားတဲ့အတိုင်း အခုရောက်ရှိလာပါပြီ"

ဖူစိန်နှင့်ယှဉ်လျက် ရပ်နေသော လူရွယ်ကလည်း ရှေ့သို့တက်ကာ လက်နှစ်ဖက်ဆုပ်၍ ...

"ကျွန်တော်က ဝိုင်ကျုံချက်ပါ၊ တေလေဂိုဏ်းရဲ့ ဌာနမှူးတစ်ဦး ဖြစ်ပါတယ်"

ထောင်ရင်စင်၏မျက်နှာမှာ ဌာနမှူးဝိုင်ကျုံချက်ဟူသော အမည်ကို ကြားလိုက်ရသောအခါ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ထောင်ရင်စင်၏ရင်ထဲ၌လည်း ထိတ်ခနဲ တစ်ချက်ဖြစ်သွားမိ၏။ ဝိုင်ကျုံချက်က အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်၏။ ကျော်ကြားသော သူ့ပညာအရည်အချင်းကို ထောင်ရင်စင် ကြားဖူးခဲ့ပါသည်။

ထို့ကြောင့် ဦးခေါင်းကို တလေးတစား ညွတ်၍ ထပ်မံ အရိုအသေပြုလိုက်သည်။ ထိုစဉ် ဖူစိန်က ...

"ကျွန်တော်တို့ အပြင်မှာ မတ်တတ်ကြီး ခုလို စကားပြောကြရတာကတော့ မကောင်းဘူးထင်ပါတယ်ဗျာ၊ လာပါ ... အိမ်ထဲဝင်ကြရအောင်"

ဖူစိန်က ထောင်ရင်စင်အား ကြည့်ကာ ဖိတ်ခေါ်လိုက်သည်။ သို့သော် ထောင်ရင်စင်အနေဖြင့်မူ သူသည် ဤသူစိမ်းတစ်ရံဆံ အဖွဲ့အစည်းအတွင်းသို့ တစ်ကိုယ်တည်း လာရောက်ရသူဖြစ်သည်။

သိုင်းသမားတစ်ဦးအနေဖြင့် ရန်သူမိတ်ဆွေ ကွဲပြားခြင်း မရှိသေးသော အဖွဲ့အစည်းအတွင်းသို့ တစ်ယောက်တည်း တန်းဝင်သွားရမည်ဆိုခြင်းမှာ မသင့်လျော်ပါ။ ထို့ကြောင့် ဦးခေါင်းကို အသာအယာ ယမ်းခါပြလိုက်ရင်း ဖိတ်ခေါ်ချက်ကို ငြင်းဆန်လိုက်၏။

"ခုလိုဖိတ်ခေါ်တာ ကျေးဇူးပါပဲ၊ ဒါပေမဲ့ ကျုပ် အိမ်ထဲ မဝင်တော့ဘူး၊ မေးချင်တာလေး တစ်ခွန်းတလေ မေးပြီးရင် ပြန်မှာပါ"

ပိုင်ကျုံချက်က ရယ်ရယ်မောမောဖြင့်ပင် ...

"ဟဲ ဟဲ ... ရပါတယ်ဗျာ၊ မေးချင်တာရှိရင်လည်း မေးပါ၊ ကဲ ... ဘာမေးမလို့လဲ ... မေးပါ"

ထောင်ရင်စင်က မျက်နှာထားတည်လိုက်ပြီး ...

"ကျွန်တော့်ရဲ့ အထက်လူကြီးတွေက ပေးထားတဲ့ တာဝန်အရ ကျွန်တော် ဒီနယ်မြေကိုရောက်ရှိလာခဲ့ရတာ ဖြစ်ပါတယ်၊ ခင်ဗျားတို့ဂိုဏ်းကို အကူအညီလိုတဲ့အခါ ကျွန်တော် အကူအညီ တောင်းချင်ပါတယ်၊ အဲဒါ ခင်ဗျားတို့အနေနဲ့ ကျွန်တော့်ကို ကူညီနိုင်မယ်၊ မကူညီနိုင်ဘူးဆိုတာ သိလိုပါတယ်"

ဖူစိန်က ပြုံး၍ ...

"ထောင်ရင်စင်အနေနဲ့ ဒီနယ်မြေမှာ တာဝန်အရ လှုပ်ရှားမယ်ဆိုရင်လည်း ကျွန်တော်တို့အဖွဲ့က တားဆီးပိုင်ခွင့်မရှိဘူး ထင်ပါတယ် ခင်ဗျာ"



အမှန်တော့ ခင်ဗျားဟာခင်ဗျား ဘာလုပ်လုပ် ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး ... ဟု ပြောဆိုလိုက်ခြင်း ဖြစ်၏။

သို့သော် ထောင်ရင်စင်ကမူ ထိုအဓိပ္ပာယ်ကို သဘောမပေါက်ပါ။ သူလိုရာဆွဲတွေးကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

"ခုလို ခွင့်ပြုစကား ကြားရတာကိုပဲ ဝမ်းသာလှပါပြီဗျာ၊ ကျေးဇူးလည်း တင်ပါတယ်၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

ပြောပြီးသည်နှင့် ထိုနေရာမှ လျင်မြန်စွာ ပြေးထွက်သွားလေတော့သည်။ ဖူစိန် မျက်လုံးများ ပြူးကျယ်သွားရသည်။ သူ့စကားကို ထောင်ရင်စင်က ကိုယ်လိုရာဆွဲတွေးပြီး အသုံးချသွားခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် ပျာပျာသလဲဖြင့် ဟစ်အော်တားဆီးလိုက်၏။

"ထောင်ရင်စင် ခဏနေဦး ... ကျုပ်ရှင်းပြဦးမယ်"

အော်ပြောရင်းမှပင် ထောင်ရင်စင် ထွက်သွားရာနောက်သို့ ပြေးလွှားလိုက်ပါသွားလေတော့သည်။ သို့သော် သူတို့နှစ်ယောက်စလုံး ဝေးဝေးလံလံသို့ ရောက်ရှိကြခြင်း မရှိသေးပါချေ။

ဖူစိန်က အော်ဟစ်တားဆီးလိုက်စဉ်မှာပင် ထောင်ရင်စင်၏ ခန္ဓာကိုယ်သည် တစ်ချက် အပေါ်သို့ ခုန်တက်သွားကာ ရုတ်တရက် မြေကြီးပေါ်သို့ ပြန်ကျလာ၏။

ရှေ့သို့လည်း ဆက်လက်ပြေးလွှားသွားခြင်း မရှိတော့ဘဲ ရပ်တန့်နေလိုက်သည်။ ထောင်ရင်စင်သည် မိမိ၏ ဟစ်အော်တားဆီးမှုကြောင့် ဆက်လက်ပြေးလွှားခြင်း မရှိဘဲ ရပ်စောင့်နေခြင်းသာဖြစ်သည်ဟု ဖူစိန်က ယူဆလိုက်သည်။

ထောင်ရင်စင် မိမိအား ရပ်စောင့်နေခြင်းသာ ဖြစ်သည်ဟူသော အထင်ဖြင့်လည်း ဖူစိန်သည် ထောင်ရင်စင် အနားသို့ တိုးကပ်သွားမိသည်။

အနားသို့ ဖူစိန်ရောက်ရှိလာသည်နှင့် ထောင်ရင်စင်က ရုတ်တရက် မျက်လုံးမျက်ဆန် ပြူးကျယ်စွာဖြင့် ကြုံးဝါးအော်ဟစ်လိုက်လေတော့သည်။

"ဟေ့ကောင် လူယုတ်မာ ... ခုချက်ချင်း ငါ့အကြောင်း မင်းသိစေရမယ်"

ပြောပြောဆိုဆိုပင် မာန်မဲကြိမ်းမောင်းရင်းမှ ထောင်ရင်စင်က လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ထိုအခါ အလင်းတန်းသုံးခုရုတ်တရက်ပေါ်လာပြီးလျှင် ယင်းတို့သည် ဖူစိန်၏ရင်ညွန့်ဆီသို့ ရုတ်တရက် ပြေးလွှားဝင်ရောက်သွားကြလေတော့သည်။

ဖူစိန် ရှောင်ချိန်မရလိုက်ပါ။ ရူးခနဲ ရင်ညွန့်ဆီမှ နာကျင်သော ဒဏ်ရာတစ်ချက် ခံစားလိုက်ရသည်။ မျက်စိထဲ ပြာခနဲ ဖြစ်သွားပြီးနောက် မှူးမေ့လဲကျသွားကြရလေတော့သည်။

ဖူစိန်မှာ ထောင်ရင်စင်၏ လက်ချက်ကြောင့် လဲကျသွားရ



သည်ကို မြင်ရသောအခါ ပိုင်ကျုံချက်သည် လွန်စွာ စိတ်ဆိုးသွားမိသည်။ ထို့ကြောင့် ထိုနေရာမှ လှစ်ခနဲ လျှင်မြန်စွာ ပြေးလွှားသွားကာ ထောင်ရင်စင်အား လက်ဝါးနှစ်ဖက်ဖြင့် ခုန်အုပ်တိုက်ခိုက်လိုက်လေတော့၏။

ထောင်ရင်စင်သည် ဖူစိန်အား တိုက်ခိုက်ပြီးလျှင် ခုန်ဆုတ်ထွက်ခွာသွားမည်အပြုတွင် ပိုင်ကျုံချက်၏ လက်ဝါးရိုက်ချက် တိုက်ခိုက်မှုအရှိန်က သူ့အား လာဟပ်နေသည်။

ထိုတိုက်ခိုက်မှုကို ရှောင်ကြဉ်ရန် ကြိုးစားသော်လည်း စိတ်မပါဘဲဖြစ်နေသည်။ ထောင်ရင်စင် မရှောင်နိုင်တော့ပါ။ ရှောင်ရန်ကြိုးစားနေစဉ်မှာပင် လက်ဝါးရိုက်ချက်သည် ပြင်းထန်စွာ လာရောက်ထိမှန်ခြင်း ခံရလေတော့သည်။

လက်ဝါးဒဏ်ချက်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ဘေးသို့ ငါးပေခန့် လွင့်စဉ်ထွက်သွားကာ မြေပေါ်ပုံလျက် လဲကျသွားရသည်။ ဖြစ်ပျက်သွားသမျှကား မြန်ဆန်လှသည်။ ကျားကလေးမှာ ကြောင်အမ်းအမ်းဖြစ်သွားကာ ဘာလုပ်လို့ ဘာကိုင်ရမည်မသိ ပူထူနေမိ၏။

ထိုစဉ် နံဘေး မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်၏ အမှောင်ရိပ်မှ လူရိပ်တစ်ခု လှစ်ခနဲ ပြေးထွက်သွားသည်ကို ကျားကလေး မြင်လိုက်ရသည်။ ကျားကလေးက ထွေထွေထူးထူး စဉ်းစားမနေပါ။ ထွက်ပြေးသွားသော လူရိပ်အား မသင်္ကာစိတ်ဖြင့် အော်ဟစ်ဟန့်တားလိုက်၏။

"ဟိတ် ... မပြေးနဲ့"

နှုတ်မှ ဟစ်အော်တားဆီးရင်း လူကလည်း ပြေးထွက်သွားသူနောက်ကို ပြေးလိုက်သွားမိသည်။ သို့သော် ပြေးလွှားထွက်ခွာသွားသူအား သူမီအောင် လိုက်နိုင်ခြင်း မရှိပါချေ။

လမ်းတစ်ဝက်ခန့် အရောက်တွင် မှောင်ရိပ်အတွင်းမှ လူတစ်ယောက်၏ ကြားဖြတ်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ ကျားကလေးမှာ ကြားဖြတ်တိုက်ခိုက်လာမှုကို ရှောင်တိမ်းလိုက်ရ၍ ထွက်ပြေးသွားသူနောက်သို့ ဆက်မလိုက်နိုင်တော့ပါ။

ကျားကလေးကိုတိုက်ခိုက်လိုက်သူမှာ ပိုင်ကျုံချက်ဖြစ်၏။ သူက ကျားကလေးကိုမြင်သောအခါ အံ့သြသွားသည်။ စီဆောင်က သူတို့နားသို့ ပြေးလွှားရောက်ရှိလာသည်။ သူကလည်း ကျားကလေးကိုမြင်သောအခါ တအံ့တသြ ဖြစ်နေမိ၏။ ကျားကလေးကမူ စီဆောင်ကို မြင်သည်နှင့် ဝမ်းသာအားရ ပြုံးလိုက်သည်။

"အစ်ကိုကြီးစီဆောင် ... ကျွန်တော့်ကို မှတ်မိတယ် မဟုတ်လား ... ကျွန်တော် ကျားကလေးပါ"

ကျားကလေးအနေဖြင့်မူ ပိုင်ကျုံချက် သူ့အပေါ် အထင်လွဲမှားနေမှုအား စီဆောင်က ကူညီဖြေရှင်းပေးမည်ဟူသော မျှော်လင့်ချက်ဖြင့် ဝမ်းသာအားရ နှုတ်ဆက်မိလိုက်ခြင်း ဖြစ်၏။ သို့သော် စီဆောင်ကမူ ကျားကလေး၏ နှုတ်ဆက်စကား ကို ကြားသောအခါ မျက်နှာ ကွက်ခနဲပျက်သွားသည်။



"ဘာအစ်ကိုကြီးလဲ ... ဘယ်သူမှ မင်းရဲ့အစ်ကိုကြီး မဟုတ်ပါဘူး"

စီဆောင်က မာန်မဲကြိမ်းမောင်းလိုက်သည်။ ရယ်မောနေသော ကျားကလေး၏မျက်နှာမှာ တည်ခနဲ ဖြစ်သွား၏။ ထိုစဉ် စီဆောင်က ပိုင်ကျုံချက်ဘက်သို့ လှည့်လိုက်သည်။

"သူဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်က ကျွန်တော်တို့ဆီမှာ နေသွားခဲ့ဖူးတယ်၊ နာမည်က ကျားကလေးတဲ့၊ သူ့ရဲ့ မကောင်းတဲ့ အကျင့်စာရိတ္တကြောင့် အဖွဲ့က သူ့ကို ထုတ်ပစ်ခဲ့ဖူးတယ်"

"ကြည့်ရတာ ရန်ရှာချင်လို့ ထပ်ပြီးရောက်လာတယ်လို့ ကျွန်တော်တော့ ထင်တာပဲ၊ ကျွန်တော်တို့က သူ့ကို ထုတ်ပစ်ခဲ့ဖူးတယ် မဟုတ်လား"

စီဆောင်က အပြတ်ပင် ငယ်ကျိုးငယ်နာ အပြစ်အနာအဆာများကို ထုတ်ဖော်ကာ ကျားကလေးအပေါ် စွဲချက်တင်နေချေပြီ။ ကျားကလေးက မျက်ခုံးနှစ်ဖက်ကို ပင့်တင်ကာ ...

"အစ်ကိုကြီးစီဆောင် ခင်ဗျားပြောနေတာတွေ"

သို့သော် ကျားကလေးမှာ သူ့စကားကို အဆုံးသတ်အောင် ပြောဆိုခြင်း မပြုလိုက်ရပါချေ။ ပိုင်ကျုံချက်က ကြားဖြတ်ဟန့်တားလိုက်ခြင်းကြောင့် ဖြစ်သည်။ ပိုင်ကျုံချက်သည် ကျားကလေးအား မျက်မှောင်ကြုတ်ကြည့်နေရင်းမှ လက်တစ်ဖက်ဖြင့် ယမ်း၍ ...

"ပြောစရာရှိရင် နောက်မှပြော ... အခု မင်းအဖမ်းခံပါ

... ဒါပဲ"

ပိုင်ကျုံချက်က ယတိပြတ်ပင် အမိန့်ချမှတ်လိုက်လေတော့သည်။ ကျားကလေးက စောစောက သစ်ပင်ကြီးရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ ထွက်ပြေးသွားသောလူအား အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။ တရားခံအစစ်ကတော့ လွတ်မြောက် ထွက်ပြေးသွားချေပြီ။

ယခုအချိန်၌ မိမိအနေဖြင့် မည်သို့မျှ ဖြေရှင်း၍ ရနိုင်တော့မည် မဟုတ်ပါ။ ထို့ကြောင့် အတွင်းအားများကို စုစည်းကာ မသိမသာ အသင့်ပြင်လိုက်သည်။ နှုတ်ကမူ ...

"အစ်ကိုကြီးဆောင် ... ကျွန်တော် ရှင်းပြပါရစေ"

ကျားကလေးက နောက်ဆုံးအကြိမ်အဖြစ် ခွင့်တောင်းလိုက်သည်။ သို့သော် စီဆောင်က ရှင်းပြမခံပါချေ။

"ဟေ့ကောင် ... မင်း အေးအေးဆေးဆေး အဖမ်းခံမလား၊ ငါကိုယ်တိုင် လာဖမ်းရမလား ... ဒါပဲပြော"

သူက ကျားကလေးအား စကားတစ်ခွန်းမှ ပြောခွင့်မပြုလိုကြောင်း ပြသလိုက်ခြင်းပင် ဖြစ်၏။ ကျားကလေးစိတ်ထဲမှာ ဒေါသထောင်းခနဲ ဖြစ်သွားသည်။

"ကျုပ်ရှင်းပြတာကိုမှ နားမထောင်ချင်ဘူး၊ ကျုပ်ကို စကားတစ်ခွန်းမှ ပြောခွင့်မပေးချင်ဘူးပေါ့ ... ဟုတ်လား၊ ကောင်းပြီလေ ... ဒါဆိုလည်း ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်ပေတော့"



ကျားကလေးက လေသံပြတ်ပြတ်ဖြင့် ပြောဆိုလိုက်၏။ စီဆောင်သည် ကျားကလေးအား ယခင်လေးနှစ်ခန့်ကအတိုင်းပင် ထင်မှတ်ယူထားသူ ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ကျားကလေးအား အလွယ်တကူပင် ဖမ်းဆီးနိုင်လိမ့်မည်ဟု အထင်သေးစွာ ယုံကြည်သတ်မှတ်လိုက်သည်။ သူသည် အမှတ်တမဲ့ပင် လက်တစ်ဖက်ကို ဆန့်ထုတ်ကာ ကျားကလေး၏ ပခုံးကို လှမ်းဆုပ်ဖမ်းဆွဲလိုက်လေတော့သည်။

ကျားကလေးက စီဆောင်၏လက်တစ်ဖက် သူ့အင်္ကျီစကို လာထိသည်အထိ စောင့်ကြည့်သည်။ လက်က သူ့အင်္ကျီစအား လာထိသည်နှင့် သူ့လက်ကို ရုတ်တရက် အပေါ်သို့ လှန်တင်လိုက်ပြီး စီဆောင်၏ လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် ဖမ်းချုပ်ထားလိုက်သည်။

စီဆောင်မှာ လျင်မြန်လွန်းလှသော ကျားကလေး၏ တန်ပြန် ဖမ်းညှစ်ခြင်းကို ခံလိုက်ရ၍ ရင်ထဲ၌ ထိတ်ခနဲ တုန်လှုပ်သွားမိ၏။ သူသည် အတွင်းအားကို ကျိတ်၍ စုစည်းလိုက်ပြီးလျှင် ရုန်းကန်ရန် ကြိုးစားသည်။ ရုန်းကန်ရန် ကြိုးစားနေရင်းမှပင် စီဆောင်မှာ ပိုပြီး အံ့သြတုန်လှုပ်သွားမိ၏။ ဖမ်းဆုပ်ထားခြင်းခံနေရသော လက်ကောက်ဝတ်ကို ကျားကလေး၏ လက်တွင်းမှ ရုန်းထွက်ဖို့နေနေသာ ရုန်းထွက်ရန် အတွင်းအားပင် စုစည်း၍မရဘဲဖြစ်နေသည်။ စီဆောင်၏နှုတ်မှ တအံ့တသြဖြင့် ရေရွတ်သံတစ်ချက် ထွက်ပေါ်လာသည်။

"အိုး"

စီဆောင်သည် နွတ်မှ တအံ့တသြရွေရွတ်ရင်း ကျားကလေးအား ငေးကြည့်နေမိသည်။ ကျားကလေးက ဖမ်းချုပ်ထားသော သူ၏ လက်ညှိုးချောင်းကို ဖြေလွှတ်ပေးလိုက်သည်။ စီဆောင်ကို ကြည့်၍လည်း အားနာစွာ တစ်ချက်ပြုံးပြလိုက်သည်။

"ကိုကြီးစီဆောင်က ကျွန်တော့်ကို ဖြေရှင်းခွင့်မပေးဘဲဗျာ၊ ခုလိုပြုမူမိတာ ခွင့်လွှတ်ပါ"

နှုတ်မှ တောင်းပန်ပြောဆိုရင်း လူကလည်း လှစ်ခနဲ လှစ်ခနဲ နေအောင် လျင်မြန်စွာ ခုန်ထွက်ပြေးလွှား သွားလေတော့သည်။

"အောင်မာ ... မင်းက ဒီလို လွယ်လွယ်နဲ့ ထွက်ပြေးလို့ ရမယ်ထင်လို့လား"

ပိုင်ကျုံချက်က နှုတ်မှကြိမ်းမောင်းရင်း ကျားကလေး၏ နောက်ကျောသို့ ဖမ်းကုတ်လိုက်သည်။ ကျားကလေးသည် နောက်ကျောဘက်မှ လေတိုးသံ ကြားသည်နှင့် ခန္ဓာကိုယ်ကို အပေါ်သို့ ရုတ်တရက် မြောက်တက်သွားစေပြီး ပိုင်ကျုံချက်၏နှာမည်ကြီး နဂါးကုတ်သိုင်းကွက်ကို ရှောင်တိမ်းလိုက်သည်။ တစ်ဆက်တည်းမှာပင် ပိုင်ကျုံချက် နောက်ထပ် ထပ်မံ တိုက်ခိုက်ခြင်း မပြုနိုင်ခင်မှာပင် ခန္ဓာကိုယ်ကို ပိုမိုလျင်မြန်စွာ ပြေးထွက်သွားစေရင်း အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

✢ ✢ ✢



## အခန်း (၂၅)

ပိုင်ကျုံချက်က သက်ပြင်းမှုင်မှုင်ကလေးတစ်ချက် ချလိုက်ပြီး ဒဏ်ရာဖြင့်လဲကျနေသော ထောင်ရင်စင်ထံ လျှောက်သွားသည်။

ထို့နောက် ထောင်ရင်စင်အား အတွင်းအား ပို့လွှတ်သည့်နည်းဖြင့် ကုသပေးလိုက်သည်။ မကြာခင် ထောင်ရင်စင်သည် မေ့မြောနေရာမှ ပြန်လည် သတိရလာလေတော့၏။

ပိုင်ကျုံချက်က ...

"ကဲ ထောင်ရင်စင် ...ခင်ဗျားက ကျုပ်တို့ရဲ့ ဌာနခွဲမှူးကို လက်နက်ပုန်းနဲ့ ပစ်ခတ်ပြီး ဒဏ်ရာရစေခဲ့တယ်၊ အဲဒါ သူ့အတွက် ဖြေဆေး အမြန်ဆုံးထုတ်ပေးပါ၊ ဒါဆို ခင်ဗျား အသက်ကို ချမ်းသာပေးမယ်"

ထောင်ရင်စင်က မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။ ပိုက်ကျုံချက်ပြောနေသည့်စကားကို အရေးမစိုက်သည့်ဟန်ဖြင့် မျက်စိပြန်ပိတ်ပစ်လိုက်ပြန်၏။

ပိုင်ကျုံချက်မျက်နှာ နီမြန်းလာသည်။ သူသည် လက်တစ်ဖက်ဖြင့် ထောင်ရင်စင်၏ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်လိုက်၏။

"ထောင်ရင်စင် … ခင်ဗျား ဖြေဆေးပေးမလား၊ မပေးဘူးလား … ဒါပဲပြောပါ၊ မပေးဘူးဆိုရင်တော့ ကျုပ်တို့ကို အဆိုးမဆိုနဲ့"

ထောင်ရင်စင်က မရယ်ချင့်ရယ်ချင် တစ်ချက်ရယ်မောလိုက်သည်။

"ဟင်း ဟင်း …ခင်ဗျားတို့ကို အဆိုးမဆိုရဘူး … ဟုတ်လား၊ တစ်ယောက်က လက်နက်ပုန်းနဲ့ ချောင်းပစ်ပြီး တစ်ယောက်က နောက်ကနေ တိုက်ခိုက်ဖို့ ကြိုးစားခဲ့တာတောင် ကျုပ်က အဆိုးမဆိုရဘူး … ဟုတ်လား … ဟင်း ဟင်း … တော်တော်တရားကျဖို့ကောင်းတာပဲ"

ထောင်ရင်စင်၏စကားကြောင့် ပိုင်ကျုံချက်မှာ တအံ့တသြဖြစ်သွားမိ၏။

"ဘာရယ် … လက်နက်ပုန်းနဲ့ တိုက်ခိုက်ခဲ့တယ် … ဟုတ်လား၊ ဒီမှာထောင်ရင်စင် … ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားကို ကျုပ်တို့ ဘယ်တုန်းကမှ လက်နက်ပုန်းနဲ့ မတိုက်ခိုက်ခဲ့ဖူးဘူးဗျ … နားလည်လား"

ထောင်ရင်စင်က …

"ခင်ဗျားကို လက်တွေ့ပြမယ်"

ပြောပြောဆိုဆိုဖြင့် အင်္ကျီကို မတင်ကာ ရင်ဘတ်လှန်ပြလိုက်၏။ ထိုအခါ ဘယ်ဘက်နံပါးတွင် သံမဏိအပ်တစ်ချောင်း စိုက်ဝင်နေသည်ကို မြင်လိုက်ရလေတော့၏။



ထောင်ရင်စင်က သံမဏိအပ်ကို သူ့ဘာသာပင် ဆွဲနှုတ်ယူလိုက်သည်။ ထို့နောက် ပိုင်ကျုံချက်၏ မျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်၏။

"ဒီ သံမဏိအပ်က ကျုပ်ဘာသာ အနာခံပြီး စိုက်ထားတာမဟုတ်ဘူး၊ အပ်ထိပ်မှာ အဆိပ်လူးထားတာနော်၊ ခင်ဗျားတွေ့တယ် မဟုတ်လား"

အမှန်ပင် သံမဏိအပ်ဖျားထိပ်မှာ ညိုမည်းနေ၏။ ပိုင်ကျုံချက် လျှို့ဝှက်လက်နက်ကို ငေးကြောင်ကာ ကြည့်နေမိသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ကို ချကာ …

"ကျုပ်တို့ တေလေဂိုဏ်းသားတွေ ဒီလို လျှို့ဝှက်လက်နက်မျိုး အသုံးမပြုတတ်ဘူးဗျ"

သို့သော် ထောင်ရင်စင်ကမူ ယုံကြည်ဟန်မရှိပါချေ။ မခိုးမခန့် လှောင်ပြောင်ရယ်မောလိုက်လေသည်။

"ခင်ဗျားတို့ကတော့ ခုလိုပဲ ပြောမှာပေါ့ဗျာ"

သူ့လေသံကလည်း လုံးဝ ကျေနပ်ယုံကြည်ဟန် လက္ခဏာမရှိပါချေ။ ပိုင်ကျုံချက်သည် ရုတ်တရက် ကျားကလေးကို သတိရလိုက်မိ၏။

သူက ထောင်ရင်စင်ကို တစ်ချက်လှမ်းကြည့်ကာ …

"ထောင်ရင်စင် … ခင်ဗျားကို လက်နက်ပုန်းနဲ့ ပစ်တဲ့လူဟာ ကျုပ်တို့အဖွဲ့ထဲကတော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ဘယ်သူပစ်တယ်ဆို

တာတော့ ကျုပ် တပ်အပ်ပြောရဲတယ်"

"ဒါဆို ပစ်တဲ့သူက ဘယ်သူလဲ ... ပြောပါဦး"

"သူက ကျားကလေးဆိုတဲ့ ကောင်ကလေးတစ်ယောက် ဖြစ်တယ်၊ သူဟာ ကျုပ်တို့အဖွဲ့သား မဟုတ်ဘူး"

"အခု ဘယ်မှာလဲ"

"ထွက်ပြေးသွားပြီ"

"အင်း ... လက်ထဲကနေ လွတ်ထွက်ပြေးသွားပြီ ... ဟုတ်လား"

ထောင်ရင်စင်၏လေသံက သံသယအငွေ့အသက်များ စွန်းထင်းနေသည်။ ပိုင်ကျုံချက်က ခေါင်းကို အသာအယာ ယမ်းခါနေသည်။ နောက်ဆုံးတွင် သက်ပြင်းတစ်ချက်ချ၍ ...

"ဒီမှာ ထောင်ရင်စင် ... ခင်ဗျားကြည့်ရတာ ကျွန်တော် ပြောပြနေတာကို သိပ်ပြီး ယုံကြည်ချင်ပုံမရဘူး၊ ဒါပေမဲ့ ထားလိုက်ပါ၊ ယုံတယ်,မယုံဘူးဆိုတာကို ခေတ္တဘေးဖယ်ထားလိုက်ပါ၊ သည်ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့ကို အချိန်နည်းနည်းပေးပါ၊ ခင်ဗျား ယုံကြည်လက်ခံလာတဲ့အထိ စုံစမ်းဖြေရှင်းပေးပါ့မယ်၊ အခုလောလောဆယ် ကျုပ်တို့လူ ဖူစိန်ဟာ ခင်ဗျားလက်ချက်ကြောင့် ဒဏ်ရာရထားတယ်၊ သူ့အတွက် ဖြေဆေးပေးပါ၊ ကျုပ်တို့အနေနဲ့ ခင်ဗျားကို နောက်ထပ် ဘာဒုက္ခမှ ထပ်မပေးဘူးဆိုတာ ကတိပေးတယ်"

ပိုင်ကျုံချက်က ပြေလည်ရာပြေလည်ကြောင်း ပြောဆို



ကမ်းလှမ်းလိုက်၏။ အမှန်စင်စစ် ထောင်ရင်စင်၏ စိတ်ထဲတွင် သိပ်ပြီး ကြေလည်ခြင်း မရှိသေးပါချေ။

သို့သော် လောလောဆယ် အခြေအနေက မိမိသည် သူတို့လက်အတွင်း ကျရောက်နေရသူ ဖြစ်၏။ ထို့ကြောင့်လည်း လတ်တလော ဖြစ်ပျက်နေသော ပြဿနာကို လတ်တလော ဖြေရှင်းခြင်းသာ အကောင်းဆုံး ဖြစ်သည်ဟု ယူဆကာ ဖြေဆေးကို မပေးချင် ပေးချင်ဖြင့် ထုတ်ပေးလိုက်ရလေတော့သည်။ နှုတ်မှမူ ...

"ကောင်းပြီလေ ... ဒီနေ့ဖြစ်တဲ့ ပြဿနာကတော့ ဒီမှာပဲ ရပ်ကြရုံ ရှိတာပေါ့၊ နောက်နေ့တွေ ခင်ဗျားတို့နဲ့ကျုပ် ဆုံကြမယ် ... ဟုတ်ပြီလား"

ဖြေဆေးပေးပြီးနောက် မကျေမနပ် ပြောဆိုကာ မြေကြီးပေါ်မှ ထလာပြီးလျှင် ထော့နင်း ထော့နင်းဖြင့် ထွက်ခွာသွားလေတော့သည်။

ထောင်ရင်စင်ထံမှ ဖြေဆေးရရှိပြီးနောက် ပိုင်ကျုံချက်က ဖူစိန်အား တိုက်ကျွေးလိုက်၏။ မကြာခင် ဖူစိန်မှာ ပြန်လည်ကောင်းမွန်လာလေတော့သည်။

\+ + +

## အခန်း (၂၈)

ကျားကလေးမှာ တေလေဂိုဏ်းဝင်တို့နှင့် အကျယ်အကျယ် ဖြစ်မှာစိုးရိမ်၍သာ ရှောင်တိမ်းလာခဲ့ရခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင်မူ ဖြစ်ပေါ်ခဲ့သော ပြဿနာများအပေါ် လုံးဝ ကျေနပ်ခြင်း မရှိပါချေ။

ထောင်ရင်စင်အား လျှို့ဝှက်လက်နက်ဖြင့် ချောင်းမြောင်း ပစ်ခတ်ခဲ့သူကို သူသိချင်သည်။ အမိဖမ်းမည်ဟုလည်း သန္နိဋ္ဌာန် ချမှတ်ထားသည်။

ထို့ကြောင့်လည်း အခင်းဖြစ်ပွားခဲ့သော တေလေဂိုဏ်းခွဲ တည်ရှိရာ ခြံဝန်းကျင်တစ်ဝိုက်တွင် ပိုက်စိပ်တိုက် လိုက်လံရှာဖွေခဲ့သေးသည်။

သို့သော် မည်သည့်သဲလွန်စမျှ မရရှိခဲ့ချေ။ တေလေဂိုဏ်း၏ အထင်မြင်လွဲမှားမှုကိုခံခဲ့ရ၍ စိတ်မကောင်း ဖြစ်နေမိသည်။ တေလေဂိုဏ်းနှင့် ထောင်ရင်စင်တို့အကြား ရန်တိုက်ပေးခဲ့သူသည် မည်သူ ဖြစ်နိုင်လေသနည်း။

တစ်နေ့လုံး သူစဉ်းစားကြည့်သည်။ နောက်ဆုံး၌ တေလေဂိုဏ်းနှင့် ထောင်ရင်စင်တို့အကြား ရန်တိုက်ပေးသူမှာ ရှားဂေဟာမှ



ဖြစ်ရမည်ဟု ကျားကလေးက ယုံကြည်ယူဆလိုက်သည်။

ရှားဂေဟာအတွင်းသို့ ကိုယ်တိုင်ဝင်ပြီး စုံစမ်းရန်လည်း ဆုံးဖြတ်ချက် ချမှတ်လိုက်လေတော့သည်။ ပထမဦးစွာ သူသည် လျှောင်ဖားတို့အိမ်သို့ သွားရောက်ကာ တစ်နေ့မျှ အနားယူတည်းခို၏။

ထို့နောက် သူဝတ်ဆင်ထားသော အဝတ်အစားများကို ဟောင်းနွမ်းညစ်ထေးသော အဝတ်အစားများနှင့် လဲလှယ်ဝတ်ဆင်ကာ သူ့ကိုယ်သူ လေလွင့်လူငယ်လေးတစ်ဦး ရုပ်သွင်ပေါ်လွင်အောင် ဖန်တီးလိုက်သည်။ အားလုံးပြင်ဆင်ပြီးသောအခါ ရှားဂေဟာရှိရာသို့ ထွက်ခွာလာခဲ့တော့၏။

ရှားဂေဟာ၏ ဝန်းခြံမှာ ဆယ်ပေကျော်ကျော်ခန့် မြင့်မားသည်။ ကျားကလေးက သူ၏ ထိပ်တန်းကိုယ်ဖော့ပညာကို အသုံးပြုကာ အုတ်နံရံကို ကျော်လွှားပြီး လူမသိအောင် အတွင်းသို့ ဝင်ရောက်သွားသည်။ ခြံဝင်းအတွင်းသို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ခြံပေါက်ဝတံခါးနှင့် မလှမ်းမကမ်းတွင် ရှိနေသော သစ်ပင်ကြီး တစ်ပင်အောက်သို့ လျင်မြန်စွာ ပြေးကပ်သွားသည်။

ထို့နောက်တွင်မူ ထိုသစ်ပင်ကြီးအောက်တွင်ပင် ပေါ်ပေါ်ထင်ထင် လဲလျောင်းကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ပစ်လိုက်လေတော့၏။

အမှန်စင်စစ်မူ ကျားကလေးသည် ဟန်ဆောင်ပန်ဆောင် အိပ်စက်နေခြင်း မဟုတ်ပါချေ။ တကယ်ပင် ပင်ပန်းသမျှကို အတိုး

ချကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်း ဖြစ်သည်။

မည်မျှကြာသွားသည် မသိပါ။ သူ့နံဘေးသို့ လူတစ်ယောက် ရောက်လာသည်။ ထိုလူက သူ့အား ခြေထောက်ဖြင့်ကန်ပြီး နှိုးလိုက်သည်။ ကျားကလေးက မျက်လုံးအစုံကို လက်ဖြင့်ပွတ်ပြီး အိပ်မှုန်စုံမွှား နိုးလာသည်။

စုတ်တီးစုတ်ပြတ် အဝတ်အစား၊ မျက်လုံးများကို လက်ဖြင့်ပွတ်ပြီး ယောင်တိယောင်တ နိုးလာသော အမူအရာတို့မှာ ရာခိုင်နှုန်းပြည့် လေလွင့်လူငယ်တစ်ဦး၏ ပုံစံအပြည့် ဖြစ်နေသည်။

ကျားကလေးက မျက်လုံးများ ပွတ်သပ်ပြီးနောက် သူ့ရှေ့တွင် ရပ်နေသူအား အလန့်တကြား မော့ကြည့်လိုက်သည်။

"ကျွန် ...ကျွန်တော့်ဘာသာ အိပ်နေတာ ဘာ ... ဘာဖြစ်လို့ နှိုးတာလဲဗျ"

ကျားကလေးက ထိုသူအား မော့ကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောဆိုလိုက်သည်။ ကျားကလေး၏ သနားစရာအမူအရာကြောင့် ထိုလူသည် ကျားကလေးအား သနားသွားဟန်ဖြင့် ဦးခေါင်းကို ဘယ်ညာယမ်းခါနေသည်။

"ချာတိတ်ရာ ... မင်း မျက်စိလေးဘာလေးများလည်း သေသေချာချာ ဖွင့်ကြည့်စမ်းပါဦးကွာ၊ ဒီနေရာက မင်းအိပ်ရမယ့် နေရာလားလို့"

ထိုအခါကျမှ ကျားကလေးက ပိုမို ထိတ်လန့်ပြူးကျယ် 2



သော မျက်ဝန်းများဖြင့် ဝန်းကျင်တစ်ဝိုက်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

"ဒီ ... ဒီနေရာမှာ မအိပ်ရဘူး ... ဟုတ်လား၊ အဲ ... အဲဒါ ကျွန်တော် မသိဘူး အစ်ကိုကြီး၊ အိပ်လို့ရတယ်အောက်မေ့လို့ပါ၊ ကျွန် ... ကျွန်တော် သိပ်လည်းအိပ်ချင်နေတာနဲ့ အိပ်လိုက်မိတာပါ"

ကျားကလေးက အံ့သြထိတ်လန့်ဟန်ဖြင့် ပြန်လည်ပြောဆိုနေသည်။ ထိုလူက မျက်မှောင်ကုတ်လိုက်၏။

"ကျွန်တော် ဟို ... ဟိုတံခါးက ဝင်လာတာပါ"

ကျားကလေး လက်ညှိုးညွှန်ပြသော တံခါးဆီ ထိုလူက လှည့်ကြည့်လိုက်၏။ တံခါးက ပိတ်ထားလျက်သားပင် ရှိသည်။ထိုလူက ကျားကလေးကို မျက်မှောင်ကုတ်သွားပြီး ပြန်ကြည့်လိုက်ပြန်၏။

ဆယ်ပေကျော်ခန့်မြင့်မားသော ခြံဝင်းအုတ်နံရံကို ဒီကောင်လေး မည်သည့်နည်းနှင့်မျှ ခုန်လွှား ကျော်ဝင်လာနိုင်လိမ့်မည် မဟုတ်ဟု ထိုလူက တွက်ဆဟန်ရှိ၏။

ထိုစဉ် သူတို့နှစ်ယောက် ရပ်နေရာဆီသို့ စကားသံတစ်ခု လွင့်ပျံ့ဝင်ရောက်လာသည်။

"ဟေ့ ... မင်း ဘယ်ကကောင်လေး ခြံထဲခေါ်ပြီး စကားပြောနေတာလဲ"

အသံရှင်သည် ချက်ချင်းပင် သူတို့ရှေ့သို့ ရောက်ရှိလာချေပြီ။ ကျားကလေးနှင့် စကားပြောနေသော လူရွယ်က နောက်ထပ်

ရောက်ရှိလာသူကို အရိုအသေပေးလိုက်သည်။

ထို့နောက် အကျိုးအကြောင်း ရှင်းပြသည်။

"ကျွန်တော် သူ့ကို ဒီထဲခေါ်သွင်းလာတာ မဟုတ်ပါဘူး၊ သူ ဒီမှာ အိပ်ပျော်နေတာတွေ့လို့ စစ်ဆေးမေးမြန်းနေတာပါ"

ရောက်ရှိလာသူမှာ အသက်ငါးဆယ်အရွယ်ခန့် လူကြီးတစ်ဦး ဖြစ်သည်။ ထိုလူကြီး၏ ညာဘက်လက်ထဲတွင် ဆေးတံရှည်တစ်ချောင်း ကိုင်ဆောင်ထားသည်။ ထိုလူကြီး၏မျက်နှာမှာ တည်ခန့်၏။

ဤခြံ၊ ဤဝင်း၊ ဤဂေဟာအတွင်း၌ ထိုလူသည် အရေးပါအရာရောက်သူတစ်ဦးဖြစ်ကြောင်း မြင်ရုံနှင့် သိသာလှ၏။ ထိုလူက ကျားကလေးအား စစ်မေးနေသော လူရွယ်ဘက်သို့ လှည့်လိုက်သည်။

"နေစမ်းပါဦး ... သူက ဘယ်လိုလုပ်ပြီး ဒီထဲဝင်လာရတာလဲ"

"သူက အနောက်ဘက်တံခါးက ဝင်လာတာလို့ ပြောပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကြည့်တော့ တံခါးက ပိတ်ထားတာ တွေ့နေရတယ်"

"အင်း ... အတွင်းလူတစ်ယောက် ခိုးထွက်နေတုန်း ကြုံကြိုက်ပြီး သူဝင်လာတာ ဖြစ်မယ်"

"ဟုတ်မယ် ... ကျွန်တော်လည်း ဒီအတိုင်းပဲ တွက်ဆမိတယ်၊ ဝင်းခြံကိုကျော်ပြီး ဝင်လာရဲမယ့်ပုံတော့ မဟုတ်ဘူး၊ သူ့ကြည့်ရတာ အဲဒီလို ဝင်လာနိုင်တဲ့ပုံ မရှိပါဘူး"



လူရွယ်က လေလွင့်လူငယ်တစ်ဦးပုံ အပြည့်ပါနေသော ကျားကလေးအား အကဲခတ်သလို တစ်ချက်ကြည့်ရင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

လူကြီးက မျက်မှောင်ကုတ်၍ ကျားကလေးအား လှမ်းမေးလိုက်သည်။

"ဟေ့ ... မင်း ဘယ်သူလဲ၊ ဘယ်ကလဲ ... မှန်မှန်ပြောစမ်း"

ကျားကလေးက အသံတုန်တုန်ယင်ယင်ဖြင့် ...

"ကျွန် ... ကျွန်တော်က ဒီ ... ဒီအရပ်သား မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ခရီးသွားရင်း ဒီနေရာကို ရောက်လာရတာပါ၊ ဆာလည်းဆာ မောလည်းမောတာနဲ့ ဟောဒီသစ်ပင်အောက်မှာ ဝင်အိပ်နေမိတာပါ ခင်ဗျာ"

ကျားကလေးက သူသည် ဤမြို့နယ်က မဟုတ်ကြောင်း ဖော်ပြသက်သေထူသည့်အနေဖြင့် စကားပြောသည်။ ထိုလူကြီးက ကျားကလေး၏မျက်နှာကို အကဲခတ်သလို စိုက်ကြည့်နေသည်။

"ဒါဆို မင်းက ဘယ်သွားမလို့လဲ"

ကျားကလေးက သနားစဖွယ် အမူအရာဖြင့် ...

"ကျွန်တော် မိဘနှစ်ပါးစလုံး မရှိကြတော့ပါဘူး၊ သေဆုံးကုန်ကြပါပြီ၊ အဲဒါ ကျူကောင်းမြို့က ဝမ်းကွဲအစ်ကိုတစ်ယောက်ဆီမှာ နေထိုင်ခိုလှုံမလားလို့"

"ဒါဆို မင်းအစ်ကိုရဲ့ နေရပ်လိပ်စာကိုရော မင်းသိလား"

"တိတိကျကျတော့ မသိပါဘူးခင်ဗျာ၊ ကျွန်တော့်အစ်ကိုဟာ ကျူကောင်းမြို့မှာ ပဲပြားရောင်းတယ်ဆိုတာလောက်တော့ ကျွန်တော် သိပါတယ်"

သူ၏ဖြေဆိုပုံသည် သာမန်ကျေးတောသားလေး တစ်ယောက်က သူနေထိုင်သည့်ရွာလောက်ပင် ကျယ်ဝန်းမည်ဟု ယူဆပုံမျိုး၊ နာမည်သိရုံနှင့် လူကိုတွေ့အောင် ရှာနိုင်သည်ဟု ထင်မြင်ပုံမျိုး ပေါက်နေသည်။

လူကြီးနှင့်လူရွယ်တို့သည် ကျားကလေး၏ဖြေဆိုပုံကို သဘောကျစွာ ရယ်မောလိုက်ကြ၏။ လူကြီးက လူရွယ်ဘက်သို့ လှည့်လိုက်သည်။

"ကဲ ခွန်မင်း ... သူ့ကို စားစရာလေးနဲ့ဘာလေး ကျွေးမွေးပြီး ပြန်လွှတ်ပေးလိုက်ပါကွာ"

ထို့နောက် လူကြီးက နေရာမှနောက်ကြောင်းပြန်ကာ လှည့်ထွက်သွားလေတော့၏။ ထိုစဉ် ခွန်းမင်းဆိုသူလူရွယ်က ...

"ဦး ... ကျွန်တော့်ကို အဘွားဇာပြောခဲ့ဖူးတာ ရှိတယ် ... တိုတိုထွာထွာခိုင်းဖို့ ကောင်လေးတစ်ယောက် လိုချင်တယ်တဲ့၊ အဲဒါ ဒီကောင်လေးကလည်း ဒီနယ်က မဟုတ်ဘူးဆိုတော့ သူ့ကို အဘွားဇာဆီခေါ်သွားရင် ကောင်းမလားလို့"

လူကြီးသည် ခြေလှမ်းရပ်တန့်ကာ ခပ်ထွေထွေစဉ်းစား



လိုက်၏။ ထို့နောက် ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ကောင်းပြီလေ ... ဒါဆိုရင်လည်း သူ့ကို အဘွားဇာဆီ ခေါ်သွားလိုက်ပါ၊ လက်ခံ၊မခံဆိုတာကိုတော့ အဘွားဇာဘာသာ ဆုံးဖြတ်ပါစေ"

လူကြီး ထွက်သွားသည်။ ခွန်မင်းက ရှေ့ဦးစွာ ကျားကလေးအား သူ့အခန်းဆီသို့ ခေါ်ဆောင်သွား၏။

ထို့နောက် ထမင်းကျွေးသည်။ အစာကျွေးပြီးနောက် ကိုယ်လက်သန့်စင်သည်။ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးသည်နှင့် ခွန်မင်းသည် ကျားကလေးအား ဦးဆောင်ခေါ်ကာ ရှားဂေဟာအတွင်း ဆောင်ဆီသို့ ဝင်ရောက်လာသည်။

စင်္ကြံလမ်းအတိုင်း လျှောက်လာကြရင်း တံခါးသုံးလေးခုကို ဖြတ်သန်းခဲ့ကြသည်။ နောက်ဆုံးတွင် ဆေးနီသုတ်ထားသော တံခါးတစ်ခုရှေ့သို့ ရောက်သောအခါ ခွန်မင်းက ခြေလှမ်းရပ်လိုက်၏။

ကျားကလေးကလည်း လိုက်ရပ်သည်။ ပိတ်ထားသော တံခါးရှေ့တွင် နှစ်ယောက်သား ရပ်တန့်နေကြရင်းမှ ခွန်မင်းက အသံကို မြှင့်သည်။

"ဇာဝန်မှူးရှိတယ်မဟုတ်လား ခင်ဗျာ"

အနီရောင်တံခါးကြီး ပွင့်လာသည်။ တံခါးပေါက်ဝတွင် မိန်းမပျိုတစ်ဦးက ဦးခေါင်းပြူကာ ထွက်ပေါ်လာ၏။

"ခွန်မင်းပါလား ... ဘာကိစ္စလဲ"

ခွန်မင်းက အချိုသာဆုံး ပြုံးလိုက်သည်။

"အဘွားဗွာက လက်တိုလက်တောင်းခိုင်းဖို့ ကောင်လေး တစ်ယောက်လိုချင်တယ်ဆိုတာနဲ့ လာပြောတာပါ"

"ဪ ... ဒီလိုဆို လာလေ"

မိန်းမပျိုက ကျားကလေးအား ခေါင်းညိတ်ခေါ်လိုက်သည်။ ခွန်မင်းက ကျားကလေးအား အခန်းတွင်းဝင်ရောက်ရန် နောက်ကျောမှ တွန်းလိုက်၏။ ကျားကလေး အခန်းထဲရောက်သွားရပြန်သည်။

ခွန်မင်းက လာလမ်းအတိုင်း လှည့်ပြန်သွား၏။ မိန်းမပျိုက ကျားကလေးလက်ကိုဆွဲကာ အခန်းရှိ စကြံလမ်းအတိုင်း လျှောက်လှမ်းလာကြရင်းမှ အဆောင်တခုသို့ ရောက်ရှိလာသည်။

ထိုအဆောင်ကို ဖြတ်သန်းခဲ့ရပြန်၏။ အဆောင်ကို ကျော်လွှား ဖြတ်သန်းပြီးသောအခါ ခန်းမဆောင်တစ်ခုဆီသို့ ရောက်ရှိလာကြပြန်သည်။ ခန်းမအလယ်တွင် ဆံပင်ဖြူဖွေးနေသော အဘွားကြီး တစ်ယောက်ရှိနေသည်။ အဘွားအို၏ တစ်ခေါင်းလုံးရှိဆံပင်တို့မှာ ဆွတ်ဆွတ်ဖြူနေ၏။

အဘွားအို၏ ခန္ဓာကိုယ်မှာ ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ ခရမ်းပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ အဘွားအိုမှာ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်နေခြင်းဖြစ်သည်။ မိန်းမပျိုတစ်ဦးက အဘွားအို၏ ကုလားထိုင်ဘေးတွင် ပုဆစ်တုပ်ထိုင်ကာ အဘွားအိုအား ယပ်



ခပ်ပေးနေ၏။

ကျားကလေးကို ခေါ်လာသော မိန်းမပျို၏ ခြေလှမ်းများသည် အဘွားအို၏ရှေ့အရောက်တွင် ရပ်တန့်သွားကြသည်။ မိန်းမပျိုက အဘွားအိုအား ဦးညွတ်ကာ အရိုအသေပြုလိုက်၏။

"ခွန်မင်းက ကောင်လေးတစ်ယောက် လာပို့ပါတယ်၊ လက်တို လက်တောင်းခိုင်းဖို့ အဘွားက သူ့ကို မှာထားတယ်ဆို၊ အဲဒါ ဒီကောင်လေးကို သုံးမသုံး အဘွားက အမိန့်ချမှတ်ပေးပါ"

အဘွားအိုက ကျားကလေးအား ခြေဆုံးခေါင်းဆုံး အကဲခတ်သလို တစ်ချက်စိုက်ကြည့်နေ၏။ အဘွားအို၏ ထက်မြက်စူးရှသော စူးစမ်းသည့် မျက်လုံးများဒဏ်ကို ကျားကလေးမခံနိုင်ပါ။ ထို့ကြောင့် မျက်လွှာလေးချကာ ခေါင်းငုံ့ငြိမ်သက်နေလိုက်ရ၏။

သူ၏ရင်ထဲ၌မူ တထိတ်ထိတ်တုန်နေသည်။ အတန်ကြာမျှ အကဲခတ်ကြည့်ရှုပြီးနောက် အဘွားအိုက ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်၏။

"ကောင်းပြီလေ ... ဒါဆိုရင်လည်း သူ့ကို ဒီမှာပဲ ခိုင်းဖို့ ခေါ်ထားလိုက်ပါ"

မိန်းမပျိုက ကျားကလေး၏ ဦးခေါင်းကိုနှိမ့်ပြီး ...

"ကဲ ... ဘွားဘွားကို ကျေးဇူးတင်စကားပြောလိုက်"

မိန်းမပျို၏စကားသံအဆုံးတွင် ကျားကလေးသည် ဒူးထောက် ထိုင်ချလိုက်ကာ အဘွားအိုအား ဦးညွတ်လိုက်၏။

"ကျွန်တော့်ကို အခုလိုအလုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘွားဘွား"

ဤသို့ဖြင့် ကျားကလေးမှာ ရှေးဦးစွာ ခွန်မင်း၏အပါးတွင် နေထိုင်ရကာ အိမ်ဂေဟာအတွင်းလိုက်နာရမည့် စည်းကမ်းချက်များကို သင်ကြားယူရ၏။

ကျားကလေးသည် လိမ္မာပါးနပ်မှု ရှိသူဖြစ်သည်။ ထို့အပြင် လူတကာ၏ အကြိုက်ကို အလိုက်ပေးပြီး ပေါင်းသင်းတတ်သူဖြစ်သည်။

ထို့ကြောင့်လည်း သူရောက်ရှိလာပြီး မကြာခင်မှာ ခွန်မင်းနှင့်တကွ အပြင်ဆောင်ရှိ လူအားလုံးနှင့် ကျွမ်းဝင်ခင်မင်သွားလေသည်။

သို့သော် ယခုအချိန်အထိ သူသည် တံခါးနီနောက်ကွယ်တွင်ရှိသော အတွင်းဆောင်ဆီသို့ လုံးဝ ဝင်ခွင့်မရသေးပါချေ။ တံခါးနီ အပြင်ရှိ အပြင်ဆောင်တွင်မူ မသင်္ကာဖွယ်ရာ ပြဿနာအမှုကိစ္စ ဘာတစ်ခုမျှ မရှိပါချေ။

ရှားဂေဟာ၏ တကယ့်လျှို့ဝှက်ချက်သည် တံခါးနောက်ကွယ်မှ အတွင်းဆောင်များအတွင်း ရှိနိုင်သည်ဟူသည့် ကျားကလေး၏ ယူဆချက်မှာ တစ်နေ့တခြား ပိုမို ခိုင်မာလာလေတော့သည်။

ကျားကလေးက စိတ်ရှည်ရှည်ထားသည်။ တခြားလူများ မသင်္ကာဖွယ်ရာ မဖြစ်ရအောင် အနေအထိုင် အပြောအဆိုကအစ





ဆင်ခြင်သည်။ မိမိအကြောင်းသာသိသွားခဲ့လို့ကတော့ မိမိ ပင်ပင်ပန်းပန်း ကြိုးစည်လုပ်ဆောင်လာခဲ့ရသမျှမှာ သဲထဲရေသွန်သည့်ပမာ ဖြစ်သွားရပေတော့မည်။

ထိုအချက်ကို ကျားကလေး မလိုလားပါ။ ထိုသို့လည်း အဖြစ်မခံနိုင်ပါချေ။ ရှားဂေဟာ တံခါးဝသို့ ရောက်လာမှတော့ တစ်နေ့တွင် အတွင်းဆောင်ထဲ ရောက်ကိုရောက်ရမည်ဟူသော ဇွဲဖြင့် စိတ်ရှည်ရှည်ထားကာ သည်းခံစောင့်ဆိုင်းနေလိုက်၏။

ကျားကလေး သည်းခံစောင့်စားခဲ့သော အကျိုးတရားသည် နောက်ဆုံးတစ်နေ့တွင် ရောက်ရှိခံစားရလေသည်။ သူသည် ရှားဂေဟာသို့ ရောက်ရှိပြီး ၁၅ ရက်ခန့်အကြာတွင် အဘွားဟွာထံမှ အမိန့်တစ်ခု ကျလာသည်။ အမိန့်မှာ ကျားကလေးအား တံခါးနီ အတွင်းဘက် အတွင်းဆောင်ဆီသို့ ခေါ်လာရမည် ဟူ၍ ဖြစ်၏။

ဤသို့ဖြင့် ကျားကလေးမှာ တံခါးနီ အတွင်းပိုင်းဆီသို့ ဒုတိယအကြိမ်မြောက် ဝင်ရောက်လာရလေတော့သည်။ အဘွားဟွာက ပထမအကြိမ်တုန်းက ပုံစံအတိုင်းပင် ထိုင်နေကျ ကုလားထိုင်တွင် ထိုင်ပြီး သူ့ကို လက်ခံတွေ့ဆုံသည်။ အဘွားဟွာက ခေါင်း တစ်ချက် ဆတ်ခနဲညိတ်၍ ကျားကလေးအား ပြော၏။

"ကောင်းပြီ ... ဒီကနေ့ကစပြီး မင်း ဒီအတွင်းဆောင်မှာ အလုပ်လုပ်ရမယ်"

ထို့နောက် အနီးတွင်ရပ်နေသော မိန်းကလေးတစ်ဦးဘက်

သို့ လှည့်၍ ...

"သူ့ကို အတွင်းဆောင်မှာတာဝန်ယူနေတဲ့ လူအားလုံးနဲ့ မိတ်ဆက်ပေးလိုက်ပါ"

"ဟုတ်ကဲ့ရှင့်"

မိန်းမပျိုက အဘွားဗုာအား တရိုတသေ ပြောပြီးနောက် ကျားကလေးဘက် လှည့်လိုက်သည်။

"ကဲ လာ ... မမနဲ့လိုက်ခဲ့"

ထို့နောက်တွင် မိန်းမပျိုသည် ကျားကလေးအား အတွင်းဆောင် အသီးသီး၌ တာဝန်ထမ်းဆောင်နေကြသော အခြား မိန်းကလေး တစ်ဆယ့်ငါးယောက်နှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် မိန်းမပျိုကပင် ဦးဆောင်ပြီး ကျားကလေးအား အတွင်းဆောင်၏ နေရာအနှံ့ လိုက်လံပြသည်။ ထိုသို့ လိုက်လံပြသရင်းမှလည်း အတွင်းဆောင်အတွင်း၌ နေထိုင်သွားလာသည့်အခါ ကျားကလေး လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းပြသည်။

ကျားကလေးက မိန်းမပျိုပြောသမျှ ခေါင်းတညိတ်ညိတ်ဖြင့် မှတ်သားနာယူနေရ၏။ ထိုသို့ လိုက်လံပြသနေရင်းမှ နောက်ဆုံးတွင် သူတို့သည် အဝါရောင် ဆေးခြယ်ထားသော တံခါးတစ်ခုအရှေ့သို့ ရောက်ရှိလာကြသည်။

ထိုအဝါရောင် တံခါးအနီးသို့ ရောက်သည်တွင် မိန်းမပျိုက မျက်နှာထား တည်ကြည်လေးနက်စွာဖြင့် ကျားကလေးအား သတိ



ပေးသည်။

"ဒီမှာ ... မင်း အထူးတလည် မှတ်သားထားရမှာက ဒီတံခါးဝါ ဖွင့်ထားသည်ဖြစ်စေ, ပိတ်ထားသည်ဖြစ်စေ, အစောင့်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ မင်းအနေနဲ့ ဒီတံခါးကိုဖြတ်ပြီး အတွင်းဘက်ကို လုံးဝမဝင်ဖို့ဘဲ ဖြစ်တယ်၊ ငါပြောတာကို လေးလေးနက်နက် လိုက်နာနားထောင်ပါ၊ နားမထောင်ဘဲ ယောင်မှားဝင်မိတာနဲ့ တစ်ပြိုင်နက် မင်း အသက်သေဆုံးရမယ်ဆိုတာ မှတ်ထားပါ"

မိန်းမပျိုက လေးလေးနက်နက်ပင် သတိပေးပြောဆိုနေသည်။ ကျားကလေးက လွန်စွာစိတ်ဝင်စားသွားကာ တံခါးဝါဆီသို့ လှမ်းကြည့်လိုက်မိ၏။

ထိုအချိန်တွင် တံခါးဝါသည် ပွင့်နေပေသည်။ မိန်းမပျိုက တံခါးဝါအတွင်းဘက်သို့ လုံးဝမဝင်ရောက်ရန် အထူးလေးနက်စွာ ပြောဆိုနေသည်။

ထိုသို့ တားမြစ်ပြောနေလေလေ ကျားကလေးမှာလည်း သိချင်စိတ်ကို မထိန်းသိမ်းနိုင်တော့ဘဲ တံခါးဝါအတွင်းသို့ ရုတ်တရက် ခေါင်းပြူပြီး ကြည့်လိုက်မိတော့သည်။

ချက်ချင်းပင် တံခါးဝါအတွင်းဘက်သို့ ရောက်နေသော ကျားကလေး၏ ဦးခေါင်းပေါ်ရှိ ဓားရောင်တစ်ချက် လက်ခနဲ ပေါ်လာလေတော့၏။

ကျားကလေး၏ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ရှောင်

တိမ်းလိုက်လျှင် သူ၏လှုပ်ရှားမှုကို တစ်ဖက်လူက မြင်တွေ့သွားမှာ ဖြစ်သည်။ လှုပ်ရှားမှုကို မြင်လိုက်လျှင်တော့ သူသိုင်းပညာ တတ်ကျွမ်းကြောင်း ချက်ချင်းသိသွားကြပေတော့မည်။

ကျားကလေး ကြံရာမရဖြစ်နေခိုက် အတူပါလာသူ မိန်းမပျိုက အသံကုန်ဟစ်အော်လိုက်၏။

"အစ်မရေ ... ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ"

အော်ရင်းဟစ်ရင်းမှလည်း လက်က သွက်လက်လျင်မြန်စွာဖြင့် ကျားကလေးအား ဆွဲကိုင်တွန်းပစ်လိုက်သည်။ မိန်းမပျို တွန်းပစ်လိုက်သည့်အရှိန်ကြောင့် ကျားကလေးမှာ ကြမ်းပြင်ပေါ်သို့ တုံးလုံး ပက်လက် လဲကျသွားတော့၏။

လဲကျသွားခဲ့ရ၍လည်း ဓားချက်မှ သီသီကလေး လွဲသွားရခြင်း ဖြစ်သည်။ တံခါးပေါက်ဝတွင် မျက်နှာပေါက်ဆိုးဆိုး မိန်းမတစ်ယောက်လှစ်ခနဲ ပေါ်ပေါက်လာသည်။

"မှတ်ထား ... နောက်တစ်ခါဆိုရင် မင်းခေါင်းအပြတ်ပဲ"

မျက်နှာထားဆိုးဆိုးနှင့်မိန်းမက ကျားကလေးအား ကြိမ်ဝါးလိုက်သည်။ ကျားကလေးနှင့်အတူပါလာသူ မိန်းမပျိုက ထိုမိန်းမကို အရိုအသေပေးလိုက်ရင်း ...

"အစ်မ ... သူကလူသစ်မို့ ခုလိုဖြစ်သွားရတာပါ၊ သည်တစ်ကြိမ်တော့ သည်းခံလိုက်ပါအစ်မရယ်၊ နောက်တစ်ကြိမ် ဒါမျိုး မဖြစ်စေရပါဘူး"



မိန်းမပျိုက ကျားကလေးကိုယ်စား တောင်းပန်စကားပြောဆိုလိုက်သည်။ မျက်နှာထားဆိုးဆိုးနှင့် မိန်းမသည် ကျားကလေးအား မျက်စောင်းတစ်ချက်ထိုးကြည့်ရင်း တံခါးဝါကို ပိတ်ပစ်လိုက်လေတော့သည်။ မိန်းမပျိုသည် ကြမ်းပြင်ပေါ်လဲကျနေသော ကျားကလေးအား ဆွဲထူလိုက်ရင်း ...

"ထစမ်း ... မင်းက မဆင်မခြင်လုပ်ချင်တာကိုး၊ နောက်ဒါမျိုး ဘယ်တော့မှမလုပ်နဲ့"

မိန်းမပျိုက ကျားကလေးအား ကြိမ်မောင်းခြစ်တင်လိုက်သည်။ ကျားကလေးက လွန်စွာထိတ်လန့်သွားဟန်ဖြင့် ...

"အဲ ... အဲဒီအစ်မကြီး ကြည့်ရတာ တော်တော်ရက်စက်မယ့်ပုံပဲ"

ဟု မှတ်ချက်ချလိုက်၏။ မိန်းမပျိုက မည်သည့်စကားမျှ ပြန်မပြောပါ။ ကျားကလေးကိုသာ စိုက်ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ကျားကလေးက သူသိလိုရာတစ်ခုကို အမှတ်မထင်ဟန်မျိုးဖြင့် မေးမြန်းလိုက်ပြန်သည်။

"ဒါနဲ့ အဲဒီတံခါးအဝအတွင်းဘက်က အခန်းမှာ ဘယ်သူနေလဲ အစ်မ"

"ဒါက ဂေဟာရဲ့ အရှင်သခင်မနေတဲ့ အတွင်းဆောင် ဖြစ်တယ်၊ ဒီထဲကို ဘယ်သူမှ မဝင်ရဘူး"

"ဘွားဘွားဗှာလည်း မဝင်ရဘူးလား"

"သူလည်း တစ်လမှ တစ်ခါနှစ်ခါပဲ ဝင်ရတယ်"

ကျားကလေးက သူသိလိုရာများ ထပ်မံမေးမြန်းရန် ဟန်ပြင်နေသေး၏။ သို့သော် မိန်းမပျိုက သူ့အား ပါးစပ်ပိတ်ထားရန် တားမြစ်ပြောဆိုလိုက်သည်။ ကျားကလေး ပါးစပ်ပိတ် တိတ်တိတ်လိုက်ပါသွားရသည်။ ကျားကလေးမှာ မူလက တံခါးနီအတွင်းပိုင်းသို့ ရောက်လျှင် ရှားဂေဟာ၏အတွင်းရေးကို သိရမည်ဟု ယူဆယုံကြည်ခဲ့သည်။

သို့သော် ယခုကျမှ တံခါးနီအပြင် တံခါးဝါရှိနေသေးကြောင်း တွေ့ရပြန်သည်။ ဤသို့ဖြင့် ကျားကလေးမှာ ရှားဂေဟာ၏ လျှို့ဝှက်ချက်သည် တံခါးဝါအတွင်း၌ ဖြစ်ရမည်ဟု ထပ်မံယုံကြည်လိုက်ရပြန်၏။ မည်သို့ဆိုစေ ငုပ်မိသဲတိုင်ဟူသော စကားပုံအတိုင်း ဤနေရာသို့တိုင် ရောက်ရှိလာမှတော့ ဆက်လက် စိတ်ရှည်လက်ရှည် သည်းခံစောင့်ကြည့်ရမည်ဟု အဓိဋ္ဌာန်ချမှတ်ကာ ခိုင်းသမျှအလုပ်ကို မညည်းမညူ မနိမကပ် လုပ်ကိုင်ပေးရင်း အခြေအနေကို သုံးသပ်လေ့လာနေခဲ့သည်။

ဤသို့ဖြင့် တံခါးနီအတွင်းပိုင်း၌ ကျားကလေး အလုပ်လုပ်ကိုင်ခဲ့သောရက်မှာ ၁၀ ရက်မျှရှိခဲ့ပြီ ဖြစ်သည်။ နေ့စဉ် အစားအစာများကို တစ်နေရာသို့ ပို့ဆောင် ပေးရခြင်း၊ ပစ္စည်းများ သယ်ဆောင်ပေးရခြင်း၊ ပစ္စည်းများ သယ်ဆောင်ယူငင်ပေးရခြင်း စသော အတိုအထွာ လုပ်ငန်းလေးများ လုပ်ကိုင်ပေးခဲ့ရသည်။ ကျားကလေးသည်



ရှိးရှိးကုပ်ကုပ်နေထိုင်ကာ အခွင့်အရေးကို သည်းခံစောင့်ဆိုင်းနေ၏။

သည်းခံစောင့်စားသည့်အကျိုးကြောင့်လည်း ကျားကလေးအတွက် အခွင့်အရေးတစ်ခု ပေါ်ပေါက်လာသည်။ ထိုနေ့တွင် ကျားကလေးသည် အဘွားဝှာအတွက် စားစရာများ လာပို့ရင်း ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာသည်။

ခန်းမဆောင်ထဲရှိ မြင်ကွင်းမှာ ခါတိုင်းနှင့်မတူဘဲ တစ်မူထူးခြားနေ၏။ ခါတိုင်း အဘွားဝှာထိုင်နေကျ ကုလားထိုင်ပေါ်တွင် အဘွားဝှ ထိုင်နေရခြင်း မရှိပါချေ။

ငယ်ရွယ်ချောမောသော မိန်းမပျိုတစ်ယောက်က ထိုကုလားထိုင်ပေါ်မှာ ထိုင်နေ၏။ အဘွားဝှာကိုယ်တိုင်ကမူ ထိုကုလားထိုင် နံဘေး၌ မတ်တတ်ရပ်နေလျက်ရှိ၏။ အဘွားဝှာ၏ ပုံဟန်မှာ ထိုမိန်းမပျိုအား လွန်စွာ ရိုကျိုးလေးစားရသည့် ပုံစံမျိုးဖြစ်နေသည်။

ကျားကလေးသည် ထိုမိန်းမပျိုနှင့် မျက်နှာချင်း ဆိုင်မိကြသောအခါ နှစ်ယောက်စလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

အမှန်စင်စစ်မူ ထိုမိန်းမပျိုသည် တခြားသူ မဟုတ်ပါချေ။ သူ၏မွေးစားမိခင် အမေမို၏အိမ်တွင် သူနေထိုင်စဉ်က သူ့အား ရေချိုးပေးခဲ့သော အစ်မစီပင် ဖြစ်လေသည်တကား။

စီစီကို မြင်ရသောအခါ ကျားကလေးမှာ အရုပ်တစ်ခုနှယ် ငြိမ်သက်တိတ်ဆိတ်စွာ ရပ်တန့်နေမိ၏။

စီစီက အဘွားဝှာကို တစ်ချက်ဝှေ့မ်းကြည့်လိုက်သည်။

ထို့နောက် ကျားကလေးအား မေးငေ့ါပြလိုက်ပြီး ...

"သူဒီကို ဘယ်အချိန်က ရောက်နေတာလဲ"

အဘွားဗွာက ဦးခေါင်းဆတ်ခနဲညွှတ်၍ ...

"သခင်မကို ကျွန်မ သူ့အကြောင်း သတင်းပို့ခဲ့ပြီးပါပြီ။ သူဟာ ကျွန်မသတင်းပို့ထားခဲ့တဲ့ ကောင်လေးဖြစ်ပါတယ်၊ သွက်လက်ချက်ချာလို့လည်း ဒီမှာရှိတဲ့လူအားလုံးက သူ့ကို သဘောကျနေကြပါတယ်"

စီစီသည် အဘွားဗွာ၏စကားကို နားထောင်ရင်းမှ ကျားကလေးအားကြည့်ကာ ခေါင်းတညိတ်ညိတ် ပြုနေ၏။ အဘွားဗွာက အသံကျယ်ကျယ်ဖြင့် ...

"ကျားကလေး ... ဟောဒီကသခင်မကြီးကို လာပြီး ဂါဝရပြုလိုက်ပါ"

ကျားကလေးသည် ရှေ့သို့တိုးသွားကာ လက်နှစ်ဖက်ဆုပ်ပြီး ဦးညွှတ် ဂါရဝပြုလိုက်သည်။ နှုတ်မှလည်း ...

"ကျားကလေးက ဂေဟာရှင်သခင်မကြီးကို နှုတ်ဆက် ဦးညွှတ်ပါတယ်ခင်ဗျား"

ကျားကလေးက မြန်မြန်ထက်ထက် သွက်သွက်လက်လက် ပြောဆိုလိုက်သည်။ စီစီ၏ မျက်နှာတွင် လှပသော အပြုံးပန်းတစ်ပွင့် ဝင့်မြူးပေါ်ထွက်လာ၏။

နှုတ်မှလည်း သာယာစွာ ရယ်မောလိုက်သည်။ ရယ်ရင်း





မောရင်းမှပင် ကျားကလေးအား ဆွဲယူကာ ...

"ကဲ ငါ့မောင် ... အပိုတွေလုပ်မနေနဲ့ ... လာပါဦး မမဆီ"

ကျားကလေးစိတ်ထဲ၌ ယခုမှပင် သက်သာရာရသွားရှာသည်။ စီစီ သူ့အပေါ် ယခင်တုန်းကအတိုင်း ခင်မင်ဆဲပါတကား။ ထိုသို့သိရ၍လည်း ကျားကလေး၏ ရင်ထဲမှာ လွန်စွာဝမ်းမြောက်သွားမိရှာ၏။ ကျားကလေးက ...

"မမစီစီ ကျွန်တော့်ကို မှတ်မိသားပဲနော်"

စီစီက ရယ်မောလိုက်ပြန်၏။

"မောင်လေးကို မမ မှတ်မိပါတယ်ကွယ်၊ အမြဲလည်း သတိရနေပါတယ်"

ထိုစဉ် အဘွားဗွာသည် အံ့သြမှုကို ထိန်းချုပ်စွာဖြင့် ကြားဖြတ်ပြောဆိုလိုက်၏။

"သခင်မ ... ဒါ သခင်မရဲ့မောင် ... ဟုတ်လား"

အဘွားဗွာက တအံ့တသြ မေးမြန်းလိုက်သည်။ စီစီက ခပ်ပြုံးပြုံးမျက်နှာဖြင့် အဘွားဗွာအား ခေါင်းညိတ်ပြသည်။

"မှန်တယ် ... ကျွန်မတို့မောင်နှမ ကွဲကွာနေကြတာ လေးနှစ်ရှိပြီ"

ထို့နောက် စီစီသည် ကျားကလေးအား သူ့အနားတွင် ထိုင်ခိုင်းကာ ...

"ဒါနဲ့ မောင်လေး ... အမေကော နေကောင်းလား"

ကျားကလေး၏ မျက်နှာမှာ မရွှင်မပျ ဖြစ်သွားသည်။ သူသည် ညှိုးရော်သွားသောမျက်နှာထားဖြင့် ခေါင်းကို ဘယ်ညာယမ်းခါပြလိုက်ရင်း ...

"အမေက ကျွန်တော်နဲ့တူတူ ရှိနေတာမဟုတ်ဘူး မမရဲ့၊ အမေရဲ့အခြေအနေကို မမရော မသိဘူးလား"

ကျားကလေးက ပြန်မေးလိုက်သည်။ စီစီက ခေါင်းယမ်းပြလိုက်သည်။

"မသိဘူး၊ မေမေ့အခြေအနေတင် မကဘူး ... ကျွန်တော့်ညီအစ်မသုံးယောက်ရဲ့အခြေအနေကိုလည်း မမ ဘာမှမသိရဘူး"

ကျားကလေးက ဝမ်းပန်းတနည်း သက်ပြင်းချလိုက်သည်။

"ဒီလိုဆိုရင် လောလောဆယ်မှာ ကျွန်တော်တို့နှစ်ယောက်ပဲ ကျန်တော့တာပေါ့"

ထို့နောက် ကျားကလေးက အခင်းဖြစ်ပွားစဉ်က ဆရာ့အား ဝတ်စုံပြာ ဝတ်ဆင်ထားသည့် လူတစ်ယောက်က လာရောက်ကယ်တင်သွားသည့်အကြောင်းနှင့် ထိုမှတစ်ဆင့် သူ၏ဆရာလောင်ရှီနှင့် တွေ့ဆုံရပုံ၊ လောင်ရှီထံမှ သိုင်းပညာရပ်များကို လေးနှစ် လေးမိုး သင်ယူခဲ့ပြီး ယခုအခါ မိမိ၏ ဘဝဖြစ်ရပ်မှန်ကို သိလို၍ လိုက်လံစုံစမ်းနေရင်း ယခုကဲ့သို့ ရှားဂေဟာသို့ ရောက်လာခဲ့ရခြင်းဖြစ်ကြောင်းစသည်ဖြင့် ဖြစ်ပျက်ပုံပြောပြသည်။ ကျားကလေးက ဆက်လက်၍ ...



"မမတို့ရဲ့ ရှားဂေဟာကို မြို့ဝင်မင်းရဲ့ လူတွေကရော၊ တေလေဂိုဏ်းက လူတွေကပါ စိတ်ဝင်တစား အကဲခတ်နေကြတယ်၊ ဒါ့အပြင် တောင်မိသားစုဝင်တွေကလည်း စိတ်ဝင်စားနေတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲဟင်"

ကျားကလေးက တိုက်ရိုက်ပင် မေးမြန်းစုံစမ်းလိုက်လေ၏။ စီစီက ပြုံး၍ ...

"ဒါဆို ရှားဂေဟာကို စိတ်ဝင်စားနေတဲ့ လူတွေများနေပြီပဲ၊ ဒီအထဲမှာ မင်းရော မပါဘူးလား"

ကျားကလေးက ရိုးသားစွာ ခေါင်းညိတ်ပြလိုက်သည်။

"မှန်ပါတယ် မမ ... ရှားဂေဟာကို စိတ်ဝင်စားတဲ့လူတွေထဲမှာ ကျွန်တော်လည်း ပါပါတယ်"

စီစီက ပြုံး၍ပင် ...

"ဟုတ်ပြီ ... အခု ရှားဂေဟာကိုအုပ်ချုပ်နေတဲ့သူဟာ တခြားလူမဟုတ်ဘဲ မမဖြစ်နေတယ်ဆိုတာ မင်းသိသွားပြီ၊ ဒီတော့ မင်း ဘယ်လိုလုပ်မလဲ"

ကျားကလေးက ခပ်ငိုင်ငိုင် ဖြစ်သွားသည်။ ရှားဂေဟာအုပ်ချုပ်သူမှာ သူရင်းနှီးလေးစားချစ်ခင်ရသော စီစီဖြစ်နေသည်။

ရှားဂေဟာ၏လျှို့ဝှက်ချက်သည် အကုသိုလ်ဖြင့် အသက်မွေးမှုလုပ်ငန်း ဖြစ်နေသည်ဆိုလျှင် ချစ်ခင်ရသော စီစီအုပ်ချုပ်နေရုံနှင့် မိမိက မဖော်ထုတ် မစုံစမ်း အရေးမယူဘဲ နေရတော့မည်လား။

ထိုသို့တော့လည်း သူမလုပ်နိုင်။ သို့ဆိုလျှင် တကယ်ချစ်ခင်မြတ်နိုးခဲ့ရသော စီစီဒုက္ခရောက်အောင် သူလုပ်ရမှာလား။ ဤသို့လည်း သူမလုပ်ချင်။။ရှေ့တိုးရမည် အခက်၊ နောက်ဆုတ်ရမည် အခက်နှင့် ကျားကလေး ဘာလုပ်လို့ ဘာကိုင်ရမည် မသိနိုင်အောင် ဖြစ်နေစဉ် ...

စီစီက ကျားကလေးကို တည်ကြည်စွာစိုက်ကြည့်ကာ သူမ၏ ဆန္ဒကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"မမဆန္ဒကို ပြောရမယ်ဆိုရင်တော့ မင်း ဒီမှာပဲနေပါ၊ ဒီမှာပဲနေပြီး မမကို ကူညီပါ"

ကျားကလေး ငြိမ်သက်စွာ စဉ်းစားနေရာမှ စီစီကိုမော့ကြည့်လိုက်သည်။

"မမတို့ ဘာတွေဘယ်လို လုပ်ကိုင်နေကြလဲဆိုတာ ကျွန်တော် မသိရသေးဘူး"

စီစီက ကျားကလေးအပေါ်တွင် လုံးဝကွယ်ဝှက်ခြင်း မရှိပါ။ ပြုံး၍သာ နေလိုက်သည်။

"မမတို့ ဘာတွေလုပ်နေကြလဲဆိုတော့ အကြမ်းဖျင်းပြောရရင် မေမေ့လိုပဲ သူဌေးဖြစ်ဖို့ ကြံနေတယ်လို့ ပြောရမှာပဲ"

ကျားကလေးက မျက်မှောင်ကြုတ်လိုက်၏။

"သူဌေးဖြစ်ကြံနေတယ် ဟုတ်လား၊ ဘယ်လိုကြံနေတာလဲ"

ကျားကလေး၏ စိတ်ထဲ၌လည်း သူတို့သာ ရိုးရိုးသားသား



သူဌေးဖြစ် ကြံစည်လုပ်ကိုင်နေကြခြင်း ဖြစ်သည်ဟုဆိုလျှင် မည်သူကမျှ သူတို့လူစုအား မျက်စိဒေါက်ထောက် ကြည့်စရာအကြောင်း မရှိဟု တွေးလိုက်မိသည်။ ထိုစဉ် စီစီက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ...

"ဒီအကြောင်းတွေကို နောက်တော့ အေးအေးဆေးဆေး ပြောပြမယ်လေ၊ လောလောဆယ် မင်း မမတို့ကို ကူညီနိုင်မယ်၊ မကူညီနိုင်ဘူးဆိုတာသာ ပြောပါ"

စီစီကလည်း သူမ သိလိုရာကိုသာ တဖွတ်ထိုးပြောဆိုလိုက်သည်။ ကျားကလေးက ခေါင်းငုံ့၍ငြိမ်သက်နေသည်။ အတန်ကြာမှ ခေါင်းကိုမော့လိုက်ပြီး ...

"ကျွန်တော် တစ်ရက်နှစ်ရက်လောက် စဉ်းစားပါရစေဦး မမ"

"ကောင်းပြီလေ ... စဉ်းစားချင်တယ်ဆိုရင်လည်း စဉ်းစားပါ"

စီစီက သူ့အား နှစ်ရက်သုံးရက်ခန့် အချိန်ယူစဉ်းစားရန် ပြောဆိုလိုက်၏။ ထို့နောက် စီစီသည် ကျားကလေးအား တံခါးဝါ အတွင်းပိုင်းဆီသို့ ပြောင်းနေခိုင်းသည်။

ဤသို့ဖြင့် ကျားကလေးမှာ လူတကာခိုင်းဖတ်ဘဝမှ ချက်ချင်းပင် သခင်လေးဘဝသို့ ရောက်သွားရလေတော့၏။ ထိုနေ့ညတစ်ညလုံးပင် စီစီနှင့်ပတ်သက်ပြီး စဉ်းစားခန်းဝင်မိသည်။

နောက်ဆုံး၌မူ သူသည် စီစီအား ခင်မင်ရင်းနှီးမှုကို ရှေ့တန်းတင် စဉ်းစားလိုက်၏။ သို့ဖြင့် သူသည် စီစီ၏ တောင်းဆိုချက်ဖြစ်သော သူမအား ကူညီရန် သဘောတူမည်ဖြစ်ကြောင်း ပြောဆိုရန် ဆုံးဖြတ်လိုက်၏။

ပထမအချက်အနေဖြင့် စီစီ၏ တကယ့်လုပ်ငန်းကို သိချင်၍ ဖြစ်၏။ ဒုတိယအချက်က စီစီကို သူ သံယောဇဉ်ရှိနေ၍ဖြစ်သည်။ အစ်မတစ်ယောက်အနေဖြင့် စောင့်ရှောက်ရန်တာဝန် သူ့မှာရှိသည်ဟု ယူဆသည်။

တတိယအချက်မှာ စီစီ အကယ်၍လမ်းမှားလိုက်နေလျှင် သူတတ်နိုင်သမျှ သူမအား လမ်းမှန်ပေါ်ရောက်အောင် ပြန်ခေါ်ရန် ဖြစ်သည်။ ဤသို့ဖြင့် နောက်တစ်နေ့ နံနက်တွင်မူ ကျားကလေးက စီစီအား ...

"မမ ... မမနဲ့အတူ ကျွန်တော်နေမယ်၊ မမကို ကျွန်တော် ကူညီမယ်"

စီစီမှာ ကျားကလေး၏ ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ကို ကြားသိရသောအခါ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျဆင်းလာမိ၏။ ကျားကလေးသည် တံခါးဝါအတွင်းသို့ ရောက်ရှိလာစဉ်ကတည်းကပင် အတွင်းပိုင်း အခြေအနေကို သူ့နည်းသူ့ဟန်နှင့် သူလေ့လာခဲ့ပြီး ဖြစ်သည်။

ကျားကလေးအတွက် ထူးဆန်းအံ့သြနေမိသည်မှာ တံခါးဝါ



အတွင်းပိုင်းသည် သူလေ့လာရသလောက် ရိုးရိုးစင်းစင်းကလေးသာ ဖြစ်နေခြင်းပင်။

တံခါးဝါနောက်ကွယ်ရှိ အဆောင်တွင် အသက်ရွယ် နုနုငယ်ငယ်မိန်းမချော မိန်းမလှလေးပေါင်း အယောက်နှစ်ဆယ်ခန့် ရှိသည်။ သူတို့ကို ဆရာ ၆ ယောက်၊ ၇ ယောက်ဖြင့် ယောကျ်ားများ ဧည့်ခံကြိုဆိုရန် ဆို၊ က၊ တီးအပါအဝင် အနုပညာရပ်များကို သင်ယူနေကြသည်။

ယင်းမှာ ဂျပန်ပြည်မှ ဂေရှားမယ်များနှင့် သဘောအတူတူပင် ဖြစ်၏။ စီစီသည် သူတို့လူစု၏ ခေါင်းဆောင်ဖြစ်သည်။ တစ်ခါတစ်ရံ သူမကိုယ်တိုင် မိန်းကလေးများနှင့် အတူဝင်ပြီး ပညာသင်ယူနေတတ်သည်။

အပေါ်ယံကြည့်မည်ဆိုလျှင် စီစီ၏ ဤလုပ်ငန်းသည် ရာဇဝတ်မှုနှင့် မကင်းသောလုပ်ငန်းဟု မည်သို့မျှ သတ်မှတ်၍ ရမည် မဟုတ်ပါ။ ကျားကလေးက စီစီကို မရပ်မနား စည်းရုံးသိမ်းသွင်းပြီး အဖြစ်မှန်ကိုမေးကြည့်သည်။ ထိုအခါကျတော့မှ အဖြစ်မှန်ကို သူသိရလေတော့သည်။

စီစီ၏ပြောပြချက်အရ သူသိရသည်မှာ ထိုမိန်းကလေးတစ်သိုက်သည် သာမန်အစားထဲက မိန်းကလေးများ မဟုတ်ကြပါ။ ဆွေကြီးမျိုးကြီး အဝန်းအဝိုင်းထဲမှ သမီးပျိုများ ဖြစ်ကြသည်။

ဥပမာ သူတို့လူသိုက်ထဲတွင် ဝေါင်ကောင်း မြို့ဝန်မင်း၏

သမီးပါဝင်သည်။ တေလေဂိုဏ်းချုပ်၏ သမီးပါဝင်သည်။ ကျူပြာနယ်မှ ထောင်မိသားစု ခေါင်းဆောင်သမီးလည်း ပါဝင်သည်။

စီစီသည် ဤကဲ့သို့ ဆွေကြီးမျိုးကြီး နာမည်ကြီးဇာကြီးသူများ၏ သမီးပျိုတို့ကို နည်းမျိုးစုံဖြင့် ရအောင်သိမ်းသွင်း စုဆောင်းပြီး ပညာသင်ကြားပေးသည်။ ပညာစုံသောအခါ သူမလုပ်ငန်းတွင် အသုံးချရန် ဖြစ်သည်။

ဤလုပ်ငန်းလုပ်ဆောင်ရခြင်း၏ မူလရည်ရွယ်ချက်မှာ အမေမိုနှင့် ညီအစ်မသုံးယောက်တို့အပြင် ကျားကလေးအတွက်ပါ မခံချင်၍ ဤသို့ အစီအစဉ်ချမှတ် လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု စီစီက ပြောပြလေသည်။

ကျားကလေးသည် အမေမိုနှင့် အစ်မသုံးယောက်တို့အတွက် မြို့ဝန်မင်း၊ တေလေဂိုဏ်းစသော အဖွဲ့အစည်းများကို စိတ်နာသည်မှန်သော်လည်း စီစီ၏ ယခုလုပ်ရပ်ကိုမူ သူ လက်မခံနိုင်ပါချေ။

"မမ … မမရဲ့လုပ်ရပ်ကြောင့် ရန်သူတွေအများကြီး ပေါ်ပေါက်လာလိမ့်မယ်၊ နောက်ဆုံးမှာ မမပဲ ဒုက္ခရောက်ရလိမ့်မယ်"

ကျားကလေးက ရေရှည်ကိုတွက်ဆပြီး ပြောပြလိုက်၏။ စီစီကမူ လုံးဝအမှုမထားသောဟန်ဖြင့် …

"သူတို့ မမကိုမထိရဲပါဘူးကွာ၊ မမကိုထိရင် သူတို့သာ ဒုက္ခရောက်ကုန်မှာပါ။ သူတို့ကိုနိုင်တဲ့နည်း မမမှာရှိတယ်၊ အခုပဲ ကြည့်ပါ





လား၊ ငါကဒီနေရာမှာ ပေါ်ပေါ်ထင်ထင်နေနေတယ်၊ သူတို့ဘက်က တစ်ယောက်မှ ငါ့ကို လာပြီးမနှောင့်ယှက်ရဲကြဘူး"

စီစီက လည်ကလေးတခါခါ ဟန်ကလေးတဝင့်ဝင့်ဖြင့် ပြန်လည် ပြောပြလိုက်လေသည်။ ကျားကလေးမှာ စီစီကိုကြည့်ရင်း လွန်စွာ အံ့သြနေမိ၏။

စင်စစ် သူ၏အစ်မလေးယောက်ထဲတွင် စီစီသည် သဘောအကောင်းဆုံး၊ အကြင်နာတရားအရှိဆုံးသူ ဖြစ်၏။ ယခု သူမသည် လုံးဝပြောင်းလွဲသွားချေပြီ။

သိမ်သိမ်မွေ့မွေ့နှင့် သိုးကလေးလိုနေခဲ့သော စီစီသည် ယခုတော့ ကြောက်စရာအကြံအစည်များကို ဖန်တီးလုပ်ဆောင်နေသည့် ခြင်္သေ့မလေး ဖြစ်နေချေပြီ။ ကျားကလေးက စီစီအား သေချာစွာ စိုက်ကြည့်နေမိရင်းမှ မှတ်ချက်ချလိုက်၏။

"မမ … မမကိုကြည့်ပြီး ကျွန်တော် အံ့သြနေတယ်"

စီစီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း … အမှန်တော့ မမ ခုလိုဖြစ်လာရတာဟာ မင်းကြောင့်ပါပဲလေ"

ကျားကလေးသည် သူကြားလိုက်ရသော စကားအတွက် နားမရှင်းနိုင်လောက်အောင် ဖြစ်သွားမိ၏။ သူက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြန်မေးလိုက်သည်။

"ဗျာ … ကျွန်တော့်ကြောင့် … ဟုတ်လား"

စီစီ၏မျက်ဝန်းအိမ်မှ မျက်ရည်များ အဆက်မပြတ်ကျဆင်းလာနေသည်။ သူမက စိတ်လှုပ်ရှား တုန်ယင်စွာဖြင့်လည်း ကြောင်းရင်း ဇစ်မြစ်ကို ရှင်းပြနေ၏။

"ငါ အသက်ဘေးက လွတ်မြောက်လာခဲ့ပြီးတဲ့နောက် မင်း အသတ်ခံရတယ် ကြားခဲ့ရတယ်၊ ငါလေ ဝမ်းနည်းလွန်းလို့ ရူးမတတ်ကို ခံစားခဲ့ရတာပါ ငါ့မောင်လေးရယ်၊ မင်းအတွက် ဝေါင်ကောင်းမြို့ကိုရော၊ တေလေဂိုဏ်းကိုရော ခုနစ်စဉ်ကြယ်အဖွဲ့ကိုပါ ဆုံးမမယ်လို့ ငါသစ္စာဆိုခဲ့တယ်"

ထို့နောက် စီစီသည် ကျားကလေးကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။ လွန်ခဲ့သော လေးနှစ်ခန့်ကလည်း စီစီသည် ကျားကလေးကို ဖက်ကာ မျက်နှာအပ်ပြီး မကြာခဏ နမ်းခဲ့ဖူး၏။

ထိုအချိန်ကမူ ကျားကလေးမှာ ထူးထူးခြားခြား ခံစားခဲ့ရခြင်းမျိုး မရှိခဲ့ပါချေ။

မိမိအား မောင်ငယ် တစ်ဦးပမာချစ်၍ ရှိုက်နမ်းခြင်း ဖြစ်သည်ဟုသာ သာမန်ယူဆခဲ့ဖူးသည်။

သို့သော် ယခုအချိန်တွင်မူ ကျားကလေးသည် ကုန်လွန်ခဲ့သော လေးနှစ်တာကာလက ကျားကလေး မဟုတ်တော့ပါချေ။

ယခု သူ၏စိတ်ဓာတ်နှင့် ရုပ်ခန္ဓာ အခြေအနေမှာ လွန်ခဲ့သည့် လေးနှစ်ကာလတုန်းကနှင့်မတူဘဲ များစွာဖွံ့ဖြိုးတိုးတက်လာ



ပြီ ဖြစ်သည်။ သူ၏ စိတ်ဓာတ်မှာ အရွယ်ရောက်နေသူ လူပျိုလူရွယ်တစ်ဦး၏ စိတ်ခံစားမှုအခြေအနေမျိုး ဖြစ်နေချေပြီတကား။

ဤသို့ဖြင့် ကျားကလေးမှာ တစ်ကိုယ်လုံးရှိ သွေးကြောများ ဆူပွက်လှုပ်ရှားလာကာ စီစီအား တင်းကျပ်စွာ ပြန်လည်ဖက်တွယ်ထားလိုက်မိလေတော့သည်။

စီစီသည် ကျားကလေး၏ရင်ခွင်တွင် ငြိမ်သက်စွာနေနေလိုက်၏။ တဒင်္ဂအချိန်ကလေးပေါင်းများစွာ ကြာမြင့်သွားခဲ့သည်။ ရုတ်တရက် ကျားကလေးသည် သတိတရားရလာကာ စီစီအား တွန်းထုတ်ပစ်လိုက်၏။

"မမ ... မမဟာ အိမ်ထောင်သည်တစ်ဦး မဟုတ်လားဟင်"

ကျားကလေးက အလန့်တကြား မေးမြန်းလိုက်လေသည်။ စီစီသည် ကျားကလေးအား ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းအစုံဖြင့် ရွှန်းရွှန်းစားစားကြည့်နေရာမှ လှပစွာ ပြုံးလိုက်သည်။

"အမှန်တော့ ဘယ်သူနဲ့မှ အိမ်ထောင်မပြုခဲ့ဖူးပါဘူးကွယ်၊ မမဟာ အခုချိန်ထိ အပျိုစင်ပါပဲ၊ မင်းကိုစောင့်နေလို့သာ အိမ်ထောင်မပြုရသေးတာဆိုရင်လည်း မှန်ပါတယ်"

ယခုအချိန်သည် မိမိအဖို့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချမှတ်ဖို့ အချိန်ပင်ဖြစ်သည်ဟု ကျားကလေးက သတ်မှတ်သည်။ သို့မဟုတ်ဘဲ စီစီသည် သူ၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေမည်

ဆိုပါက မကြာမီ ဒုက္ခတွေ့ချေတော့မည်မှာ သေချာသည်။

ထို့ကြောင့်လည်း အချိန်မီ ယင်းလုပ်ငန်းကို စွန့်လွှတ်ရန် သူက ဖြစ်သည့်နည်းဖြင့် စည်းရုံးသိမ်းသွင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ ကျားကလေးက ရှေးဦးစွာ ယတိပြတ် ဆုံးဖြတ်ပြီးသော မျက်နှာထားဖြင့် ...

"မမ ... မမကို ကျွန်တော် လက်ထပ်ယူမယ်"

ထိုစကားကို ကြားရသောအခါ စီစီ၏မျက်လုံးများ အရောင်တောက်ပလာသည်။

"မင်း တကယ်ပြောတာလား"

ကျားကလေးက တည်ကြည်သောမျက်နှာ လေးနက်သောလေသံဖြင့် ...

"ဟုတ်တယ် ... တကယ်ပြောတာ၊ ကျွန်တော် မမကိုလက်ထပ်ယူမယ်"

စီစီမှာ ဝမ်းသာလွန်းစွာဖြင့် ကျားကလေးအား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိရှာလေသည်။ ကျားကလေးက စီစီအား အလိုက်သင့် ပြန်လည် ပွေ့ဖက်လိုက်ရင်းမှ ...

"မမ ... မမကို ကျွန်တော်တစ်ခုပြောစရာ ရှိတယ်"

"တစ်ခု မကဘူး ... ပြောချင်သလောက်ပြော နားထောင်ဖို့အသင့်ပဲ"

စီစီက ရွှင်မြူးတက်ကြွစွာ ပြန်လည်ပြောဆိုလိုက်သည်။



ကျားကလေးက မျက်နှာထား တည်ကြည် လေးနက်စွာ ...

"ကျွန်တော်ပြောချင်တာက တခြားမဟုတ်ဘူး၊ မမအနေနဲ့ ကျွန်တော့်ကို တကယ်ပဲ မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် ကျွန်တော် ပြောတာ နားထောင်ပါ၊ မမ ဒီလုပ်ငန်းကို ဆက်မလုပ်ပါနဲ့တော့။ စွန့်လွှတ်လိုက်ပါ၊ ဒါဆို ကျွန်တော် တကယ်စိတ်ချမ်းသာပြီး မမ ကျွန်တော့်အပေါ် တကယ့်မေတ္တာနဲ့ချစ်တယ်လို့လည်း ယုံကြည်မယ်"

စီစီငြိမ်သက်တိတ်ဆိတ်သွားသည်။ တဒင်္ဂအချိန်အတွင်းမှာပင် သူမ၏မျက်နှာအမူအရာသည် အသွင်သဏ္ဍာန်အမျိုးမျိုးသို့ လျင်မြန်စွာ လှုပ်ရှားပြောင်းလဲနေ၏။

သူမ၏ စိတ်တွင်း၌ တိုက်ပွဲငယ်ပေါင်း မြောက်များစွာ ဆင်နွှဲနေရသည်မှာ ထင်ရှားလှ၏။

နောက်ဆုံးတွင် စီစီ၏မျက်နှာအမူအရာမှာ တည်ကြည်ပြတ်သားလာသည်။ စူးရှသောမျက်လုံး၊ တင်းနေအောင် ကြိတ်ထားသော မေးရိုးများကိုကြည့်ရုံဖြင့် သူမသည် တစ်စုံတရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပိုင်းခြားပြီးဖြစ်ကြောင်း သိသာလှ၏။

မှန်ပါသည်။ သူမသည် ကျားကလေး၏ လက်ကိုလှုပ်ခါဆွဲယမ်းရင်း လှိုက်လှဲနွေးထွေးသော လေသံဖြင့် ...

"မမ မောင်လေးရဲ့စကားကို နားထောင်ပါ့မယ်ကွယ်၊ ငါ့မောင်စိတ်ချမ်းသာမယ်ဆိုရင် မမဘဝ ဘာပဲ ဖြစ်ရဖြစ်ရပါ"

စီစီက တုန်ယင်လှိုက်မောစွာ ပြောရင်း မျက်ဝန်းအိမ်မှ

မျက်ရည်များက တလိမ့်လိမ့်စီး ကျလာနေ၏။

ကျားကလေးသည် စိတ်မထိန်းနိုင်တော့ဘဲ စီစီအား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိလေသည်။ ညသည် တစ်စ တစ်စဖြင့် အမှောင်ထုအောက်သို့ နက်ရှိုင်းစွာ ထိုးဝင်နစ်မြုပ်သွား လေတော့၏။

+ + +



## အခန်း (၂၉)

နံနက်မိုးလင်းစ အချိန်ဖြစ်သည်။ ခုတင်ပေါ်တွင် စီစီကို မတွေ့ရတော့ပါ။ ကျားကလေးက ကမန်းကတန်း လူးလဲထထိုင် လိုက်သည်။ ရှားဂေဟာ၏ ခန်းမဆောင်အသီးသီးနှင့် ခြံဝင်း အတွင်း အပြင်မကျန် စီစီကို သူလိုက်ရှာကြည့်သည်။ သို့သော် စီစီအား အရိပ် အယောင်မျှပင် မတွေ့ရတော့ပါချေ။

အခိုင်းအစေများနှင့် ခြံဝင်းအတွင်းအပြင် လုံခြုံရေးတာဝန် ယူထားသော သိုင်းသမားများကိုလည်း တစ်ဦးတစ်ယောက်မျှ မတွေ့ရတော့ပါချေ။ ဤသို့ဖြင့် ရှားဂေဟာ ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစိုးမင်းမူနေ၏။

အဆောင်တစ်ခုအတွင်းတွင်မူ အဖမ်းခံထားရသော မိန်း ကလေးများ အိပ်ပျော်နေကြသည်။ ရိုးရိုး အိပ်ပျော်နေကြခြင်းတော့ မဟုတ်ပါချေ။ အိပ်ဆေးအကျွေးခံထားရ၍ သတိလက်လွတ်ဖြစ်ကာ အိပ်မောကျနေပြီး အိပ်ပျော်နေကြရခြင်း ဖြစ်သည်။ စီစီ ပထမနေခဲ့ သော အခန်းရှိရာသို့ ကျားကလေးရောက်ရှိလာပြန်သည်။ ထိုအခါ စားပွဲပေါ်တွင် သူ့အတွက် စာတစ်စောင်တင်ထားသည်ကို တွေ့ရ

၏။ စာကိုကျားကလေးက လျှင်မြန်သွက်လက်စွာ ယူဖတ် ကြည့်လိုက်သည်။

*မောင်လေး ...*

*မမ တစ်ညလုံးစဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်မိပါတယ်။ မင်းစိတ်ချမ်းသာအောင်လည်း မမရဲ့ လုပ်လက်စလုပ်ငန်းကို ရပ်ပစ်လိုက်တယ်။*

*သည်လိုရပ်ပစ်လိုက်မိတဲ့အတွက် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးကွင်းဆက်ကတော့ မမကို နောက်ကနေပြီး ကြိုးကိုင်ကူညီခဲ့သူဟာ မမကို ခွင့်လွှတ်မှာ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်လေ မောင်လေးရဲ့ စကားကို နားထောင်ခြင်းဖြင့် မမဟာ မောင်လေးအပေါ် ဘယ်လောက် ချစ်မြတ်နိုးတယ်ဆိုတာကို ပြသခဲ့ပါတယ်။ ရေစက်မကုန်သေးဘူးဆိုရင်တော့ မောင်လေးနဲ့ ပြန်ဆုံချင်ပါသေးတယ်။*

ကျားကလေးမှာ စာကိုဆုံးအောင်ဖတ်ပြီးသောအခါ သူ၏စိတ်ကို တည်ငြိမ်အောင် မည်မျှပင်ထိန်းသော်လည်းမရပါ။ မျက်ရည်များသည်သာ မျက်လုံးအိမ်မှ အဆက်မပြတ်စီးဆင်းကျလာလေသည်။

နောက်ဆုံးတွင် ကျားကလေးသည် တစ်ယောက်တည်း စိတ်လက် မချမ်းမြေ့စွာဖြင့် ရှားဂေဟာမှ ထွက်ခွာလာခဲ့ရလေတော့၏။

+ + +



## အခန်း (၃၀)

ကျားကလေးတစ်ယောက်တည်း စိတ်ပျက်လက်ပျက် လျှောက်လှမ်းလာနေသည်။ တောအုပ်တစ်ခုအတွင်းသို့ သူ ရောက်ရှိလာသည်။ တောအုပ်ကို ဖြတ်ကျော်ရန် အတွင်းသို့ ဝင်ရောက်လာသည်။ တောအုပ်တစ်နေရာသို့ အရောက်တွင် လူတစ်စုက စုရုံးစုရုံး လုပ်နေသည်ကို တွေ့လိုက်ရသည်။ ကျားကလေး သိချင်စိတ်ဖြင့် ထိုလူစုရှိရာ ချဉ်းကပ်လာသည်။

ထိုအခါကျမှ သဲသဲမဲမဲ ယှဉ်ပြိုင်တိုက်ခိုက်နေသော တိုက်ပွဲကို မြင်ရလေတော့သည်။ တိုက်ခိုက်နေကြသူနှစ်ဦးကား အခြားသူများ မဟုတ်ကြပါ။ ထောင်ရင်စင်နှင့် ဖူစိန်တို့ပင် ဖြစ်ကြပါသည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး လုံးဝညှာတာခြင်း မရှိဘဲ သဲသဲမဲမဲ ယှဉ်ပြိုင်တိုက်ခိုက်နေကြ၏။

ပိုင်ကျုံချက်၊ ဘာချမ်းစသော တေလေဂိုဏ်းသားများက တစ်ဖက်၊ ထောင်ရင်စင်၏ ဘက်တော်သားဟု ထင်ရသူ ခုနစ်ယောက်က တစ်ဖက်၊ တစ်ဖက်တစ်ချက်စီ လူစုခွဲပြီး ဘေး၌ ဝန်းရံရပ်ကြည့်နေကြသည်ကိုလည်း ကျားကလေးက တွေ့လိုက်ရ၏။

ကျားကလေးမှာ ထိုမြင်ကွင်းကို တွေ့လိုက်လျှင် တွေ့လိုက်ချင်း လွန်ခဲ့သော ညတစ်ညက တေလေဂိုဏ်းခွဲတစ်နေရာ ခြံဝင်းအတွင်း ဖြစ်ခဲ့ပျက်ခဲ့မှုအတွက် ယခု စာရင်းလာရှင်းနေ ကြခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ကျားကလေးက ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိ၌ ရှင်းလင်းပေးရန် တာဝန်ရှိသည်ဟု ယူဆယုံကြည်၏။ သို့ဖြင့် သူသည် တိုက်ခိုက်နေကြသူ နှစ်ဦးရှိရာဆီသို့ လျှောက်လှမ်းလာလေသည်။ သို့သော် အပြင်စည်းတွင် ကင်းစောင့်နေသော တေလေဂိုဏ်းသား ဓားသမားလေးယောက်က ကျားကလေးအား ရှေ့ဆက် မတိုးရန် ဝိုင်းဝန်းဟန့်တားလိုက်ကြပြန်၏။

ကျားကလေးသည် ဟန့်တားသူ ဓားသမားများနှင့် အရှည်အဝေး စကားမပြောလိုလှပါ။ ထို့ကြောင့်လည်း ကိုယ်ယောင် တစ်ချက်ပြပြီး သူတို့အကြားမှ ထိုးထွက်ရန် ဟန်ပြင်လိုက်သည်။

တေလေဂိုဏ်းသားတစ်ယောက်က သူ့အား နောက်မှလိုက်ပြီး ဓားဖြင့် ဝိုင်းလိုက်သည်။ ကျားကလေးက ထိုသူ၏ တိုက်ကွက်ကို လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး တစ်ဆက်တည်းမှာလည်း ထိုသူအား အဝေးသို့ တွန်းထုတ်ပစ်လိုက်၏။

ဝိုင်ကျုံချက်သည် ကျားကလေးကို မြင်သောအခါ ဝမ်းသာသွားသည်။ ဤပြဿနာ ဖြစ်ပေါ်ရခြင်း၏ အဓိကတရားခံသည် ကျားကလေးကြောင့်ဟု ဝိုင်ကျုံချင်က ယူဆထားသည်။



ယခု တရားခံဖြစ်သူ ကျားကလေးကိုယ်တိုင် ရောက်လာပြီဖြစ်၍ ဤပြဿနာများ ရှင်းလင်းသွားတော့မည်ဟု သူက ယူဆကာ ဝမ်းသာနေခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ဝိုင်ကျုံချက်က သူ့ဂိုဏ်းသားအား ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ပြ အမိန့်ပေးလိုက်သည်။

"ဟေ့ ... သူ့ကို လွှတ်ပေးလိုက်စမ်း"

ဤသို့ဖြင့် ကျားကလေးမှာ သဲမဲစွာ ယှဉ်ပြိုင်တိုက်ခိုက်နေကြသူများ အနားသို့ ရောက်ရှိလာတော့သည်။ အနားသို့ ရောက်သည်နှင့် ကျားကလေးက ...

"ရပ်လိုက်ကြပါ၊ အကြောင်းမရှိဘဲ မယှဉ်ပြိုင်ချင်ကြစမ်းပါနဲ့"

ဝိုင်ကျုံချက်ကလည်း အခွင့်အရေးကို လက်လွှတ်မခံပါ။ အသံကျယ်ကျယ်ဖြင့် ...

"ဖူစိန် ... ခဏရပ်လိုက်ပါ၊ ကျားကလေးက သူရှင်းပြစရာရှိလို့တဲ့"

ဖူစိန်သည် အသံကြားလျှင်ကြားချင်း တိုက်ခိုက်မှုကို ရပ်တန့်ကာ စည်းဝိုင်းအပြင်သို့ ခုန်ထွက်သွားသည်။ ထောင်ရင်စင်ကလည်း လိုက်လံပြီး မတိုက်ခိုက်ပါ။ ရပ်တန့်ကာ အခြေအနေကို အကဲခတ်သလို ကြည့်ရှုနေလိုက်သည်။

ကျားကလေးက ထောင်ရင်စင်အား ကြည့်၍ ရှေးဦးစွာ ရှင်း

ပြလိုက်သည်။

"ထောင်ရင်စင် ... ခင်ဗျားကို လက်နက်ပုန်းနဲ့ပစ်တာ တေလေဂိုဏ်းကလူတွေ မဟုတ်ပါဘူး၊ တခြားလူတစ်ယောက်ပါ၊ သူ့ကို ကျွန်တော် လိုက်ဖမ်းမယ်အလုပ်မှာ ပိုင်ကျုံချက် ကြားဝင်တိုက်ခိုက်လိုက်လို့ ဒီလူထွက်သွားပါတယ်"

သို့သော် ထောင်ရင်စင်သည် ကျားကလေး၏ ရှင်းပြချက်ကို မယုံကြည်ဘဲ ဖြစ်နေ၏။ ကျားကလေးကို လေလွင့်လူငယ်တစ်ဦး၏ စကားကို သူမယုံကြည်နိုင်ပါ။

ကျားကလေးက တည်ကြည်လေးနက်သောမျက်နှာဖြင့်

"ထောင်ရင်စင်ကိုကြည့်ရတာ ကျွန်တော့်စကားကို ယုံကြည်ချင်ပုံ မရဘူး၊ ဒါပေမဲ့ ကျွန်တော် လေးလေးနက်နက် ပြောမယ်၊ တစ်ခုနားထောင်ပါ၊ ကျွန်တော့်ကို အသက်ငယ်တယ်ဆိုပြီးတော့လည်း မယုံမကြည် မလေးမစား မလုပ်ပါနဲ့ဗျာ၊ အချို့ကိစ္စ တော်တော်များများကို ကျွန်တော် ခင်ဗျားတို့ထက် ပိုပြီးသိထားတယ်၊ ဥပမာ ထောင်ရင်စင် ... ခင်ဗျားအခုလာတာ ခင်ဗျားတို့ ဂိုဏ်းချုပ်သမီးကြောင့် မဟုတ်လား"

ကျားကလေး၏ စကားမဆုံးခင် ထောင်ရင်စင်မှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ သူက လက်ကို ဝှေ့ယမ်းပြရင်း ကျားကလေးအား တားဆီးလိုက်၏။

"တော်ပြီ ... မင်းသိရင် ဒီမှာပဲ ဒီစကားကို ရပ်လိုက်ပါ"



ထောင်ရင်စင်က ကျားကလေးအား ဟန့်တားလိုက်သည်။ ကျားကလေးက ရယ်မောလိုက်၏။ ထိုသို့ ရယ်မောရင်းမှလည်း ပိုင်ကျုံချက်တို့ဘက်သို့ လှည့်ကြည့်လိုက်၏။

"တေလေဂိုဏ်းမှာ ကြုံတွေ့နေရတဲ့ ပြဿနာကလည်း ထောင်ရင်စင်တို့နဲ့ အတူတူပဲ၊ တေလေဂိုဏ်းချုပ်ရဲ့ သမီးကိစ္စပဲ မဟုတ်လား"

ထိုစကားကို ကြားရသည့်အခါ တေလေဂိုဏ်းသားများမှာ မျက်နှာပျက်သွားကြရပြန်သည်။ အမှန်ပင် သူတို့ဂိုဏ်းချုပ်၏ သမီးကို ပြန်လည်ကယ်ထုတ်နိုင်ရန် ကျိတ်ပြီး သူတို့ဘာသာ စီစဉ်နေကြသည် မဟုတ်ပါလား။

စီစဉ်မှုမပြီးခင် ရုတ်ရုတ်သဲသဲ မဖြစ်စေလိုသောကြောင့်သာ ထောင်ရင်စင်အား ဝင်ရောက်ဟန့်တားနေကြခြင်း ဖြစ်၏။

အမှန်စင်စစ်မူ တေလေဂိုဏ်းနှင့် ထောင်မိသားစုတို့သည် သိုင်းလောကအတွင်း သူ့နည်းသူ့ဟန်နှင့် သူကျော်ကြားနေသော ထိပ်တန်းဂိုဏ်းကြီးနှစ်ဂိုဏ်း ဖြစ်၏။

မိမိတို့ဂိုဏ်းချုပ်များ၏ သမီးများအား အခြားသူများ ဖမ်းဆီးထားသည့်သတင်းကို အပြင်လူများအား လုံးဝ မသိစေချင်ကြပါ။ ထို့ကြောင့်လည်း ယခုကဲ့သို့ တိတ်တိတ်ပုန်း ကျိတ်ကာ လုပ်ဆောင်နေကြခြင်း ဖြစ်၏။

ကျားကလေးက သူတို့အားလုံးကို အကဲခတ်သလို တစ်

ချက်ကြည့်ကာ အဓိကအကြောင်းအရာကို ဆက်ပြောလိုက်သည်။

"ခင်ဗျားတို့ ဒီနေရာမှာလာပြီး တစ်ယောက်နဲ့တစ်ယောက် သူသေ ကိုယ်သေ တိုက်နေကြတဲ့အချိန်မှာ မနေ့ညက ရှားဂေဟာ ဘာဖြစ်သွားခဲ့လဲဆိုတာ ခင်ဗျားတို့သိရဲ့လား၊ ခုချိန်ဆို ရှားဂေဟာက ဖမ်းထားတဲ့မိန်းကလေးတွေ မြို့ဝန်မင်းဆီ ရောက်နေလောက်ပြီ ဆိုတာရော ခင်ဗျားတို့ တွက်ဆမိကြရဲ့လား"

ဤတွင် ပိုင်ကျုံချက်က စိတ်လှုပ်ရှားစွာဖြင့် ...

"ကျားကလေး ... မင်း တကယ်ပြောနေတာလား"

ကျားကလေးက ခေါင်းညိတ်ပြလိုက်၏။ ထိုစဉ် ...

ထိုစဉ်အခိုက်မှာပင် တေလေဂိုဏ်းသားတစ်ယောက်က သူတို့လူစုရှိရာသို့ ပြေးလွှားရောက်ရှိလာသည်။ ရောက်လျှင် ရောက် ချင်းမှာပင် ထိုသူက သတင်းပို့လိုက်၏။

"မြို့ဝန်မင်းရဲ့ အမှုထမ်းတွေက ရှားဂေဟာကို သိမ်းပိုက် ထားလိုက်ကြပြီ"

ပိုင်ကျုံချက်၏စိတ်သည် အထူးလှုပ်ရှားသွားသည်။ သူ သည် ကျားကလေးကိုပင် စကားမပြောနိုင်တော့ဘဲ လက်နှစ်ဖက် ဆုတ်၍ နှုတ်ဆက်ကာ ထိုနေရာမှ လျင်မြန်စွာ ပြေးထွက်သွားလေ တော့၏။

ထောင်ရင်စင်ကလည်း ကျားကလေးအား လက်နှစ်ဖက် ဆုပ်၍ နှုတ်ဆက်လိုက်သည်။



"မိတ်ဆွေလေးကို အထူးပဲ ကျေးဇူးတင်ပါတယ်"

ပြောပြီးသည်နှင့် လူကလည်း ထိုနေရာမှ လျင်မြန်စွာ ပြေး ထွက်သွားလေတော့သည်။ ခက်ခဲရှုပ်ထွေးနေသော ပြဿနာတစ်ခု ကို ပြေလည်အောင် ဖြေရှင်းပေးလိုက်ရ၍ ကျားကလေး၏ စိတ်ထဲ မှာ ကြည်နူးသွားရသည်။

ထိုစဉ် ဖူစိန်က တည်ကြည်လေးနက်သော မျက်နှာဖြင့်

"ကျားကလေး ... ဟိုနေ့ညက မင်းအပေါ် ကျူပ် အထင်မြင် လွဲမှားမိတာ ခွင့်လွှတ်ပါ"

ဟု တောင်းပန် ပြောဆိုလိုက်၏။ စီဆောင်ကလည်း ကျား ကလေးအား ကြည့်ကာ ...

"ကျားကလေး ... အစ်ကို မင်းအပေါ် မောက်မောက်မာမာ ဆက်ဆံမိခဲ့တာ ခွင့်လွှတ်ပါကွာ"

ကျားကလေးက သူတို့နှစ်ယောက်စလုံးအား နှစ်လိုဖွယ် ပြုံးပြလိုက်သည်။

သူ၏နှုတ်မှလည်း အေးဆေးစွာ ...

"ကျွန်တော် ဘယ်သူ့အပေါ်မှ စိတ်မဆိုးပါဘူး၊ အစ်ကိုတို့"

စီဆောင်က ...

"ကျားကလေးက မင်းအစ်ကိုတို့နဲ့ တူတူပြန်နေပါလား"

ကျားကလေးက ဦးခေါင်းကို အသာအယာ ယမ်းခါပြလိုက် သည်။

"ကျွန်တော် ကျူကောင်းမြို့ကို ပြန်သွားလိုစိတ် လုံးဝမရှိတော့ပါဘူး ခင်ဗျာ၊ ဒီနေရာကပဲ အစ်ကိုတို့ကို ကျွန်တော် နှုတ်ဆက်လိုက်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုကြပါ"

ပြောပြီးသည်နှင့် လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေး နှုတ်ဆက်လိုက်ပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

✢ ✢ ✢



## အခန်း (၃၁)

ကျားကလေးမှာ ဖူစိန်တို့လူစုနှင့် နှုတ်ဆက် လမ်းခွဲခဲ့ပြီးနောက် ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေမိ၏။

သူ့အနေဖြင့် စီစီကို တွေ့အောင်ရှာမည်ဟု ဆုံးဖြတ်ချက်ချထားသော်လည်း ဘယ်နေရာမှစ၍ ဘယ်သို့ သွားရမည်ဟု လုံးဝမသိနိုင်ဘဲ ဖြစ်နေသည်။ သူ၏ဦးနှောက်မှာလည်း ရည်ရွယ်ချက်ကင်းမဲ့ကာ စီမံချက်မရှိသော အရူးတစ်ယောက်ကဲ့သို့ ခြေဦးတည့်ရာသွားနေ၏။

ခြေဦးတည့်ရာ လျှောက်သွားနေသော ကျားကလေး၏ နားထဲသို့ လမ်းဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ လှမ်းခေါ်လိုက်သံတစ်သံ ရုတ်တရက် ဝင်ရောက်လာသည်။

"ကျားကလေး ... ဟေး ကျားကလေး"

ကျားကလေး၏ ခြေလှမ်းများ တုံ့ရပ်သွားမိ၏။ ထိုအချိန်တွင် စားသောက်ဆိုင်အပြင်သို့ ထောင်ထောင်မောင်းမောင်း ကိုယ်ခန္ဓာနှင့် ရုပ်ရည်သန့်ပြန့် ချောမောသော လူငယ်တစ်ယောက် ထွက်

လာသည်ကို တွေ့လိုက်ရ၏။ ထိုလူငယ်သည် ကျားကလေးအား ချုံသော ပြုံးရွှင်သောမျက်နှာထားဖြင့် ဆိုင်ပြင်ဘက်သို့ထွက်ကာ ဆီးကြိုနေခြင်းဖြစ်သည်။

ကျားကလေးက သေချာစွာ ကြည့်လိုက်သောအခါ ထိုလူငယ်မှာ အခြားသူမဟုတ်ဘဲ လီချွန်စိန် ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့၏။ ကျားကလေးသည် လီချွန်စိန်အား တွေ့လျှင် တွေ့ခြင်းမှာပင် ဝမ်းသာအားရ ပြန်လည် နှုတ်ဆက်လိုက်သည်။

သို့ရာတွင် သူတို့လူစုက လီချွန်စိန်တို့ မိသားစုအပေါ် မကောင်းကြံစည်မိသည်များကို ပြန်လည်တွေးမိသောအခါ ရင်ထဲမှာ စိတ်မကောင်း ဖြစ်သွားမိ၏။ သူ့မျက်နှာမှာလည်း ခပ်အမ်းအမ်း ဖြစ်သွားမိ၏။

လီချွန်စိန်က ကျားကလေး အိုးတိုးအန်းတန်း ဖြစ်သွားရခြင်း အကြောင်းရင်းကို သတိပြုမိသည်။ ထို့ကြောင့် ကျားကလေး စိတ်သက်သာရာ ရစေလိုသော သဘောဖြင့် စကားဆက်ကာ ပြောဆိုလိုက်၏။

"မင်း ... ကျူကောင်းကို ရောက်တယ်ဆိုတာ လာခွေပြောလို့ သိပြီးပြီ၊ သတင်းကြားပြီးကတည်းက မင်းကို တွေ့ချင်လို့ ငါ လိုက်ရှာနေတာ၊ ဒီနေ့မှပဲ ကံကောင်းလို့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့တယ်"

ကျားကလေးက ခေါင်းကို ခပ်ငုံ့ငုံ့ ပြု၍ ...



"မင်းရဲ့ဖေဖေ၊ မေမေနဲ့ ဦးလေးတို့ရော နေကောင်းကြတယ် မဟုတ်လား"

လီချွန်စိန်က ခေါင်းညိတ်ပြလိုက်၏။

"ကောင်းကြပါတယ်၊ သူတို့အားလုံးက မင်းကို တွေ့ချင်နေကြတယ်၊ အခု မင်း အိမ်လိုက်ခဲ့ပါလား"

လီချွန်စိန်၏စကားကြောင့် ကျားကလေးမှာ အံ့ဩသွားမိသည်။

"သူတို့က ငါ့ကို စိတ်မဆိုးဘူး ဟုတ်လား"

"ဘာဖြစ်လို့ မင်းကို စိတ်ဆိုးရမှာလဲ၊ အဲဒီတုန်းက မင်းသာ ဝင်မကယ်ခဲ့ရင် ငါသေနေတာ ကြာလှပြီ၊ ပြီးတော့လဲ မင်း ဒီလိုလုပ်ရတာကလည်း သူတို့က ခြိမ်းခြောက်ပြီး အတင်း အဓမ္မခိုင်းလို့ လုပ်ရတာဆိုတာ ငါတို့စုံစမ်းသိပြီးပါပြီ"

ကျားကလေးက သက်ပြင်းတစ်ချက်ချ၍ ခေါင်းညိတ်လိုက်သည်။

"လီချွန်စိန် ... မင်းတို့မိသားစုက ငါ့ကို ခုလို ခွင့်လွှတ်တဲ့အတွက် ငါ အများကြီး ကျေးဇူးတင်ပါတယ်"

သူတို့နှစ်ယောက် စကားပြောဆိုနေစဉ် ဆိုင်အတွင်းသို့ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ရှိ မိန်းကလေး အပျိုတစ်ယောက် ဝင်ရောက်လာ၏။

လီချွန်စိန်သည် ထိုမိန်းမပျိုကို မြင်လိုက်သည်နှင့် တစ်ပြိုင်

နက် မျက်နှာကို တစ်ဖက်သို့ ချာခနဲ လှည့်ပစ်လိုက်၏။

သို့သော် မိန်းမပျိုက သူ့ကို မြင်သွားပြီဖြစ်ရာ သူတို့အပါးသို့ တန်းတန်းမတ်မတ်ပင် ချဉ်းကပ်လာသည်။ အနားသို့ ရောက်သည်နှင့် မိန်းမပျိုက လီချွန်စိန်အား စတင် နှုတ်ဆက်လိုက်သည်။

"ကိုကြီးလီ"

လီချွန်စိန်က မသက်မသာဟန်ဖြင့် မျက်နှာကို လှည့်ကာ မိန်းမပျိုအား တုံ့ပြန်နှုတ်ဆက်လိုက်၏။ သို့သော် နေရာ ထိုင်ခင်း တော့ ပေးပြီး ဖိတ်ခေါ်ခြင်းမပြုပါ။

လီချွန်စိန်က ကျားကလေးဘက် လှည့်၍ ...

"ကဲ ... တို့ထိုင်နေတာ ကြာပြီ၊ သွားကြရအောင်"

ပြောပြောဆိုဆိုပင် နေရာမှ ထသွား၏။ လီချွန်စိန်၏ အမူအရာမှာ မိန်းမပျိုအား လိုလားခြင်းမရှိကြောင်း သိသာလှ၏။ ကျားကလေးသည် လီချွန်စိန်အား ထိုမိန်းကလေးအား စက်ဆုပ် မုန်းတီးဟန်ရှိကြောင်း အကဲခတ်မိ၏။

သို့သော် မည်သည့်စကားမျှ မပြောဘဲ လီချွန်စိန်နောက်မှ လိုက်၍သာ အပြင်သို့ ထွက်သွားသည်။ လီချွန်စိန်၏ ကိုယ်ရံတော် သိုင်းသမားကလည်း နောက်မှ ဆက်လက်လိုက်ပါလာ၏။

ရုတ်တရက် မိန်းမပျိုက စားပွဲခုံကို လက်ဝါးဖြင့် တစ်ချက် ရိုက်ထည့်လိုက်ပြီး ...

"လီချွန်စိန် ... ရပ်နေလိုက်စမ်း"



လေသံမာမာဖြင့် ဟစ်အော်တားမြစ်လိုက်၏။ သို့သော် လီချွန်စိန်က ရပ်တန့်ခြင်းမရှိပါ။ ကျားကဘေးဘက်သို့ လှည့်၍သာ

"လာစမ်းပါကွာ ... သူ့ကို အရေးစိုက် မနေစမ်းပါနဲ့"

ပြောပြောဆိုဆိုပင် ရှေ့ဆက်လက် ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

သို့သော် ခြေလှမ်းဆယ်လှမ်းမပြည့်မီမှာပင် သူတို့ နောက်မှာရှိနေခဲ့သော မိန်းမပျိုသည် သူတို့ရှေ့သို့ လွှားခနဲ ခုန်ပျံရောက်ရှိလာလေတော့၏။ မိန်းမပျိုက သူတို့သွားလမ်းကို ပိတ်ပြီး ရပ်တန့်လိုက်သည်။

ထို့နောက် လီချွန်စိန်အား လက်ညှိုးငေါက်ငေါက်ထိုး၍ အော်ငေါက်ကြိမ်းမောင်းလိုက်၏။

"စေတနာကို စေတနာမှန်းမသိတဲ့လူ ... ရှင် အခု ကျွန်မ အကြောင်းသိစေရမယ်"

ထူးဆန်းသည်မှာ မိန်းမပျိုက အော်ငေါက်ကြိမ်းမောင်းနေစဉ်မှာပင် လီချွန်စိန်သည် ရုတ်တရက် အော်ဟစ်ကာ နောက်သို့ လန်ကျသွားလေတော့သည်။ သူ့နောက်မှ ကပ်လိုက်လာသော ကျားကလေးက ကမန်းကတန်း လှမ်းဖမ်းလိုက်၍သာ မြေပေါ် လဲကျမသွားခဲ့ခြင်း ဖြစ်၏။

လီချွန်စိန် လဲကျသွားသည်ကို မြင်သည်နှင့် မိန်းမပျိုကလည်း အဝေးသို့ ပြေးထွက်သွားလေတော့သည်။ ကျားကလေးက

လီချွန်စိန်၏ ခန္ဓာကိုယ်အနှံ့ စစ်ဆေးကြည့်ရှုသော်လည်း မည်သည့် ဒဏ်ရာ ဒဏ်ချက်ကိုမျှ မတွေ့ရပါချေ။

သို့သော် လီချွန်စိန်မှာမူ နာကျင်လွန်း၍ မေ့မြောနေဆဲဖြစ်သည်။ အတန်ကြာသည်အထိပင် မေ့မြောမနေပြီးနောက် လီချွန်စိန် သတိရလာသည်။ ထူးဆန်းသည်မှာ သတိရလာသည်နှင့် တစ်ပြိုင်နက် နာကျင်ခြင်းဝေဒနာ ပျောက်ကင်းသွားပြီး လူကလည်း လုံ့ကောင်းပကတိအတိုင်း ပြန်ဖြစ်သွားခြင်းပင် ဖြစ်၏။

ကျားကလေးက အံ့သြစွာဖြင့် ...

"လီချွန်စိန် ... မင်းခုနက ဘယ်မှာနာသွားတာလဲ၊ ငါ ဒဏ်ရာရှာကြည့်တော့ ဘယ်မှာမှလည်း မတွေ့ရပါလား"

လီချွန်စိန်က ဗိုက်ကိုနှိပ်ပြလိုက်သည်။

"ဗိုက်နာတာ၊ ခုတော့ မနာတော့ဘူး"

ထို့နောက်တွင် ကျားကလေးက မိန်းမပျိုအကြောင်းကို လီချွန်စိန်ထံမှာ စုံစမ်း၏။

"စောစောက မိန်းကလေးက ဘယ်ကလဲ၊ သူ့ကိုကြည့်ရတာ မင်းအပေါ် လိုလိုလားလား ရှိပုံပဲ"

ကျားကလေးက လီချွန်စိန်၏မျက်နှာကို အကဲခတ်သလို ကြည့်ရင်း မေးမြန်းလိုက်၏။ လီချွန်စိန်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ယမ်းခါပြလိုက်သည်။

"အေး ... သူကဘာလဲ၊ ဘယ်ကလဲဆိုတာတော့ ငါလည်း



မသိပါဘူးကွာ၊ ဒါပေမဲ့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ယင်ကောင်ကသွေးကို တွေ့သလိုပဲ ယစ်ဝဲယစ်ဝဲ လုပ်လွန်းလို့ ငါ သိပ်မုန်းနေမိတာ"

လီချွန်စိန်က ညည်းညည်းညူညူ ပြောဆိုလိုက်သည်။ ထိုစဉ်ခိုက်တွင် လယ်သမားဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်သည် သူတို့အပါးသို့ တိုးကပ်လာ၏။

"သခင်လေးလီဆိုတာ ဘယ်သူပါလဲ ခင်ဗျာ"

လယ်သမားဝတ်စုံနှင့်လူက မေးမြန်းလိုက်သည်။ လီချွန်စိန်က ထိုသူအား တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။

"လီချွန်စိန်ဆိုတာ ကျုပ်ပဲ၊ ပြော ဘာကိစ္စလဲ"

လယ်သမားဝတ်စုံနှင့်လူရွယ်က သူတို့နှင့် မလှမ်းမကမ်းတွင်ရှိသော ရွာတစ်ရွာသို့ လက်ညှိုးညွှန်ပြလိုက်ရင်း ...

"ကျွန်တော်က အဲဒီရွာကပါ၊ ခုနက မိန်းကလေး တစ်ယောက် ရောက်လာတယ်၊ စားသောက်ဆိုင်ကိုသွားတဲ့ လမ်းပေါ်ရှိနေတဲ့ လူသုံးယောက်အနက် လီချွန်စိန်ဆိုတဲ့လူကို မေးမြန်းပြီး ဟောဒီအထုပ်ကလေး ပေးပါဆိုလို့ ကျုပ်လာပို့တာပါ"

ပြောပြောဆိုဆိုပင် လယ်သမားဝတ်စုံနှင့် လူရွယ်သည် လီချွန်စိန်အား ပစ္စည်းထုပ် လှမ်းပေးလိုက်၏။ လီချွန်စိန်က အထုပ်ကို ယူပြီး ဖွင့်ကြည့်လိုက်သည်။ ထိုအခါ အတွင်း၌ ဆေးလုံးသုံးလုံး ရှိနေသည်ကို တွေ့လိုက်ရ၏။

လီချွန်စိန် မျက်မှောင်ကြုတ်လိုက်သည်။ တစ်ဆက်တည်းမှာလည်း လယ်သမားဝတ်စုံနှင့် လူရွယ်အား လှမ်းကြည့်ကာ ...

"ဒါနဲ့ အဲဒီအမျိုးသမီးက ဘာမှာလိုက်သေးလဲဗျ"

"မိန်းကလေးက ပြောတယ်၊ ဒီဆေးလုံးကို သိမ်းထားပါ၊ ဗိုက်နာတဲ့အခါကျရင် သောက် ပျောက်လိမ့်မယ်တဲ့၊ ဒါပေမဲ့ ဗိုက်နာတာ လုံးလုံးပျောက်ကင်းသွားစေချင်ရင်တော့ သူ့ဆီကို အရောက်လာခဲ့ဖို့ မှာသွားပါတယ်"

လီချွန်စိန်မှာ ဆေးလုံးကိုကိုင်ကာ ကြက်သေသေနေမိ၏။ ယခုလောက်ဆိုလျှင် ကျားကလေးသိပြီ။ အမှန်စင်စစ်မှု လီချွန်စိန်မှာ ခန္ဓာကိုယ်ထဲတွင် အဆိပ်မိခံနေရခြင်းသာ ဖြစ်၏။ မည်သူက သူ့အား ရေရှည်ရောဂါ အနာတရရှိစေသည့် အဆိပ်ဆေး တိုက်ကျွေးခဲ့လေသနည်း။ ထိုအချက်ကိုမူ ကျားကလေး မသိပါချေ။ မည်သို့ဆိုစေ စောစောက မိန်းမပျိုသည် ထိုပြဿနာ၏သဲလွန်စဖြစ်သည်။ သဲလွန်စနောက်သို့ အရင်လိုက်သင့်သည်ဟု ကျားကလေးက ဆုံးဖြတ်သည်။ ထို့ကြောင့်လည်း လီချွန်စိန်အား လှမ်း၍ ...

"ကဲ လီချွန်စိန် ... တို့ အဲဒီမိန်းကလေးဆီ အရင်ဆုံး သွားကြည့်ကြရအောင်"

ကျားကလေးက တိုက်တွန်းပြောဆိုလိုက်သည်။ သို့သော် လီချွန်စိန်က ခေါင်းကို ဘယ်ညာ ခါယမ်းလိုက်ရင်း ...

"ဟင့်အင်း ... မသွားဘူးကွာ ... သေတောင်မသွားဘူး"





ကျားကလေးက ညင်သာသောလေသံဖြင့် ဖျောင်းဖျ ပြောဆိုသည်။

"မဟုတ်ဘူး လီချွန်စိန် ... မင်းမှာ အခုရနေတဲ့ ရောဂါမျိုးက အချိန်မီ ကုသမှ ရမှာ၊ အချိန်မီမကုသနိုင်ဘူးဆိုရင် မင်း သေသွားလိမ့်မယ်"

သို့သော် လီချွန်စိန်ကမူ ...

"အေး ... သေမယ်ဆိုရင်လည်း သေပလေ့စေတော့၊ အသေခံမယ် မသွားဘူးကွာ"

လီချွန်စိန်က တင်းခံနေ၏။ သို့သော် ပြောရင်းဆိုရင်းမှပင် သူ၏ဗိုက်နာ ပြန်ပြီးနာလာပြန်၏။

ပထမတွင် သူသည် အံကြိတ်ပြီး တောင့်ခံနေနိုင်သော်လည်း ကြာတော့ နာလွန်းမကနာလာပြီး မေ့မြောသွားမလို ဖြစ်လာသည်။ ဤတွင် သူသည် မနေနိုင်တော့ဘဲ မိန်းမပျိုလေး ပေးပို့လိုက်သော ဆေးလုံးကို သောက်ချလိုက်ရလေတော့၏။

ထိုဆေးလုံးသောက်ချလိုက်တော့မှပင် ဗိုက်နာခြင်းမှာ ယူပစ်လိုက်သလို ပျောက်ကင်းသွားရလေတော့သည်။ ကျားကလေးက မိန်းမပျို၏ လိပ်စာကို မေးမြန်းကြည့်သည်။ သို့သော် လီချွန်စိန်က မပြောပါ။ သို့ရာတွင် သူ၏ကိုယ်ရံတော်သိုင်းသမားက မနေနိုင်တော့ဘဲ သူသိကြောင်း ဝင်ရောက်ပြောဆို၏။

ဤတွင် ကျားကလေးသည် လီချွန်စိန်၏သွေးကြောကို

ရုတ်တရက် လက်ညှိုးဖြင့် ထိုးပိတ်လိုက်လေတော့၏။ လီချုန်စိန်မှာ သွေးကြောပိတ်ခံရပြီးနောက် အိပ်ပျော်သွားသည်။

ကျားကလေးက ကိုယ်ရံတော်သိုင်းသမား ဝေါင်ဘက်အား မြင်းလှည်းတစ်စီး ရှာဖွေခိုင်းသည်။ ထို့နောက်တွင် မိန်းမပျိုရှိရာ ဝေါင်ဘက်ကို လမ်းညွှန်စေကာ ထွက်ခွာသွားကြလေတော့၏။

လမ်းတစ်ဝက်သို့ အရောက်တွင်မူ လီချုန်စိန်၏ သွေးကြောကို ကျားကလေးက ပြန်ဖွင့်ပေးလိုက်သည်။ အမျိုးသမီးဆီ သွားနေသည့် ခရီးစဉ်၌ သူလိုက်ပါခြင်း မပြုလိုဟု ငြင်းဆန်နေသေး၏။ သို့သော် ကျားကလေးက သေချာအေးဆေးစွာ ရှင်းပြလိုက်သောအခါ သူသည် ကျားကလေး၏ စေတနာမှန်ကို သဘောပေါက် လက်ခံလာပြီး လိုက်ပါရန် သဘောတူလေသည်။ ဤသို့ဖြင့် သူတို့သုံးယောက်သည် အေးချမ်းစွာ ခရီးဆက်လာကြလေတော့၏။

လမ်းခရီးတွင် လီချုန်စိန်က ၎င်း၏အဖြစ်ဆန်းကို ကျားကလေးအား ပြန်လည်ပြောပြသည်။ လီချုန်စိန် ပြောပြချက်အရဆိုလျှင် လွန်ခဲ့သည့်လက သူနှင့်ဝေါင်ဘက်တို့သည် ရှုမျှော်ခင်း အလွန်သာယာသော ဝေါင်စမ်းတောင်ကို သွားရောက်လည်ပတ်ခဲ့ကြသည်။

ဝါစမ်းတောင်သွားရာလမ်းခရီးတွင် အလွန်လက်ရာမြောက်စွာ လုပ်သော ရွှံ့ဖြူတို့ဖြင့် ထုလုပ်ထားသည့် မိန်းမရုပ်ကလေးတစ်ရုပ်ကို ကောက်ရသည်။ အရုပ်ကလေး၏မျက်နှာ၊ ကိုယ်ခန္ဓာ၊ လက်



အချိုးကျနစွာ ဖွဲ့စည်းပေါင်းစပ်နေပုံတို့မှာ လွန်စွာလှပလွန်းသဖြင့် သူသည် မနေနိုင်တော့ဘဲ အရုပ်ကို နမ်းလိုက်မိလေတော့သည်။

ထိုသို့ နမ်းမွှေးလိုက်စဉ် ခဏမှာပင် အရုပ်၏ပါးစပ်မှ အပ်တစ်ချောင်း ရုတ်တရက် ထွက်ပေါ်လာကာ သူ့အား စူးသွားသည်။ နှုတ်ခမ်းသားထဲ အတော်ကလေး နက်ရှိုင်းစွာ နစ်မြုပ် စူးဝင်သွားခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် ယောင်ယမ်းကာ အရုပ်ကိုပင် လက်မှ လွှတ်ချပစ်လိုက်မိခဲ့၏။

အထက်ပါကိစ္စ ဖြစ်ပျက်ခဲ့ပြီးနောက် သူသည် မိန်းကလေးနှင့်တွေ့သည်။ မိန်းမပျိုက သူတို့အား ရင်းနှီးခင်မင်စွာ မိတ်ဆွေဖွဲ့ပြီး ဝါစမ်းတောင်ရှိ နာမည်ကြီးနေရာဒေသ အချို့ လိုက်လံပြသ၏။

ညဘက်သို့ ရောက်သောအခါ မိန်းမပျိုက သူမ၏အိမ်တွင် ညအိပ်တည်းခိုရန် ဆွဲခေါ်သွား၏။ အိပ်ရာဝင်ချိန်ရောက်၍ သူအိပ်ပျော်နေစဉ် မိန်းမပျိုက အခန်းတွင်းဝင်ရောက်လာကာ သူ၏ နှုတ်ခမ်းကို လာနမ်းသည်။ လီချုန်စိန်က နိုးလာပြီး မောင်းထုတ်ပစ်လိုက်၏။

သူမက နောက်ညများတွင် နှစ်ကြိမ်သုံးကြိမ်မျှ လာရောက်နမ်းမွှေးရန် ကြိုးပမ်းသေး၏။ တစ်ခါမျှ မအောင်မြင်ခဲ့ပါ။ လီချုန်စိန်ကမူ မိန်းမပျိုအား ရမ္မက်ကြီးပြီး အရှက်နည်းသူဟု ယူဆကာ ထိုအချိန်မှ စတင်ပြီး လွန်စွာ ရွံမုန်းသွားခဲ့မိ၏။

ကျားကလေးသည် လီချုန်စိန်၏စကားများကို ဆုံးအောင်

နားထောင်နေရာမှ စကားအဆုံးတွင် သက်ပြင်းတစ်ချက် အသာချကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

"အမှန်တော့ လီချွန်စိန် ... မင်း မိန်းကလေးအပေါ် အထင်လွဲနေတာပဲ၊ မိန်းကလေးရဲ့စေတနာကို မင်း တလွဲထင်နေတာပဲ"

လီချွန်စိန်က တအံ့တသြဖြင့် ...

"ဘာ ... ငါက အထင်လွဲနေတာ ... ဟုတ်လား"

ကျားကလေးက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ အမှန်တော့ မင်းဟာ လူသိနည်းပြီး အလွန်လည်း အဆိပ်ပြင်းထန်တဲ့ အဆိပ်လျှို့ဝှက်လက်နက် ထိမှန်ခံထားရတယ်၊ ဒါကို မင်းမသိပေမယ့် မိန်းမပျိုကသိတယ်၊ ဒီအဆိပ်မျိုးက စုပ်ထုတ်ပေးရတယ်၊ ဒါကြောင့်လည်း မင်းရဲ့ အဆိပ်ထိမှန်ခံထားရတဲ့ နှုတ်ခမ်းကို သူက အဆိပ်စုပ်ထုတ်ပေးဖို့ ကြိုးစားခဲ့တာ ဖြစ်တယ်၊ ဒါကို မင်းက တလွဲတွေးပြီး သူ့အပေါ် အထင်မှားခဲ့တာပဲ"

ကျားကလေးက အေးဆေးစွာ ရှင်းပြလိုက်သည်။

လီချွန်စိန်သည် ကျားကလေး၏ရှင်းပြချက်ကို ကြားရသောအခါ မိန်းမပျိုအပေါ် အထင်မြင်လွဲမှားမိခဲ့ရခြင်းအတွက် စိတ်မကောင်း ဖြစ်သွားမိ၏။ မဆင်မခြင် အပြစ်တင်အထင်မှားမိခဲ့ခြင်းအတွက် သူ နောင်တရမိသည်။

ဤသို့ဖြင့် ...

✢ ✢ ✢



## အခန်း (၃၂)

ဤသို့ဖြင့် ကျားကလေးတို့လူစုသည် ခရီးထွက်လာခဲ့ကြပြီး နှစ်ရက်ခန့်ကြာသောအခါ ဝါစမ်းတောင်ခြေဒေသရှိ မြို့ငယ်ကလေး တစ်ခုသို့ ရောက်ရှိလာကြလေတော့သည်။

ထိုမြို့ငယ်ကလေးရှိ တည်းခိုခန်းတစ်ခုတွင် ကျားကလေး တို့လူစုက တည်းခိုအနားယူကြသည်။

ညအချိန်သို့ ရောက်သောအခါ ကျားကလေးသည် လီချွန်စိန်အား စောင့်ရှောက်ရန်အတွက် ဝေါင်ဘက်ကို သေချာစွာ မှာကြားပြောဆိုခဲ့ပြီး သူတစ်ယောက်တည်း မိန်းမပျိုနေထိုင်ရာ အိမ်ဘက်သို့ သွားကာ အခြေအနေကို အကဲခတ် လေ့လာသည်။

လီချွန်စိန် ပြောခဲ့ဖူးသော စကားများအရ မိန်းမပျို၏ အိမ်တွင် သူမ၊ သူမ၏ အဖေတို့အပြင် အိမ်ဖော်လင်မယားနှစ်ယောက် စုစုပေါင်း အိမ်သားငါးယောက်ရှိသည်ဟု ကျားကလေးက သိခဲ့ရသည်။

ကျားကလေးက မိန်းမပျို၏အိမ်နားသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေ၏။ အိမ်တွင်းမှ မီးရောင်များသည် အပြင်သို့ ယှက်

ဖြာကျရောက်လျက် ရှိနေသည်။

မီးရောင်ထွက်ပေါ်နေပုံကို ကြည့်ပြီး မိန်းမပျို၏ မိသားစု အိပ်ဟန်မတူဟု ကျားကလေးက မှတ်ချက်ချလိုက်၏။ မိန်းမပျို၏ မိသားစုအား ထိပ်တန်းသိုင်းသမားများ ဖြစ်လိမ့်မည်ဟု ကျားကလေးက ခန့်မှန်းလိုက်၏။

အဘယ်ကြောင့်ဆိုသော် ရွှံ့ပန်းပုရုပ်မိန်းမလှနှင့် ပတ်သက်သောသူများသည် ကြောက်စရာကောင်းတတ်ကြသည် မဟုတ်ပါလား။

ကျားကလေးသည် အသံလုံးဝ မထွက်စေသည့် အဆင့်မြင့်ဆုံး ကိုယ်ဖော့ပညာကို အသုံးချကာ အိမ်နားသို့ နီးသည်ထက်နီးအောင် တိုးကပ်သွား၏။

အနီးသို့ ရောက်သောအခါ ပြတင်းပေါက်မှတစ်ဆင့် အထဲသို့ အကဲခတ် ချောင်းမြောင်းကြည့်လိုက်၏။ ထိုအခါ အိမ်အတွင်း၌ လူလေးဦးသည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်လျက်အနေအထားဖြင့် ထိုင်နေကြသည်ကို တွေ့လိုက်ရလေတော့သည်။

မိန်းမပျို၏ အဖေနှင့်အမေဖြစ်ဟန်တူသူ နှစ်ဦးက ယှဉ်လျက်ထိုင်နေကြ၏။

နှစ်ယောက်စလုံး မျက်စိများ မှိတ်ထားကြကာ စဉ်းစားခန်းဝင်နေကြဟန် လက္ခဏာရှိ၏။ သူတို့နှစ်ဦး၏ မျက်နှာချင်းဆိုင် ခုံပေါ်



တွင်မူ အိမ်ဖော်နှစ်ယောက်ဖြစ်ဟန်တူသူနှစ်ဦး ထိုင်နေကြသည်။

နှစ်ယောက်စလုံး မျက်လုံးများကလယ်ကလယ်ဖြင့် သခင့်ထံမှ ရောက်ရှိလာမည့်အမိန့်ကို စောင့်စားနေကြဟန် လက္ခဏာရှိ၏။ ယခုအချိန်အထိ မိန်းမပျိုကိုမူမတွေ့ရသေးပါချေ။

ကွမ်းတစ်ရာညက်ခန့် ကြာသောအချိန်တွင်မူ ဖခင်ဖြစ်သူသည် မျက်စိပွင့်လာကာ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

အိမ်ဖော်နှစ်ယောက်သည် ချက်ချင်းလိုပင် မြောက်ခနဲ ခုန်ကာ အိမ်ပြင်သို့ ရောက်ရှိသွားကြ၏။ ထိုစဉ် မိန်းမပျို၏ဖခင် နှုတ်ဖျားမှ စကားတစ်ခွန်း ထွက်ပေါ်လာ၏။

"မိတ်ဆွေက အိမ်ကိုလည်ဖို့ ရောက်လာခဲ့တာဆိုရင်လည်း ထင်ထင်ပေါ်ပေါ် လာခဲ့ရောပေါ့ဗျာ၊ ခိုးချောင်ခိုးဝှက် လုပ်မနေပါနဲ့၊ ရဲရဲတင်းတင်း လာလည်တဲ့ဧည့်သည်ဆိုရင် ကျုပ်တို့ကလည်း အိမ်ရှင်ပီပီ ပွင့်ပွင့်လင်းလင်း ကြိုဆိုချင်ပါတယ်"

ထိုစကားသံကို ကြားရသောအခါ ကျားကလေး၏ ရင်ထဲ၌ ထိတ်ခနဲ တစ်ချက်ဖြစ်သွားမိသည်။ သူတို့ကတော့ မိမိရောက်နေကြောင်း သိရှိနေကြချေပြီ။

ကျားကလေးက ထိုအတိုင်းယူဆကာ ပုန်းခိုနေသောနေရာမှ အပြင်သို့ ထွက်လာရန် ဟန်ပြင်လိုက်၏။ သို့သော် ထိုစဉ်ခိုက်မှာပင် အခြားအသံတစ်သံ ထွက်ပေါ်လာပြန်လေတော့၏။

"အဟမ်း ... အစ်ကိုကြီးဝမ်တို့များ သိုင်းလောကက အနား

ယူသွားပြီလို့ဆိုတာတောင် သိုင်းပညာကျတော့ အရင်ကထက် ပိုပြီး ထက်မြက်နေသေးတယ်နော်၊ ညီလေးကူးစံသာက ကိုကြီးဝမ်ဆီ တွေ့ခွင့်တောင်းပါတယ်ဗျာ ... ခွင့်ပြုပါ"

ထိုအသံကို ကြားရတော့မှပင် ကျားကလေးသည် လေပူ တစ်ချက် မှုတ်ထုတ်လိုက်ကာ မိမိ၏မူလနေရာတွင် ငြိမ်သက်စွာ ပြန်နေနေလိုက်၏။

ကျားကလေးက လှမ်းကြည့်လိုက်သောအခါ အိမ်ရှေ့ ကွက်လပ်တွင် လူတစ်ယောက်ရောက်ရှိနေသည်ကို တွေ့လိုက်ရလေ တော့သည်။

ထိုသူသည် ခရမ်းရောင်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထား၏။ ခပ်ဝဝ ခပ်ပုပု ခန္ဓာကိုယ် အရပ်အမောင်း ရှိ၏။ အသက်အရွယ်ကမူ ကြီးရင့်လှပြီး မိန်းမပျို၏ဖခင်နှင့် ရွယ်တူခန့်ပင် ရှိမည်ထင်ရ၏။

ထိုသူက လက်နှစ်ဖက်ဆုပ်ကာ ဆရာကြီးဝမ်အား နှုတ် ဆက်နေသည်။ ဆရာကြီးဝမ်က ရယ်ရယ်မောမောပင် အိမ်ပြင်သို့ ထွက်လာကာ ထိုသူအား ပြန်လှန်နှုတ်ဆက်၏။

ဆရာကြီးဝမ်သည် ပြုံးပြုံးရွှင်ရွှင် ခရီးဦးကြိုပြုပြီးနောက် ထိုသူအား အိမ်တွင်းသို့ ဦးဆောင်ကာ ခေါ်သွားသည်။ ဆရာက တော်ကလည်း ထိုသူအား လိုက်လှဲဖော်ရွေစွာ နှုတ်ဆက်လိုက်၏။

အိမ်တွင်းသို့ရောက်ရှိပြီးနောက် ကုလားထိုင်အသီးသီး၌ နေရာယူထိုင်လိုက်ကြ၏။



အိမ်တွင်း၌ လင်းထိန်နေသော မီးအလင်းရောင်ဖြင့် ကျား ကလေးသည် နောက်ထပ်ရောက်ရှိလာသူကို သေချာစွာဖြင့် ဂရုပြု လေ့လာနိုင်ခဲ့၏။

ထိုသူသည် ခန္ဓာကိုယ်ကသာ ခပ်ဝဝ ခပ်ဖိုင့်ဖိုင့် ဖြစ်နေ သော်လည်း မျက်နှာကမူ ပိန်ကျုလှသည်။ ပါးရိုး၊ မေးရိုးများပင် ထင်ရှားစွာ ငေါထွက်နေ၏။ မျက်နှာနှင့်ကိုယ်ခန္ဓာ လိုက်ဖက်မှု မရှိ၍ ထိုသူကို ကြည့်ရသည်မှာ ကြည့်မကောင်းလှပါချေ။

အိမ်ရှင်လင်မယား၏ပုံစံကို ကြည့်ရသည်မှာလည်း စော စောကလို မဟုတ်တော့ပါ။ တစ်စတစ်စဖြင့် ဧည့်သည်အား လိုလား နှစ်သက်ပုံမရသော အရိပ်လက္ခဏာသည် မျက်နှာများပေါ်တွင် အထင်းသား ပေါ်လွင်လာ၏။

မည်သို့ဆိုစေ ဧည့်သည်ကူးစံသာက သူလာရခြင်းမှာ သူ့တူ ကူးချမ်းလျှမ်းနှင့် ဆရာကြီးဝမ်၏သမီး မိန်းမပျိုကျင်ကျင်ဝမ်တို့ကို လက်ဆက်ပေးလို၍ ကမ်းလှမ်းရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောဖြစ်အောင် ပြောဆိုလိုက်၏။

ကူးစံသာက သူ့တူနှင့် မိမိတို့သမီးအား လက်ထပ်ခွင့်ပေး ရန် တောင်းခံပြောဆိုလာသောအခါ ဆရာကြီးဝမ်တို့ ဇနီးမောင်နှံမှာ ယမ်းပုံမီးကျ ဒေါသအပွကြီးပွသွားကြသည်။

ဒေါသတကြီးဖြင့်လည်း ကူးချမ်းလျှမ်းနှင့် မိမိတို့သမီး လုံးဝ သဘောမတူနိုင်ကြောင်း အပြတ်ငြင်းဆန် ပြောဆိုလိုက်ကြသည်။

သို့သော် ကူးစံသာကမူ လူငယ်နှစ်ယောက်မှာ လူငယ်ပီပီ တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင်နေကြပြီဖြစ်ကြောင်း မယုံကြည်ဘူးဆိုပါလျှင် ဆရာကြီးဝမ်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ကူးဂေဟာသို့ အရောက်လာကြပြီး အကဲခတ်ကြည့်ရှုကြစေလိုကြောင်း ပြောဆိုလိုက်သည်။

ဆရာကြီးဝမ်၏ ဇနီးကမူ ဒေါသတကြီးဖြင့်ပင် မိမိ၏သမီးသည် ကူးချမ်းလျှမ်းအပေါ် မေတ္တာရှိလိမ့်မည် မဟုတ်ကြောင်း ငြင်းဆန် ပြောဆိုနေသည်။

ကူးစံသာကလည်း လူငယ်ချင်း တစ်ဦးကိုတစ်ဦး မေတ္တာသက်ဝင် ချစ်ခင်နေကြသည်မှာ အမှန်ပင်ဖြစ်ကြောင်း ဇွတ်တရွတ် ပြောဆိုနေသည်။

ဆရာကြီးဝမ်၏ ဇနီးကလည်း လုံးဝ ဖြစ်နိုင်မည်မဟုတ်ကြောင်း အကြောက်အကန် ငြင်းဆန်ပြောဆိုနေ၏။ အခြေအနေသည် တစ်စထက်တစ်စ ဆူညံစွာ ငြင်းဆန်ရင်း ပြင်းထန်သည်ထက် ပြင်းထန်လာလေတော့သည်။

နောက်ဆုံးတွင် ဆရာကြီးဝမ်က ပြင်းထန်တင်းမာနေသော အခြေအနေသို့ ငြိမ်သက်စေလိုက်သည်။ နောက်သုံးရက်အကြာတွင် မိမိတို့ ဇနီးမောင်နှံနှစ်ယောက်စလုံး ကူးဂေဟာသို့ လာရောက်ကြမည် ဖြစ်ကြောင်းလည်း ဆရာကြီးဝမ်က ပြောဆိုလိုက်သည်။

သူတို့ကိုယ်တိုင်ရောက်လာပြီး သမီးဖြစ်သူကို မေးမြန်း



စုံစမ်းကြည့်ပြီးမှ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ကြောင်းဖြင့်လည်း ဆရာကြီးဝမ်က ပြောဆိုလိုက်သည်။

ကူးစံသာ ပြန်သွားသောအခါ ဆရာကြီးဝမ်သည် အပြင်၌ အခြေအနေ စောင့်ကြပ်နေသော အိမ်ဖော်တဲကုန်နှင့် တဲဖော်တို့ကို ခေါ်လိုက်သည်။

တဲကုန်နှင့်တဲဖော်တို့ ရောက်လာကြသည်နှင့် ဆရာကြီးဝမ်က မိမိတို့ သမီးငယ်သည် ကူးစံသာတို့၏ ကူးဂေဟာအတွင်း၌ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရသည်မှာ သေချာလှကြောင်း၊ ကူးစံသာအား နောက်သုံးရက်ကြာမှ မိမိတို့လာမည်ဟု ပြောလိုက်သော်လည်း သမီးငယ်ကို ကယ်တင်ရန်အတွက် ယခုချက်ချင်းပင် ကူးဂေဟာဆီသို့ မိမိတို့လူစု သွားရောက်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တဲကုန်၊ တဲ ဖော်တို့အား အမိန့်ပေးလိုက်လေတော့သည်။

ဆရာကြီးဝမ်တို့လူစုက ချက်ချင်းခရီးထွက်ရန် ပြင်ဆင်နေကြသည်ကို တွေ့ရသောအခါ ကျားကလေးမှာ လီချုန်စိန်အတွက် အလွန်ပင် စိတ်ပူသွားမိသည်။

သူတို့လူစုက ခရီးလွန်ပြီး ပြန်မလာနိုင်ခဲ့လျှင် လီချုန်စိန်အား မိထားသောအဆိပ်ကို အချိန်မီ မကုသနိုင်ဘဲနေမည်။ အချိန်မီ ကုသခွင့်မရလျှင် လီချုန်စိန်မှာ အဆိပ်မိသည့်ဒဏ်ဖြင့် သေဆုံးသွားနိုင်သည်။

ထို့ကြောင့် ကျားကလေးမှာ ပုန်းနေရာမှ ထွက်လာရတော့သည်။ သူသည် ဆရာကြီးဝမ်နှင့် တိုက်ရိုက်ပင် ဝင်တွေ့သည်။

ဆရာကြီးဝမ်အား လီချွန်စိန် အဆိပ်မိခံနေရသည့် အဖြစ်အပျက် အကျိုးအကြောင်း စုံလင်စွာ ပြန်လည်ပြောပြလိုက်သည်။

အမှန်စင်စစ်မူ ဆရာကြီးဝမ်မှာ ထိုကိစ္စနှင့်ပတ်သက်၍ လုံးဝ သိရှိခြင်း မရှိပါချေ။

နောက်ဆုံး တဲဖော်နှင့်တဲကုန်တို့အား စစ်မေးကြည့်သော အခါကျမှ တဲဖော်က သူမ၏ ရွှံ့မိန်းကလေးရုပ် ကျပျောက်သွားခဲ့ကြောင်းနှင့် ယင်းကို လီချွန်စိန်က ကောက်ရကာ မမျှော်လင့်ဘဲ အဆိပ်အပ်စူးသွားခဲ့ခြင်း ဖြစ်နိုင်ကြောင်း သိရတော့သည်။

ဆရာကြီးဝမ် လွန်စွာဒေါပွသွားသည်။ တဲဖော်အား ကျားကလေးနောက်သို့ ခုချက်ချင်း လိုက်ပါသွားရန်၊ လီချွန်စိန်အား ဆေးကုပေးရန်နှင့် ဆေးကုပေးပြီးမှ ကူးဂေဟာသို့လိုက်လာရန် အမိန့်ပေးလိုက်လေတော့သည်။

တဲဖော်မှာ မကျေမနပ်ဖြင့် ကျားကလေးနောက်သို့ လိုက်ပါသွားရသည်။ ကျားကလေးက တဲဖော်ကို ခေါ်ပြီး ကိုယ်ဖော့ပညာကို အသုံးချကာ ရှေ့မှ ထွက်ခွာသွားနှင့်သည်။

တဲဖော်သည် ကျားကလေးအား မီအောင် မနည်းပြေးလိုက်နေရသည်။ တွေ့စက တဲဖော်သည် ကျားကလေးအား သာမန်မျှသာ သဘောထားခဲ့သည်။ သိပ်အထင်မကြီးခဲ့ပါ။



ယခုတော့ မမျှော်လင့်ဘဲ ကျားကလေး၏စွမ်းရည်သတ္တိကို တွေ့မြင်ရပြီမို့ တဲဖော်မှာ ကျားကလေးအား အထင်မသေးဝံ့တော့ပါချေ။

ဤသို့ဖြင့် လီချွန်စိန်ရှိနေသော တည်းခိုခန်းသို့ ရောက်ရှိလာကြသည်။ ကျားကလေးက လီချွန်စိန်အား အိပ်ရာမှနိုးကာ ဆေးအကုခံခိုင်းသည်။

တဲဖော်သည် ရှေးဦးစွာ မည်းမည်းအလုံးတစ်ခုကို အိတ်တွင်းမှ ထုတ်ယူလိုက်သည်။

ပြီးတော့ ထိုမည်းမည်းအလုံးဖြင့် ကျားကလေး၏တစ်ကိုယ်လုံး နေရာအနှံ့ လိုက်လံကပ်ကြည့်သည်။

နောက်ဆုံး ဝမ်းဗိုက်ရှိ ချက်အထက်နားသို့ ရောက်သောအခါ ရုတ်တရက် ရပ်ပစ်လိုက်သည်။ ကျန်လက်တစ်ဖက်ဖြင့်လည်း လီချွန်စိန်၏ ဝမ်းဗိုက်တစ်ပြင်လုံးကို နှိပ်နယ်ပေးသည်။

ထမင်းအိုးတစ်အိုးချက်ခန့် ကြာသောအခါ တဲဖော်က လေပူတစ်ချက် မှုတ်ထုတ်ရင်း ...

"အင်း ... ကောင်းသွားပါပြီ"

ကျားကလေးက ဝမ်းသာစွာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် တဲဖော်က ကျားကလေးအား လှမ်း၍ ...

"မင်း ကူးဂေဟာမှာ ရုတ်ရုတ်သဲသဲ ဖြစ်မယ့်ပွဲကို ကြည့်ဖို့ ဝါသနာမပါဘူးလား"

အမှန်တော့ တဲဖော်သည် ကျားကလေး၏ အဆင့်မြင့် ကိုယ်ဖော့ပညာကို သဘောကျပြီး အတူလိုက်ပါနိုင်ရန် ဖိတ်ခေါ်လိုက်ခြင်း ဖြစ်၏။

ကျားကလေးမှာ ဘာကြောင့်မှန်းမသိ ဆရာကြီးဝမ်တို့ မိသားစုအပေါ် သံယောဇဉ် ရှိနေမိပြီ ဖြစ်၏။ မူလကတည်းကပင် ဆရာကြီးဝမ်တို့ဘက်မှ ပင်ရောက်ကူညီပေးရန် ရည်ရွယ်ချက် ရှိသည်။

ယခု တဲဖော်က ဖိတ်ခေါ်လာသောအခါ ဟန်ဆောင်ဖန်ဆောင်ပင် မငြင်းဆန်တော့ဘဲ လိုလိုလားလားဖြင့် ခေါင်းကို သွက်လက်စွာ ညိတ်ပြလိုက်၏။

"မှန်တယ် ... ရတ်ရတ်သဲသဲ ဖြစ်မယ့်ကိစ္စကို ကြည့်ဖို့ ကျွန်တော်လည်း ဝါသနာပါတယ်"

တဲဖော်က ကျားကလေး၏ စကားကြားသောအခါ လျင်မြန်စွာဖြင့် ...

"ကောင်းပြီ ... ဒါဆို တို့ အခုပဲ သွားကြရအောင်"

ပြောပြီးသည်နှင့် တစ်ပြိုင်နက်တည်း သူသည် အပြင်ဘက်သို့ လျင်မြန်စွာ ခုန်ဆင်း ပြေးထွက်သွားလေတော့သည်။ ကျားကလေးက ကမန်းကတန်း လှမ်းမေးမိ၏။

"နေပါဦးဗျာ ... လီချွန်စိန်နဲ့ ဝေါင်ဘက်ကို ကျုပ်က ဘယ်မှာထားခဲ့ရမှာလဲ"



တဲဖော်က အဝေးမှပင် ပြန်လည်အော်ပြောသည်။

"သူတို့ကို ဆရာကြီးဝမ်ရဲ့အိမ်မှာပဲ ပြောင်းနေခိုင်းလိုက်"

ဤတွင် ကျားကလေးသည် လီချွန်စိန်တို့အား ဆရာကြီးဝမ်၏အိမ်တွင် ပြောင်းရွှေ့နေထိုင်ရန် မှာကြားပြောဆိုခဲ့ပြီးနောက် တဲဖော်နောက်သို့ ပြေးလိုက်သွားလေတော့၏။

+ + +

## အခန်း (၃၃)

ယခု ကျားကလေးသည် တဲဖော်နှင့်အတူ ပခုံးချင်းယှဉ်ပြီး ခရီးသွားနေသည်။ ခရီးသွားနေရင်းမှ တဲဖော်က ဆရာကြီးဝမ်နှင့် သူတို့ ရင်းနှီးခင်မင်ခဲ့ကြရသည့် အကြောင်းရင်းကိုပြောပြ၏။

တဲဖော်၏ပြောပြချက်အရဆိုလျှင် ဆရာကြီးဝမ်တို့ ဇနီးမောင်နှံမှာ သိုင်းလောကတွင် ယခင်က အလွန်ကျော်ကြားသော ရွှေကြယ်နှင့်ငွေကြယ် သိုင်းသမားကြီးများ ဖြစ်ကြသည်ဟု သိရသည်။ ရွှေကြယ် ငွေကြယ် သိုင်းပညာရှင်နှစ်ဦးမှာ အဖြူရောင် သိုင်းသမားများ၏ လေးစားချစ်ခင်ခြင်းကို ခံယူကြရသည်။

တဲဖော်နှင့်သူ၏ခင်ပွန်း တဲကုန်တို့ကမူ ဆိုးသွမ်းသော အပျိုစင်ဂိုဏ်းသားများ ဖြစ်ကြသည်။ အဖြူရောင် ကြယ်နှစ်ပွင့်နှင့် တွေ့ဆုံခင်မင်ပြီးသောအခါ နှစ်ယောက်စလုံး နောင်တနှင့်အသိတရားရကာ သူတို့နှင့်အတူတူလိုက်ပြီး နေထိုင်ခဲ့ကြခြင်း ဖြစ်၏။ ထိုအချိန်အခါမှစပြီး ဆိုးသွမ်းသောလုပ်ရပ်များကို တဲဖော်ရော တဲကုန်ပါ မလုပ်ကြတော့ပါ။

လီချွန်စိန်က သူကောက်ရခဲ့သော ပန်းပုရုပ်ကလေးကို နမ်း



ရှုပ်ခဲ့ခြင်းမျိုးအား ဟိုတုန်းကလိုသာဆိုလျှင် ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ဟု တဲဖော်က ပြောပြသည်။

အမှန်စင်စစ် အဆိုပါလုပ်ရပ်မျိုးသည် သူမတို့ အပျိုစင်ဂိုဏ်းအား စော်ကားခြင်းသာ ဖြစ်သည်ဟု ဂိုဏ်းသားများက ယူဆလေ့ရှိကြောင်း တဲဖော်က ကျားကလေးအား ရှင်းပြခဲ့၏။

ထို့ပြင် စိတ်ကောင်းရှိသော ကျင်ကျင်ဝမ်သည် တဲဖော်က လီချွန်စိန်အား ရန်ရှာမှာ လွန်စွာစိုးရိမ်ခဲ့သည်။ ထို့ကြောင့်လည်း သူမကိုယ်တိုင် လီချွန်စိန်နှင့်မိတ်ဖွဲ့ကာ လီချွန်စိန်အား အကာအကွယ်ပေးခဲ့ခြင်းဖြစ်သည်။ ကျင်ကျင်ဝမ်က တဲဖော်ထံမှ တိတ်တဆိတ်ကျိတ်ကာ ဖြေဆေးတောင်းခဲ့ဖူးသည်ဟုလည်း တဲဖော်က ပြန်ပြောပြသည်။ တဲဖော်က ပြုံး၍ ...

"သူက ငါ့ဆီမှာ ဖြေဆေးတောင်းတော့ ငါက ဘာပြန်ပြောလိုက်လဲ သိလား"

ကျားကလေးက ခေါင်းယမ်းပြသည်။ နှုတ်မှလည်း ပြန်လည် မေးခွန်းထုတ်လိုက်၏။

"ခင်ဗျား ဘယ်လိုပြန်ပြောလိုက်လဲ"

တဲဖော်က ရယ်မောရင်း ...

"ငါက ပြောလိုက်တာပေါ့၊ ဂိုဏ်းစည်းကမ်းအရ ဖြေဆေးပေးရမယ်ဆိုရင် အပျိုစင်တစ်ယောက်က အဆိပ်မိထားသူကို သုံးခါတိတိ နမ်းရမယ်လို့၊ သုံးခါနမ်းရှုပ်ပြီးမှ ဖြေဆေးထုတ်ပေးနိုင်မယ်လို့၊

အဲဒီလိုလည်း ငါက ပြောလိုက်တော့ သခင်မလေး ကျင်ကျင်ဝမ်ရယ်လေ ... လီချွန်စိန်ရဲ့ အသက်ကို ကယ်ချင်လို့ တိတ်တိတ်ခိုးပြီး နမ်းရှာတယ်"

တဲဖော်မှာ ထိုစကားကိုပြောရင်း စိတ်မကောင်းစွာ တိတ်ဆိတ်သွားသည်။ ကျားကလေးကလည်း မွန်မြတ်သော ကျင်ကျင်ဝမ်၏စေတနာကို လွန်စွာ လေးစားသွားမိ၏။

တဲဖော်က ကူးဂေဟာအကြောင်း ကျားကလေးအား ဆက်လက် ပြောပြပြန်သည်။ တဲဖော်၏ ပြောပြချက်အရ ကူးဂေဟာကို အစ်ကိုသုံးယောက်က အုပ်ချုပ်ကြောင်း သိရ၏။ အစ်ကိုအကြီးဆုံးမှာ ကူရစ်ကွင်အမည်ရှိသည်။ အလတ်မှာ ကူညီတုန်ဖြစ်ပြီး အငယ်ဆုံးမှာ ကူစံသာ ဖြစ်၏။

သူတို့သည် အပေါ်ယံအားဖြင့်ကြည့်လျှင် သူတို့ ညီအစ်ကိုသုံးယောက်စလုံး သူတော်ကောင်းကြီးများ၊ မွန်မြတ်မှန်ကန်သော ပုဂ္ဂိုလ်ကြီးများဟု ထင်စရာရှိ၏။ ထိုသို့ ထင်မြင်လာအောင်လည်း ပြောဆိုနေထိုင်ကြတတ်သည်။ တစ်နည်းအားဖြင့် ဟန်ဆောင်အလွန်ကောင်းသူများဟု ခေါ်ဆိုရမည် ဖြစ်သည်။

ကူးဂေဟာအရှင်သခင် ညီအစ်ကိုသုံးယောက်စလုံး၌ တူညီသောအချက်မှာ ထိပ်တန်းသိုင်းသမားများနှင့် မိတ်ဖွဲ့ကာ သူတို့၌ အင်အားကြီးမားကြောင်း အခြားလူများအား ပြသတတ်ခြင်းပင် ဖြစ်သည်။



သို့သော် တကယ်တမ်းအားဖြင့်မူ ထိုသူတို့သည် မိမိရန်သူဖြစ်မည်ထင်ရသူကို နည်းမျိုးစုံသုံးကာ ခေါင်းထောင်မလာနိုင်အောင် ကြံစည်လုပ်ကိုင်တတ်ကြ၏။ ညစ်ပတ်စဉ်းလဲသော နည်းများဖြင့် တိုက်ခိုက် အနိုင်ယူတတ်ကြသည်။ စင်စစ် ထိုသူတို့ကား မင်းသားမျက်နှာဖုံးစွပ်ထားကြသော ဘီလူးများသာဖြစ်ကြလေသည်တကား။

တဲဖော်ပြောသမျှ ကူးဂေဟာအကြောင်းကို နားထောင်နေရင်းမှ ကျားကလေးသည် ကူစံသာညီအစ်ကိုသုံးယောက်အပေါ် လွန်စွာ မုန်းတီးရွံရှာမိလေသည်။

သူတို့သည် စကားတပြောပြောဖြင့် ကိုယ်ဖော့ပညာကို အသုံးချကာ လျှောက်လှမ်းလာနေကြခြင်းဖြစ်သည်။ ဤသို့ လျှောက်လှမ်း လာနေကြရင်းမှ လမ်းခုလတ်သို့ အရောက်တွင်မူ တဲကုန်က တဲဖော်အား စောင့်ကြိုနေသည်ကို တွေ့လိုက်ကြရလေတော့သည်။

တဲကုန်သည် သူတို့သခင်၏ အမိန့်အရ ကျားကလေးအား သူတို့နှင့်အတူတူ ဆက်လက်လိုက်ပါခြင်းမပြုရန် တောင်းပန်တားမြစ်သည်။

တဲကုန်၏ တားမြစ်ချက်ကို ကျားကလေးကလည်း လက်ခံသည်။ ဤသို့ဖြင့် တဲကုန်နှင့်တဲဖော်တို့သာ ဆက်လက် ထွက်ခွာသွားကြပြီး ကျားကလေးမှာမူ ထိုနေရာတွင်ပင် ကျန်ရစ်ခဲ့ရလေတော့သည်။ စင်စစ်မူ ...

+ + +

## အခန်း (၃၄)

စင်စစ်မူ ထိုသို့ တစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်းမှာ ကျားကလေး၌လည်း သူ့စိတ်ကူးနှင့်သူ ရှိသောကြောင့် ဖြစ်၏။ တဲဖော်တို့နှင့်အတူ လိုက်ပါသွားရခြင်းထက် မိမိတစ်ကိုယ်တည်း လွတ်လပ်စွာ လှုပ်ရှားရခြင်းက ပိုမို၍ ထိရောက်မှု ရှိသည်ဟု ကျားကလေးက ယူဆသည်။

ထို့ကြောင့်လည်း ကူးဂေဟာသို့ နောက်မှ သွားမည်ဟု ဆုံးဖြတ်လိုက်ပြန်သည်။ ရှေးဦးစွာ သူသည် လမ်းနှင့် ခပ်လှမ်းလှမ်း ချောင်ကျကျ အရိပ်ကောင်းကောင်း သစ်ပင်တစ်ပင်အောက်သို့ ဝင်ရောက်ကာ အတွင်းအားကျင့်စဉ်ကို တစ်ဆင့်တက် လေ့ကျင့်နေလိုက်သည်။

အတွင်းအားကျင့်စဉ် လေ့ကျင့်ပြီး၍ ထမည်အပြုတွင် အဝေးဆီမှ မြင်းလှည်းတစ်စီး မောင်းနှင်လာသံ ကြားရသည်။ တစ်ခဏမျှ မကြာမီ ထိုမြင်းလှည်းသည် ကျားကလေးနှင့်တဲဖော်တို့ စတင် လမ်းခွဲခဲ့ကြသော နေရာသို့ ရောက်ရှိလာလေတော့သည်။

ထိုစဉ်အခိုက်မှာပင် ...



မြင်းလှည်းနှင့် မျက်နှာချင်းဆိုင်ဘက်မှ လူတစ်ယောက်က ကိုယ်ဖော့ပညာကို အသုံးပြုကာ လျင်မြန်စွာ ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေတော့၏။

ပြေးလာသူက မြင်းလှည်းကို လှမ်းတားလိုက်သည်။

"လောင်လင်း ... မြင်းလှည်းကို ရပ်လိုက်စမ်း"

မြင်းလှည်းမောင်းသူက မြင်းလှည်းကို ကမန်းကတန်း ရပ်ပစ်လိုက်ရင်း ...

"ဝေါင်ချစ်ပါလား ဘာဖြစ်လို့လဲ ဟေ့"

လှမ်းတားနေသူအား မြင်းလှည်းမောင်းသူ ပြန်မေးလိုက်သည်။ ဤတွင် ဝေါင်ချစ်က ...

"အဘိုးကြီးဝမ်တို့လူစု ဒီနားက ဖြတ်သွားကြတာ မကြာသေးဘူးကွ"

"မင်းရဲ့မြင်းလှည်းက သူတို့နဲ့တွေ့သွားလို့ မဖြစ်သေးဘူးဆိုတာကိုလည်း သတိထားဦး"

မြင်းလှည်းသမားက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်ပြီ ဟုတ်ပြီ ... ငါသဘောပေါက်ပြီ"

ထို့နောက် ဝေါင်ချစ်က ...

"ကဲ ... မင်းဒီမှာပဲ သတိထားပြီး အခြေအနေကို စောင့်ကြည့်နေချေ၊ ငါ ရှေ့က ကြိုတင်သွားနှင့်မယ်၊ အကြောင်းထူးတာနဲ့

မင်းကို ချက်ချင်း ပြန်ပြီးအကြောင်းကြားမယ်"

ထိုသို့ပြောပြီးနောက် ဝေါင်ချစ်က လျှင်မြန်စွာ ပြေးထွက်သွားလေတော့သည်။ ဝေါင်ချစ် ထွက်ခွာသွားသောအခါ မြင်းလှည်းသမားက မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်သည်။

ထို့နောက် လှည်းနံဘေးတွင် အညောင်းအညာဖြေသည့်သဘောဖြင့် ဟိုလျှောက်သည်လျှောက် လျှောက်နေသည်။ မြင်းလှည်းသမားကို ကြည့်ရသည်မှာ ခပ်အေးအေးပင် ဖြစ်သည်။

ထိုအခြင်းအရာအားလုံးကို မြင်တွေ့ကြားသိနေရသော ကျားကလေး၏ ခေါင်းထဲတွင် အလုပ်များသွားသည်။

"အင်း … ဒီမြင်းလှည်းက ဆရာကြီးဝမ်တို့နဲ့ ထိပ်တိုက် မဆုံအောင်ရှောင်နေတာ ဘာသဘောလဲ၊ ရှောင်နေရလောက်အောင် မြင်းလှည်းထဲမှာ ဘာရှိနေလို့လဲ၊ ဒီလူတွေ ဘယ်လိုသဘောနဲ့ ခုလိုလုပ်တာလဲ၊ အို … ဘာပဲဖြစ်ဖြစ် သေသေချာချာသိရအောင် ငါကိုယ်တိုင် စစ်ဆေးကြည့်မယ်"

ထိုဆုံးဖြတ်ချက်နှင့်အတူ ကျားကလေးသည် တောကြောင်တစ်ကောင်၏ ပေါ့ပါးလျှင်မြန်ခြင်းမျိုးဖြင့် မြင်းလှည်းအပါးသို့ တိုးကပ်သွားသည်။

အနားသို့ရောက်သည်နှင့် မြင်းလှည်းကို အကဲခတ် ကြည့်ရှုလိုက်သည်။ မြင်းလှည်းအတွင်း၌ အိမ်ထောင်ပရိဘောဂများနှင့် ပစ္စည်းအချို့ ထည့်ထားသော ဂုန်နီအိတ်ကြီးသုံးလုံးသာ ရှိနေသည်။



ဤအတိုင်းသာဆိုလျှင်တော့ မြင်းလှည်းအတွင်း၌ မသင်္ကာစရာဟူ၍ လုံးဝ မတွေ့ရပါချေ။ ကျားကလေးစိတ်ထဲ မကျေနပ်ပါ။ ဝိုပြီး သေချာအောင် ဂုန်နီအိတ်များကို လက်ဖြင့် စမ်းသပ်ကြည့်လိုက်သည်။

အပေါ်ဆုံးမှ ဂုန်နီအိတ်အတွင်း၌ အဝတ်အစားများ ထည့်ထားသည်။ သို့သော် ဒုတိယဂုန်နီအိတ်ကို စမ်းသပ်ကြည့်မိသောအခါတွင်မူ ကျားကလေးမှာ လန့်ဖျပ်ကာ မအော်မိအောင် မနည်းသတိထားလိုက်ရသည်။

ထိုစဉ် …

"မင်း ဘယ်သူလဲ"

မေးသံနှင့်အတူ ရိုက်ချက်ကလည်း သူ့ဦးခေါင်းပေါ်သို့ ဝှီးခနဲ ရောက်ရှိလာသည်။ ကျားကလေးအား ရိုက်ချလိုက်သူမှာ မြင်းလှည်းမောင်းသမား ဝေါင်ချစ်ဖြစ်သည်။

မြင်းလှည်းမောင်းသမား အသုံးပြုသော လက်နက်မှာ ခပ်ကောက်ကောက် ဖြစ်သည်။ ထိပ်ဝတွင် ဘုလုံးတစ်ခု ရှိသည်။ ရိုက်ချက်ကလည်း လွန်စွာ ပြင်းထန်သည်။

ကျားကလေးသည် မြင်းလှည်းမောင်းသမား၏ ရိုက်ချက်ကို မနည်းရှောင်တိမ်းလိုက်ရသည်။ မြင်းလှည်းမောင်းသမားက မျက်လုံးမျက်ဆန်ပြူးကျယ်စွာဖြင့် ကျားကလေးအား ကြည့်ကာ …

"ဟေ့ … မင်း ဒီမှာ ဘာလာလုပ်တာလဲ"

ဒုတိယအကြိမ် မေးမြန်းရင်းမှလည်း သူ၏လက်နက်ကို ဇွေ့ရမ်းကာ ဒုတိယအကြိမ် တိုက်ခိုက်ချလိုက်ပြန်သည်။ သို့သော် ယခုအခါတွင်မူ ကျားကလေးသည် ခပ်လျောင်လျောင် ရယ်မောကာ ထိုသူအား ပြန်လည် တိုက်ခိုက်လိုက်လေသည်။

တဒင်္ဂအတွင်းမှာပင် ကျားကလေးသည် ရန်သူ၏လက်နက်ကို လျှပ်တစ်ပြက် ဖမ်းဆုပ်ထားနိုင်လိုက်လေသည်။ မြင်းလှည်းသမားက မာန်သွင်းအော်ဟစ်လိုက်ရင်း အားကုန်သုံးကာ သူ့လက်နက်ကို ပြန်လုသည်။

ကျားကလေးကလည်း အတွင်းအားသုံးပြီး ဆုပ်ကိုင်ထားသည်။ ဤတွင် ...

'တောက်'

မြည်သံနှင့်အတူ ရန်သူ၏လက်နက်မှာ နှစ်ပိုင်းကျိုးထွက်သွားရလေတော့သည်။ ကျားကလေးက မလှုပ်မယှက် ရပ်တန့်နေသည်။

မြင်းလှည်းသမားက ထိတ်လန့်စွာဖြင့် ကျားကလေးအား မေးလိုက်သည်။

"ဟေ့ ... မင်းဘယ်သူလဲ"

မြင်းလှည်းသမား လန့်မည်ဆိုလျှင်လည်း လန့်စရာပင်။ ယခု ကျားကလေးက သူ၏ အားအထားရဆုံးလက်နက်ကို ချိုးဖြတ်ပစ်လိုက်ပြီ မဟုတ်မလား။



ကျားကလေးက မထီတရီ ပြုံးလိုက်သည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားကို ပြောပြနေလို့လဲ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ ခင်ဗျား အသုံးပြုတဲ့လက်နက်၊ ခင်ဗျားတိုက်ခိုက်ခဲ့တဲ့ သိုင်းကွက်ကိုကြည့်ရုံနဲ့ ခင်ဗျားဟာ လမ်းမှန်သိုင်းသမားတစ်ဦး မဟုတ်ဘူးဆိုတာ သိသာတယ်"

ပြောပြောဆိုဆိုပင် ကျားကလေးသည် သူ့လက်ထဲတွင် ကျန်ရှိနေသော ရန်သူ၏လက်နက်ကျိုးဖြင့် ရန်သူအား ပစ်ပေါက်လိုက်လေတော့၏။ လက်နက်ကျိုးက ရန်သူမြင်းလှည်းသမားထံ ဒိုးခနဲ လျင်မြန်စွာ လွင့်ပျံသွား၏။

မြင်းလှည်းသမားမှာ ကျားကလေး ပစ်ပေါက်လိုက်သော လက်နက်ကျိုးအား ကမန်းကတန်း ခုန်ဆုတ် ရှောင်တိမ်းပေးလိုက်ရသည်။ သို့သော် သူ ခုန်ဆုတ်သွားစဉ်မှာပင် ကျားကလေးက လွှားခနဲ ခုန်ပျံပူးကပ်သွားကာ ရန်သူ၏ နံဘေးသို့ လက်ဝါးဖြင့် ပြင်းထန်စွာ ရိုက်ချလိုက်တော့၏။

'ဝုန်း'

မြည်သံနှင့်အတူ မြင်းလှည်းသမားများ အရှိန်ပြင်းစွာ လွင့်စဉ်သွားပြီးနောက် မြေပေါ်သို့ ပုံလျက်သား လဲကျသွားရတော့သည်။

မြင်းလှည်းသမား မလှုပ်နိုင်တော့ပါ။ လောကကြီးနှင့် အဆက်ပြတ်သွားခဲ့ရချေပြီ။

ကျားကလေး အချိန်ဆိုင်းမနေတော့ပါ။ မြင်းလှည်းပေါ်

လွှားခနဲ ခုန်တက်သွားပြီး ဂုန်နီအိတ်ထုပ်ကို ဖြည်ကြည့်လိုက်၏။ ဂုန်နီအိတ်ဖြည်လိုက်သောအခါ အတွင်းမှ ဆရာကြီးဝမ်၏သမီး ကျင်ကျင်ဝမ် ထွက်လာသည်။

အမှန်တော့ ဤမြင်းလှည်းသည် ကျင်ကျင်ဝမ်အား ကူးဂေဟာသို့ပို့ဆောင်ရန် မောင်းနှင်လာခြင်း ဖြစ်ဟန်တူသည်။ ယခုတော့ သူတို့ ကျင်ကျင်ဝမ်အား ကူးဂေဟာသို့ မပို့ဆောင်နိုင်တော့ပါချေတကား။

ကျင်ကျင်ဝမ်မှာ သွေးကြောများ ပိတ်ထားခြင်းခံရသည့်အပြင် ခြေရောလက်ပါ ကြိုးဖြင့်တုပ်နှောင်ထားခြင်း ခံနေရ၏။ ကျားကလေးက ကျင်ကျင်ဝမ်၏သွေးကြောကို ပြန်ဖွင့်ပေးသည်။ ချည်နှောင်ထားသော ကြိုးများကိုလည်း ဖြည်ပေးလိုက်၏။

ကျင်ကျင်ဝမ်မှာ သတိရလာသော်လည်း အားအင်နည်းပါးချည့်နဲ့ပြီး မလှုပ်မရှားနိုင်အောင် ဖြစ်နေမိ၏။ သို့ဖြစ်၍ ကျားကလေးသည် သူမအား သူ၏အတွင်းအားပို့လွှတ်ကာ ကုသပေးလိုက်ရပြန်လေသည်။

မကြာမီ ကျင်ကျင်ဝမ်မှာ အားအင်များ ပြန်လည်ပြည့်ဖြိုးလာလေတော့သည်။ ကျင်ကျင်ဝမ်က ခပ်ယဲ့ယဲ့ပြုံး၍ ပြောလိုက်၏။

"ကျွန်မ နေကောင်းပါပြီရှင်၊ ဗိုက်ထဲကတော့ ဆာတယ်"

ကျားကလေးက မြင်းလှည်းပေါ်တက်ပြီး ရှာဖွေကြည့်လိုက်သောအခါ မြင်းလှည်းမောင်းသူ၏ ထိုင်ခုံအောက်တွင် စားစရာ



အထုပ်တစ်ထုပ် ရှိနေသည်ကို တွေ့ရ၏။ ကျားကလေးက စားစရာထုပ်ကို ယူလာပြီး ကျင်ကျင်ဝမ်အား ပေးလိုက်သည်။

ကျင်ကျင်ဝမ် အစာစားနေစဉ် ကျားကလေးက မြင်းလှည်းကို လမ်းနှင့်ဝေးသော ချောင်ကျကျတစ်နေရာသို့ မောင်းသွားကာ ဝှက်ထားလိုက်၏။

မှေနေသော မြင်းလှည်းမောင်းသမားကိုလည်း တောထဲသို့ သယ်ယူကာ ချုံပုတ်ကောင်းကောင်းတစ်ခုထဲသို့ ထည့်ထားလိုက်သည်။

ကျင်ကျင်ဝမ်သည် အစာစားပြီးနောက် အသက်ရှူလေ့ကျင့်ခန်းကို ထိုင်လျက်ပြုလုပ်လေ့ကျင့်နေ၏။ အမှန်တော့ အတွင်းအားကျင့်စဉ်ကို လေ့ကျင့်နေခြင်းသာ ဖြစ်၏။

ကျားကလေးက သူမ၏ အနားမှ စောင့်ကြပ်ကာကွယ်ပေးထားသည်။ ရေနွေးအိုး တစ်အိုးကျက်မျှ ကြာသောအခါ ကျင်ကျင်ဝမ်၏ အတွင်းအားကျင့်မှုမှာ ပြီးဆုံးသွား၏။

သို့ဖြင့် သူမက ထိုင်ရာမှထ၍ ကျားကလေးအား ကျေးဇူးတင်စကား ပြောဆိုသည်။ ထိုစဉ်ခိုက်မှာပင် အဝေးဆီမှ ပြေးလွှားလာနေသော ခြေသံတစ်ခုကို ကြားလိုက်ကြရတော့၏။

ကျားကလေးနှင့် ကျင်ကျင်ဝမ်တို့သည် စောစောတုန်းက ကျားကလေး ပုန်းအောင်ခဲ့သော နေရာမှာပင် ပုန်းခိုကာ အခြေအနေကို အကဲခတ် စောင့်ကြည့်နေကြသည်။

မကြာမီ လူတစ်ယောက် မြင်းလှည်းရပ်ခဲ့သည့် နေရာသို့ ရောက်လာသည်။ ထိုသူက မြင်းလှည်းမောင်းသမားအား အော်ခေါ်လိုက်၏။

"လောင်လိုက် ... ဟေး လောင်လိုက်"

သို့သော မည်သည့် တုံ့ပြန်သံမျှ မကြားရပါ။ အော်ခေါ်သူက မျက်မှောင်ကြုတ်သွားသည်။ ထိုသူက သိမ်းငှက်မျက်လုံးများဖြင့် ဝန်းကျင်တစ်ဝိုက် လိုက်လံရှာဖွေသော်လည်း မြင်းလှည်းကိုမူ မတွေ့ရပါ။

ပတ်ဝန်းကျင်တစ်ဝိုက်၌ မြင်းလှည်း၏ အရိပ်အယောင်ကိုမျှ မမြင်ရသောအခါ ထိုသူက သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ၏ နှုတ်မှလည်း ...

"အင်း ... လောင်လိုက်တော့ မြင်းလှည်းကို လာလမ်းအတိုင်း ပြန်မောင်းသွားပြန်ပြီ ထင်တယ်"

ဟု ရေရွတ်ပြောဆိုလိုက်သည်။ ရေရွတ်ပြောဆိုပြီးနောက် ထိုလူသည် လာလမ်းအတိုင်း လျင်မြန်စွာ ပြန်လည်ပြေးလွှား ထွက်ခွာသွားလေတော့သည်။

ထိုသူ ထွက်ခွာသွားပြီးနောက် ကျားကလေးသည် ဖြစ်ပျက်ခဲ့သမျှ ကိစ္စအားလုံးကို ကျင်ကျင်ဝမ်အား ပြန်လည်ပြောပြလိုက်သည်။

ကျင်ကျင်ဝမ်သည် လီချွန်စိန် သူမအပေါ် အမြင်မှန်ရသွား



ပြီး ယခု သူမအိမ်တွင် ရှိနေသည်ဟု သိရသောအခါ ဝမ်းသာကျေနပ်သွားမိရှာသည်။

ထို့နောက်တွင် သူတို့နှစ်ယောက်သည် ဖြစ်ပျက်ခဲ့သမျှ ကိစ္စများအပေါ် အခြေတည်ကာ ဆွေးနွေးပြီးနောက် တာဝန်များ ခွဲဝေသတ်မှတ်လိုက်ကြ၏။

လောလောဆယ် အခြေအနေတွင် ကူးဂေဟာမှ လူများသည် ကျင်ကျင်ဝမ် လွတ်မြောက်သွားသည်ကို သိသည်နှင့် သူမအား ပြန်လည်ဖမ်းဆီးနိုင်ရန် အစွမ်းကုန် ကြိုးစားကြမှာ ဖြစ်သည်။

ယခုအချိန်ဆိုလျှင်လည်း ဆရာကြီးဝမ်တို့ ဇနီးမောင်နှံနှင့် တဲကုန်တို့ ဇနီးမောင်နှံတို့သည် ကူးဂေဟာ၌ ရောက်ရှိနေလောက်ပြီ ဖြစ်သည်။

ကူးဂေဟာရှိ လူများအနေဖြင့် ကျင်ကျင်ဝမ်သည် မည်သည့်နည်းနှင့်မဆို သူမအိမ်သို့ ပြန်မှာဖြစ်မည်ဟု တွက်ဆကြမှာ ဖြစ်သည်။

သူတို့သည် ဆရာကြီးဝမ်၏အိမ်သို့ သွားရောက်ပြီး ကျင်ကျင်ဝမ်အား ရှာဖွေကြမည်မှာ သေချာလှသည်။ ဤသို့ သွားရောက်ရှာဖွေလျှင် အိမ်၌ရှိသော လီချွန်စိန်ကို တွေ့ကြမည် သေချာသည်။

လီချွန်စိန်အား တွေ့သည်နှင့် ဒုက္ခပေးတော့မည်ဖြစ်သည်မှာလည်း ရာနိုင်နှုန်းပြည့် သေချာလှသည်။

ကျင်ကျင်ဝမ်အနေဖြင့် လီချွန်စိန် ဒုက္ခတွေ့မှာ မကြည့်ရက်

မမြင်ရက်, မတွေ့ရက်, မကြားရက်ပါချေ။

ထို့ကြောင့် သူမက အိမ်သို့ အရင်ဆုံးပြန်ပြီး လီချွန်စိန်ကို ကယ်တင်ရန် ဆုံးဖြတ်သည်။ ကျားကလေးကမူ ကူးဂေဟာသို့ သွားရောက်ကာ ဆရာဝမ်တို့လူစုအား ကူညီကယ်တင်ရန် ဖြစ်သည်။

သူတို့နှစ်ယောက်သည် အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချကာ တာဝန်ခွဲဝေသတ်မှတ်လိုက်ကြသည်။

ဤသို့ဖြင့် ကျားကလေးနှင့် ကျင်ကျင်ဝမ်တို့သည် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကာ အသီးသီး လမ်းခွဲထွက်ခွာခဲ့ကြလေတော့သည်။

\+ \+ \+



## အခန်း (၃၅)

ကျားကလေးသည် ကျင်ကျင်ဝမ်နှင့် လူစုခွဲပြီးနောက် ကူးဂေဟာသို့ ခရီးဆက်လာသည်။ တစ်ရက်ခန့် မနားမနေ ခရီးနှင်လာပြီးနောက် ကူးဂေဟာသို့ ရောက်ရှိလာသည်။

ကျားကလေး ရောက်ရှိသွားသောအချိန်တွင် ကူးဂေဟာ၏ အဝင်တံခါးမကြီးမှာ ပိတ်လျက်သား ရှိနေသည်။ အဝင်အထွက်ကို စစ်ဆေးစိစစ်ပြီးမှ ဝင်ထွက်ခွင့်ပြုဟန် ရှိပုံရသည်။

ကျားကလေးမှာ ကူးဂေဟာအတွင်းသို့ ဝင်ရန် မည်သို့ ကြံစည်ရမည် မသိဘဲ ဖြစ်နေသည်။ ထိုစဉ် တံခါးမကြီး ရုတ်တရက် ပွင့်လာသည်ကို တွေ့လိုက်ရသည်။

တံခါးပွင့်သွားခြင်းနှင့်အတူ လူတစ်စုထွက်လာခြင်းကိုလည်း တွေ့လိုက်ရသည်။

ထိုလူစုအတွင်း၌ ဆရာကြီးဝမ်တို့လင်မယားနှင့် တဲကုန်တို့လင်မယားကိုလည်း ကျားကလေးက တွေ့လိုက်ရသည်။

သူတို့သည် လိုက်လံပို့ဆောင်သူများကို ပြုံးရွှင်စွာ နှုတ်ဆက်ကြသည်။

ထို့နောက် အသင့်စီစဉ်ထားသော မြင်းလှည်းပေါ်သို့ အသီးသီး တက်သွားကြပြီးနောက် မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင် ထွက်ခွာသွားလေတော့သည်။

ကျားကလေးမှာ ထိုမြင်ကွင်းကို မြင်ရသောအခါ ဆရာကြီးဝမ်တို့ မိသားစုအတွက် စိတ်သက်သာရာရစွာ ဝမ်းသာသွားမိသည်။ သူ၏စိတ်ထဲမှလည်း ကျိတ်၍ ...

"အင်း ... ဒါဆို ကူးဂေဟာထဲ ငါဝင်ဖို့ မလိုတော့ဘူး"

ကျားကလေးက စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်သည်။ ထို့နောက် သူသည် ကူးဂေဟာသို့ ဝင်ရောက်ရန် အကြောင်းမရှိတော့၍ ဝါစန်းတောင်ရှိရာသို့ ပြန်လှည့်လာခဲ့လေတော့သည်။

+ + +



## အခန်း (၃၆)

ကူးဂေဟာမှ ဝါစန်းတောင်သို့ သုံးရက်ကြာ ခရီးနှင်ရသည်။ ကျင်ကျင်ဝမ်တို့အိမ်အနီးသို့ ရောက်လာသောအခါ ကျားကလေး စိတ်ထဲ တစ်မျိုးကြီးခံစားလာရသည်။

ကျားကလေးသည် စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်လာမိ၍ ခြေလှမ်းသွက်သွက်ဖြင့် ပြေးလွှားသွား၏။ သူ ကျင်ကျင်ဝမ်တို့ အိမ်ဝိုင်းသို့ ရောက်လာသောအခါ အိမ်ကြီးကို မမြင်ရတော့ပါ။

အိမ်နေရာတွင် မီးလောင်ပြင်ကိုသာ မြင်တွေ့နေရတော့သည်။ မီးကျွမ်းခြင်းခံထားရသော သစ်တိုသစ်များကို မီးခိုးငွေ့များ တလူလူ အူထွက်နေဆဲ ရှိသေး၏။ ကျားကလေးသည် အိမ်ဝိုင်းအတွင်း နေရာအနှံ့ ကမန်းကတန်း လိုက်ရှာကြည့်သည်။ သွေးစက်တချို့ကိုသာ မြင်ရပြီး ဒဏ်ရာရသူကိုလည်းကောင်း၊ သေဆုံးနေသော အလောင်းများကိုသော်လည်းကောင်း မမြင်မတွေ့ရပါ။

ကျားကလေးက အိမ်နေရာအနောက်ဘက်ဆီသို့ လျှောက်လှမ်းလာ၏။ အိမ်ဝိုင်းနောက်ဘက်ရှိ ရှည်လျားထူထပ်သော မြက်ပင်များအကြားမှ ညည်းသံခပ်တိုးတိုး ရုတ်တရက် ထွက်ပေါ်လာ

သည်။ ကျားကလေးက မြက်ပင်များကြား တိုးဝှေ့ဝင်ကြည့်လိုက်သောအခါ လူတစ်ယောက် မှောက်လျက်လဲကျနေသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏ ကျောပြင်တစ်ခုလုံးမှာ သွေးများ ပေကျံနေကာ ကန့်လန့်ဖြတ် ဓားဒဏ်ရာရှည်ကြီးတစ်ချက် ရှိနေသည်ကိုလည်း တွေ့လိုက်ရ၏။ ထိုသူသည် သွေးထွက်လွန်ပြီး မေ့မြောနေရာမှ သတိပြန်လည်လာကာ ညည်းညူလိုက်ခြင်းသာ ဖြစ်ရပေမည်။

ကျားကလေးက ထိုသူအပါးသို့ တိုးကပ်သွားကာ ထိုသူအား ပက်လက်လှန်ပြီး ကြည့်လိုက်၏။ မျက်နှာကို မြင်ရတော့မှ ထိုသူမှာ လီချွန်စိန်၏ကိုယ်ရံတော် ဝေါင်ဘက်ဖြစ်နေမှန်း သိလိုက်ရသည်။

ကျားကလေးက ချက်ချင်းပင် သွေးကြောများကို ပိတ်ဆို့ကာ သွေးများ ထပ်မံယိုစီးခြင်း မဖြစ်လာအောင် တားဆီးလိုက်၏။ ထို့နောက် မိမိ၏လက်ဝါးဖြင့် ဝေါင်ဘက်၏ နောက်ကျောရှိ သွေးကြောဆုံရာနေရာကို ဖိထားကာ အတွင်းအားသွင်းပေးလိုက်သည်။

ဝေါင်ဘက်သည် ကျားကလေး၏ အတွင်းအားသွင်း ကုသပေးမှုကြောင့် ကောင်းစွာ သတိပြန်လည်ရရှိလာ၏။ ဝေါင်ဘက်က မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျားကလေးကို တွေ့လိုက်ရသည်။ ဤတွင် ဝေါင်ဘက် အားရဝမ်းသာစွာဖြင့် ...

"လီချွန်စိန်တို့ တောင်ဘက်ကို ထွက်ပြေးသွားတယ်၊ သူတို့



ကို ကူညီဖို့ ခင်ဗျားလိုက်သွားပါ၊ ကျုပ်ကို ထားရစ်ခဲ့၊ အရေးမစိုက်နဲ့"

သို့သော် ကျားကလေး ခေါင်းခါယမ်းပြလိုက်၏။

"အချိန်က ကြာသွားပြီဗျ၊ ကျွန်တော်လိုက်သွားလည်း အဝိုပဲ နေမှာပဲ ... မီမှာလည်း မဟုတ်တော့ပါဘူး၊ ခင်ဗျားရထားတဲ့ ဒဏ်ရာကို ကုဖို့က ပိုပြီးအရေးကြီးပါတယ်"

ပြောပြောဆိုဆိုပင် ဆေးလုံးတစ်လုံး ထုတ်တိုက်လိုက်သည်။ ကျောကုန်းရှိ ဒဏ်ရာကိုလည်း ဆေးထည့်ပေးကာ ပတ်တီးစည်းပေးလိုက်၏။

ဝေါင်ဘက် အနည်းငယ် သက်သာလာသောအခါ ကျားကလေးက ကျင်ကျင်ဝမ် ရောက်လာ၊မလာ မေးမြန်းလိုက်၏။

ဝေါင်ဘက်က ကျင်ကျင်ဝမ် ရောက်လာကြောင်း၊ ယခုအခါတွင် ကျင်ကျင်ဝမ်နှင့် လီချွန်စိန်တို့မှာ တစ်ဦးနှင့်တစ်ဦး သင့်မြတ်စုံမက်နေကြပြီ ဖြစ်ကြောင်း ပြန်လည်ပြောဆိုလိုက်သည်။ ကျားကလေးက မျက်မှောင်ကြုတ်သည်။

"ဒီလိုဆို ဆရာကြီးဝမ်တို့လူစုရော ဘယ်အချိန်က ပြန်ရောက်လာကြသလဲ၊ သူတို့ ရှိနေလျက်နဲ့ အိမ်က ဘာလို့ မီးရှို့ခံရတာလဲ"

ကျားကလေးအား ဝေါင်ဘက်က နားမလည်သလို ပြန်ကြည့်လိုက်သည်။ ထို့နောက် ဝေါင်ဘက်က သက်ပြင်းတစ်ချက်ချပြီး ခေါင်းခါယမ်းပြလိုက်၏။

"ဆရာကြီးဝမ်တို့ ဒီကို လုံးဝ ပြန်ရောက်မလာကြသေးဘူး"

ယခုအခါ ခပ်ကြောင်ကြောင် ဖြစ်သွားရသူမှာ ကျားကလေး ဖြစ်၏။ သူသည် ဘာဆက်ပြောရမည်ပင် မသိနိုင်တော့ဘဲ ဝေါင်ဘက်အား ငေးကြည့်နေမိ၏။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ခါယမ်းလိုက်သည်။

"အင်း ... ဆရာကြီးဝမ်တို့ ပြန်ရောက်မလာကြဘူး ... ဟုတ်လား၊ ဒါဆိုရင် စဉ်းစားစရာပဲ၊ ဒါနဲ့ ရန်သူတွေ ဒီကို ဘယ်အချိန်လောက်က လာပြီးတိုက်ခိုက်ကြတာလဲ"

"နေ့လယ်စာ စားချိန်လောက်မှာပါ"

ထိုစဉ် ကျားကလေးက ဝေါင်ဘက်အား စကား ဆက်မဆိုရန် ရုတ်တရက် တားမြစ်လိုက်၏။ ထိုတဒင်္ဂအချိန်အတွင်းမှာပင် လူတစ်ယောက်သည် မီးလောင်ပြင်သို့ ရောက်ရှိလာလေတော့၏။

ထိုသူသည့် ဝတ်စုံပြာ ဝတ်ဆင်ထားသည်။ ထိုသူကား ကျားကလေးအား လီဝိန်ဝိက ချောက်တွန်းခိုင်းသောလူ၊ ကျားကလေးအား ရန်သူတို့လက်မှ ကယ်ထုတ်သွားခဲ့ဖူးသူ ဖြစ်လေသည် တကား။

ကျားကလေးသည် ထိုသူကို တွေ့မြင်လိုက်ရသောအခါ သူ့ရင်ထဲ၌ ခံစားမှုမျိုးစုံ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာသည်။ ထိုသူအား မိမိထွက်တွေ့သင့် မသင့် စဉ်းစားနေစဉ်မှာပင် ထိုသူက သက်ပြင်းတစ်ချက်ချကာ နေရာမှလျင်မြန်စွာ ပြေးထွက်သွားလေတော့၏။



ကျားကလေးသည် ခေါင်းကို ဘယ်ညာယမ်းခါကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။ အတန်ကြာငြိမ်သက်နေပြီးနောက် ဝေါင်ဘက်အား ထားရှိရန် နေရာရှာကြည့်သည်။ ဝက်ခြံတစ်ခုကိုသာ တွေ့ရ၏။ မတတ်သာသည့်အဆုံး ဝက်ခြံကြမ်းပြင်ပေါ်တွင် မြက်ခြောက်များ ခင်းပြီး ဝေါင်ဘက်ကို ထိုပေါ်သို့ ရွှေ့ပြောင်း လဲလျောင်းပေးလိုက်သည်။ ဝေါင်ဘက်က ဒဏ်ရာရှိန်ဖြင့် မှိန်းနေ၏။

ကျားကလေးသည် ဝေါင်ဘက်ဆာလျှင် အစာစားနိုင်ရန် အစာရှာဖွေမည်ဟူသော ရည်ရွယ်ချက်ဖြင့် အပြင်သို့ ထွက်လာ၏။ အပြင်သို့ ရောက်ရှိပြီး ခြေလှမ်းတစ်ရာမပြည့်ခင် အလွန်ကြီးမားသော လက်ကြီးတစ်ဖက်သည် သူ၏ပခုံးအား ဖမ်းဆုပ်လာ၏။

ကျားကလေးက အလန့်တကြား ကြည့်လိုက်သောအခါ အလွန်ထွားကျိုင်းသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူကြီး၏အသားမှာ ညိုမောင်းလှသည်။ ထိုလူကြီး၏ မျက်လုံးများက ပြူးကျယ်လျက်ရှိသည်။ မျက်နှာပေါ်တွင် ပါးမြိုင်းမွေးများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိနေ၏။

ထိုသူသည် လက်တစ်ဖက်ဖြင့် ကျားကလေးအား ဖမ်းဆုပ်ထားရင်း နူတ်မှ ...

"ဟေ့ကောင်ရ ... မင်း ဘာလို့ ငါတို့မိတ်ဆွေတွေရဲ့အိမ်ကို မီးရှို့ပစ်တာလဲ၊ ဟင်း ... မင်းကို ငါ ခွင့်မလွှတ်နိုင်ဘူးကွ၊ နားလည်လား"

ထိုလူက ကျားကလေးကို ခပ်ကြမ်းကြမ်းလှုပ်ကာ ပြောဆိုကြိမ်းမောင်းနေ၏။ မည်သို့ဆိုစေ ထိုသူပြောဆိုနေသော စကားများကို ထောက်ရှုခြင်းအားဖြင့် သူသည် ကူးဂေဟာမှလူ မဟုတ်ကြောင်း ထင်ရှားနေသည်။

ကျားကလေးက ထိုသူ ဖမ်းထားရာမှ အသာလျှောထွက်လိုက်ပြီး လက်ကာပြလိုက်သည်။

"နေဦး မိတ်ဆွေ ... ခင်ဗျားမှားမယ်၊ ကျုပ်က ရန်သူ မဟုတ်ပါဘူး ... ဆရာကြီးဝမ်ရဲ့ ဧည့်သည်ပါ"

ပါးစပ်မှလည်း အကျိုးအကြောင်း ရှင်းပြလိုက်သည်။ သို့သော် ထိုလူသည် ကျားကလေး၏ ရှင်းပြချက်ကို လက်မခံပါချေ။ လက်မခံသည့်အပြင် ဝိုမိုစိတ်ဆိုးစွာဖြင့် ...

"ဟေ့ကောင် ... လာမဖြီးစမ်းပါနဲ့၊ ဆရာကြီးဝမ်ရဲ့ အိမ်မှာ လာတည်းတဲ့ ဧည့်သည်အားလုံးကို ငါမြင်ဖူးတယ်၊ မင်းကို တစ်ခါမှ မတွေ့ဖူးဘူး"

✢

"ကိုယ့်အချင်းချင်း ... ဟုတ်လား"

ထို့နောက် မျက်မှောင်ကြုတ်၍ ကျားကလေးကို အပြစ်တင်ပြောဆိုလိုက်သည်။



"မင်း စောစောက ဒါကို ဘာလို့မပြောတာလဲ၊ ပြောရင် ဘာမှ ဖြစ်မှာမဟုတ်ဘူး"

ကျားကလေးက ပြုံးရုံသာ ပြုံးပြလိုက်၏။ အမှန်တော့ မိမိအနေဖြင့် စောစောကပင် မိတ်ဆွေဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။ သို့သော သူတို့သားအမိက လက်မခံဘဲ အတင်းဇွတ်တရွတ် တိုက်ခိုက်ခဲ့ကြသည်။

ခုကျတော့လည်း စောစောက မပြောပြရကောင်းလားဟု မိမိကို အပြစ်ဖို့နေကြပြန်သည်။ ဘာပြောရမည်နည်း။ ဘာမျှ မပြောဘဲ နေလိုက်တာက အကောင်းဆုံး ဖြစ်မည်ဟု ယူဆလိုက်၏။

အမှန်တော့ လောကတွင် မိမိစိတ်အလိုကိုသာ လိုက်တတ်ပြီး တခြားလူအား အပြစ်ဖို့တတ်ကြသောသူများ ရှိနေတတ်ကြသည်မှာ ဓမ္မတာပင် မဟုတ်ပါလား။ အဘွားကြီး၏အမည်မှာ ငိုဘွားဘွားဟု ခေါ်တွင်၏။

သူမသည်လည်း ထိပ်တန်းသိုင်းသမားတစ်ယောက်ပင်ဖြစ်သည်။ ငိုဘွားဘွားသည် ဆရာကြီးဝမ်မိသားစု၏ မိတ်ဆွေဖြစ်၏။ ယခု လီချွန်စိန်နှင့် ကျင်ကျင်ဝမ်တို့သည် ငိုဘွားဘွား၏ အိမ်တွင် ခိုလှုံရောက်ရှိနေကြသည်ဟု သိရသည်။

ငိုဘွားဘွားနှင့် သူ၏သားဖြစ်သူ ယခု ဤနေရာသို့ ရောက်ရှိလာကြခြင်းမှာ အခြေအနေကို အကဲခတ်ရန်နှင့် ဝေါင်ဘက်ကို ကယ်ဆယ်ရန်အတွက် ဖြစ်သည်။

ကျားကလေးသည် ငိုဘွားဘွားတို့နှင့်အတူ လိုက်ပါသွားကာ လီချွန်စိန်နှင့် ကျင်ကျင်ဝမ်တို့နှင့် တွေ့ဆုံသည်။ လီချွန်စိန်၊ ကျင်ကျင်ဝမ်၊ ငိုဘွားဘွားနှင့် ကျားကလေးတို့သည် ဆရာကြီးဝမ်တို့လူစု၏ ကံကြမ္မာနှင့် ပတ်သက်ပြီး ညက စားပွဲဝိုင်းထိုင် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ကျားကလေးက ဆရာကြီးဝမ်တို့အား မိမိတွေ့ခဲ့ရသည်ဆိုခြင်းမှာ အစစ်မဟုတ်ဘဲ အတုသာ ဖြစ်နိုင်လိမ့်မည်ထင်ကြောင်း ပြောပြလိုက်သည်။

အားလုံးကလည်း ထိုယူဆချက်အတိုင်း သဘောတူညီသည်။ ဆရာကြီးဝမ်တို့လူစု ယခုအချိန်အထိ ကူးဂေဟာအတွင်းမှာ ရှိနေနိုင်ကြောင်း အကျယ်ချုပ်ဖြင့် သို့မဟုတ် အကျဉ်းချုပ်ဖြင့် ချုပ်နှောင်ထားခြင်း ခံရဖွယ်ရှိကြောင်း မှတ်ချက်ချလိုက်ကြသည်။

ဝတ်စုံပြာဝတ်ဆင်ထားသည့် သူနှင့်ပတ်သက်ပြီး ကျားကလေးက မေးကြည့်သောအခါ ကျင်ကျင်ဝမ်က ...

"အဲဒီလူနာမည်က တုကျုံလျောင်လို့ ခေါ်တယ်၊ သူဟာ ကျွန်မရဲ့အစ်ကိုဝမ်းကွဲပဲ၊ အဖြူရောင်သိုင်းသမားပါပဲ၊ ဒါပေမဲ့ သူက တစ်နေရာတည်းမှာ အခြေချနေထိုင်လေ့မရှိဘူး၊ မြင်းရိုင်းတစ်ကောင်လို နေရာအနှံ့ လျှောက်သွားနေတတ်တယ်"

ဤတွင် ကျားကလေးက ...

"အင်း ... ဒါဆိုရင် သူက သတင်းတစ်ခုခုရလို့သာ အိမ်ကိုလာကြည့်တာ ဖြစ်ရမယ်၊ သူ သိပ်ရှည်ရှည်ဝေးဝေး သွားဦးမယ်မထင်ဘူး၊ အနီးနားဝန်းကျင်တစ်ဝိုက်မှာ သူရှိနေချင်ရင် ရှိနေမှာ၊ ကျွန်တော် သူ့ကိုလိုက်ရှာဦးမယ်"



ပြောပြီးသည်နှင့် တစ်ပြိုင်နက် ကျားကလေးသည် ငိုဘွားဘွားအိမ်မှ တစ်ယောက်တည်း ထွက်ခွာလာခဲ့လေတော့သည်။ သို့သော် တကမ်းတမ်းကျတော့ ကျားကလေးသည် ဝတ်စုံပြာဝတ် တုကျုံလျောင်ကို လိုက်ရှာခဲ့ခြင်း မရှိပါချေ။

သူသည် ညတွင်းချင်းပင် ကူးဂေဟာသို့ ခရီးဆက်လေ၏။ တုကျုံလျောင်ကို သူလိုက်မရှာပါ။ တုကျုံလျောင်ကို လိုက်ရှာမည်ဟု အကြောင်းပြခဲ့ခြင်းမှာ သူ ကူးဂေဟာသို့သွားခြင်းအားဖြင့် ကျင်ကျင်ဝမ်တို့ လူစု သိသွားခဲ့လျှင် သူမတို့ကလည်း သူနှင့်အတူတူ လိုက်ပါလာမှာ သေချာလှသည်။

ကျင်ကျင်ဝမ်တို့လူစု လိုက်ပါလာလျှင် သူ့အတွက် လှုပ်ရှားရန် လွတ်လပ်တော့မည် မဟုတ်ပါ။ လှုပ်ရှားရန် မလွတ်လပ်မှာစိုး၍ ထိုလူစုလိုက်မလာအောင် ဥပါယ်တံမျဉ် သုံးပြီး ပြောဆိုထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ...

\+ \+ \+

## အခန်း (၃၇)

ဤသို့ဖြင့် ကျားကလေးမှာ ကူးဂေဟာသို့ နောက်တစ်ကြိမ် ရောက်ရှိလာခဲ့ပြန်လေသည်။ ကူးဂေဟာ၏တံခါးမကြီးမှာ ပိတ်ထား လျက်သားပင် ရှိနေသည်။

ကျားကလေးမှာ အတွင်းဘက်သို့ ဝင်နိုင်ရန် နည်းလမ်းရှာ မရဘဲ ဖြစ်နေသည်။ ကျားကလေးက တေလေဂိုဏ်းသားတစ်ဦး အသွင်ဖြင့် တံခါးမကြီးမှ ဝင်ရောက်သွားရန် စိတ်ကူးကြည့်လိုက်သေး သည်။

သို့သော် ပြန်လည်စဉ်းစားကြည့်သောအခါ ကူးဂေဟာ သည် ရာဇဝတ်မှုနှင့် မကင်းသောနေရာဖြစ်သည်။ သူက တေလေ ဂိုဏ်းသားတစ်ဦးအသွင်ဖြင့် ဝင်ရောက်လျှင်လည်း ကူးဂေဟာမှ သူ့ အား ဝင်ခွင့်ပြုလိမ့်မည် မဟုတ်ပါ။

ဝင်ခွင့်မပြုသည့်အပြင် အန္တရာယ်ပင် ပေးလာနိုင်လေ သည်။ ကျားကလေးသည် ကူးဂေဟာအတွင်းသို့ ဝင်ရောက်နိုင်ရန် နည်းလမ်းများအား စိတ်ကူးနေရင်းမှ အချိန်သည် ကုန်လွန်မှန်းမသိ ကုန်လွန်သွားလေတော့သည်။



တစ်စတစ်စဖြင့် ကူးဂေဟာအား ကာရံဝင်းခတ်ထားသည့် အုတ်နံရံအမြင့်ကြီးကို မော့ကြည့်လိုက်သည်။

"အင်း ... တခြားနည်းလမ်း မရှိရင်တော့ အုတ်နံရံကို ကျော် ပြီး ဝင်မယ်"

ကျားကလေးက တစ်ကိုယ်တည်း ရေရွတ်ပြောဆိုလိုက် သည်။

"ဒါပေမဲ့ အုတ်နံရံကို ကျော်ပြီးဝင်တဲ့နည်းက မကောင်းပါ ဘူး"

ထိုအသံမှာ ကျားကလေး၏နှုတ်မှ ထွက်ပေါ်လာသော စကားသံမဟုတ်ပါ။ ကျားကလေး၏ ခန္ဓာကိုယ်မှာ တစ်ချက်မျှ လှုပ် လှုပ်ရှားရှား ဖြစ်သွားပြီး အသံထွက်ပေါ်လာရာ အနောက်ဆီသို့ လှည့်ကြည့်လိုက်သည်။

သူ့နောက်ဘက် ဆယ်ပေခန့်အကွာတွင် လူတစ်ယောက်က တိတ်ဆိတ်စွာ ရပ်လျက် ရှိနေသည်။ ထိုလူသည် ဝတ်စုံပြာဝတ်ဆင် ထားသူ တုကျုံလျောင်ပင် ဖြစ်သည်။

တုကျုံလျောင်က ကျားကလေးအား ပြုံး၍ ခေါင်းညိတ်ပြ နေသည်။ ကျားကလေးသည် တုကျုံလျောင်၏ ကိုယ်ဖော့ပညာကို စိတ်ထဲမှ ကျိတ်ပြီး ချီးကျူးနေမိသည်။

ကျားကလေးက တုကျုံလျောင်အနီးသို့ လျှောက်သွား သည်။ အနားသို့ရောက်လာသောအခါ တုကျုံလျောင်က စတင်၍...

"မင်းက ကျားကလေးမဟုတ်လား"

ကျားကလေးက လက်နှစ်ဖက်ဆုပ်ကာ ရင်မှာအပ်ရင်းမှ ဦးခေါင်းကိုလည်း ညွတ်လိုက်ရင်း လိုက်လျောစွာ ပြောဆိုလိုက်သည်။

"ကျေးဇူးရှင်ကို ကျားကလေးက အရိုအသေပြု နှုတ်ဆက်ပါတယ် ခင်ဗျာ"

တုကျုံလျောင်က ချီးသာစွာပြုံး၍ နှစ်သိမ့်ပြောဆိုသည်။

"သိုင်းလောကသားအချင်းချင်း ဒီလိုပါပဲကွာ၊ အစ်ကို့ရဲ့ညီမဝမ်ကိုလည်း မင်းက ကယ်တင်ခဲ့ဖူးတာပဲ မဟုတ်လား"

ထို့နောက်တွင် သူတို့နှစ်ယောက်သည် ပို၍လုံခြုံသောနေရာသို့ ရွှေ့သွားကြကာ အေးဆေးစွာ တိုင်ပင်ကြသည်။ အဓိက အချက်မှာ ကူးဂေဟာသို့ ဝင်ရောက်နိုင်ရေးပင် ဖြစ်၏။

ဆွေးနွေးပွဲတွင် ကျားကလေးက ကူးဂေဟာသို့ ဝင်ရောက်နိုင်ရေး အပါအဝင် ဆရာကြီးဝမ်တို့လူစု လွတ်မြောက်ရေးအတွက် တုကျုံလျောင်၏ စီမံခေါင်းဆောင်မှုအတိုင်း မိမိ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပေးပြောဆိုလိုက်၏။

တုကျုံလျောင်ကလည်း ကျားကလေး ကူးဂေဟာထဲသို့ ဝင်ရောက်နိုင်ရန် မိမိမှာ အကြံအစည်ရှိကြောင်း ပြောဆိုပြီး ကျားကလေးကို လူတစ်ယောက်ထံသို့ ခေါ်ဆောင်သွားသည်။

နောက်တစ်နေ့တွင် ...

တုကျုံလျောင်၏လူက ကျားကလေးကို ငွေပိသာချိန်



ငါးဆယ်ဖြင့် ကူးဂေဟာတွင် အိမ်ဖော်အလုပ်လုပ်ရန် ရောင်းချလိုက်၏။ ဤသို့ဖြင့် ကျားကလေးမှာ ထင်ထင်ပေါ်ပေါ် တရားဝင်နည်းလမ်းဖြင့် ကူးဂေဟာအတွင်းသို့ ရောက်ရှိသွားသည်။

ကျားကလေးရောက်ပြီး နောက်တစ်ရက်တွင်မူ တုကျုံလျောင်သည် တင့်တင့်တယ်တယ် ဝတ်ဆင်ကာ ကူးဂေဟာသို့ အထူးဧည့်သည်တော် တစ်ယောက်အနေဖြင့် ရောက်ရှိလာပြန်၏။

တုကျုံလျောင်သည် မူလကပင် ကူးဂေဟာမှ အစ်ကိုကြီး ကူးရစ်တွင်၏သားကြီး ကူးကျမ်းချီနှင့် ခင်မင်သူဖြစ်သည်။ ထို့ပြင် သမီးလတ်ကူကျမ်းလှိုင်သည် တုကျုံလျောင်ကို တစ်ဖက်သတ် မေတ္တာရှိနေသူဖြစ်၏။

တုကျုံလျောင်ကမူ ကူးကျမ်းလှိုင်ကို မေတ္တာမရှိပါချေ။ ယခု ရောက်ရှိလာရခြင်းမှာလည်း ဆရာကြီးဝမ်၏ ကိစ္စအတွက်ကြောင့်သာ ကူးဂေဟာသို့ မသက်မသာ ရောက်ရှိလာရခြင်းဖြစ်သည်။

ကူးဂေဟာသို့ နှစ်ယောက်စလုံး ရောက်ရှိလာကြပြီးနောက် တုကျုံလျောင်နှင့် ကျားကလေးတို့သည် တိတ်တဆိတ် စုံစမ်းလေ့လာခဲ့ကြ၏။ ထိုအခါ မသင်္ကာဖွယ် သုံးနေရာ တွေ့ရသည်။

နံပါတ်တစ်နေရာမှာ ကျောက်တုံးကြီးများဖြင့် အခိုင်အမာ ဆောက်လုပ်ထားသော မြေအောက်အချုပ်ခန်း၊ နံပါတ်နှစ်နေရာမှာ အနက်ရောင်အုတ်နံရံကြီး ကာရံထားသော အိမ်တစ်ဆောင်နှင့် နံပါတ်သုံးနေရာမှာ ကူးမျိုးနွယ်စုတို့ မြှုပ်နှံရာ သင်္ချိုင်းမြေတို့ပင်

ဖြစ်ကြ၏။ အဆိုပါ နေရာသုံးနေရာတွင် အစောင့်အကြပ်လည်း လွန်စွာ ထူပြောလှသည်။ မည်သူမျှ ထိုနေရာသို့ အကြောင်းမဲ့သက်သက် ဝင်ရောက်ခွင့်မရကြပါ။

ကျားကလေးတို့ ရောက်ပြီး သုံးရက်ခန့်အကြာတွင် တုံကန်ဂိုဏ်းချုပ် ရှောက်ဖောင်၏တပည့်မ ရက်ရာဖီလည်း ကူးဂေဟာသို့ ရောက်ရှိလာသည်။

ရက်ရာဖီသည် လွန်စွာချောမောလှပသူဖြစ်သည်။ သူမသည် ကူးကျမ်းချီနှင့်ရင်းနှီးပုံရ၏။ ကူးကျမ်းချီသည် မိန်းမပွေသူဖြစ်ပြီး သူမအား အပိုင်ကြံစည်နေပုံရ၏။ ကျားကလေးကမူ ရက်ရာဖီသည် ကူးဂေဟာသို့ အကြံဖြင့် ရောက်ရှိလာခြင်း ဖြစ်မည်ဟု ခန့်မှန်း၏။

တစ်ည၊ ထိုညက ကျားကလေး အိပ်ပျော်နေစဉ် အပြင်ဘက်မှ ထိပ်တန်းသိုင်းပညာရှင်များ သုံးလေ့ရှိသော အသံပို့လွှတ်နည်းဖြင့် သူ့အား အပြင်သို့ထွက်ခဲ့ရန် ဖိတ်ခေါ်သည့် အသံကို ကြားရ၏။ ကျားကလေးက အပြင်သို့ထွက်ကြည့်သောအခါ အမျိုးသမီးတစ်ယောက်က သူ့အား လက်ယပ်ခေါ်နေသည်ကို တွေ့ရသည်။

ကျားကလေးက ဖြစ်ချင်ရာဖြစ်ဟု သဘောပိုက်ကာ ထိုအမျိုးသမီးခေါ်ရာနောက်သို့ လိုက်သွား၏။

အမျိုးသမီးက ကင်း သမားများကို ရှောင်ကာကွေ့ကာဖြင့် ကျားကလေးအား အခန်းတစ်ခု အတွင်းဆီသို့ ခေါ်ဆောင်သွားသည်။



အခန်းတွင်းသို့ ရောက်သောအခါကျမှ သူ့အား ခေါ်ဆောင်လာသူမှာ အမေမို၏အိမ်တွင် သူနေစဉ်က သူ၏ ဒုတိယအစ်မဖြစ်ခဲ့သူ ယဉ်ယဉ်ဖြစ်ကြောင်း သိလိုက်ရတော့၏။ ကျားကလေးမှာ ဝမ်းသာမဆုံး ဖြစ်သွားရသည်။

ယဉ်ယဉ်က သူမသည် လူသတ်သမားများ၏ မြားဒဏ်ကြောင့် ဒဏ်ရာအကြီးအကျယ်ရနေစဉ် ကူးဂေဟာ၏ တတိယညီဖြစ်သူ ကူးစံသာနှင့် တွေ့ဆုံခဲ့ပြီး ကူးစံသာက သူမအား ကယ်တင်ခဲ့ကြောင်း ပြောပြသည်။ ထို့နောက် သူမနှင့်ကူးစံသာ မေတ္တာရှိခဲ့ကြပုံနှင့် ကြာသောအခါ ကူးစံသာက သူမအား ချောင်ထိုးထားပုံ၊ တခြားလှပသော မိန်းမပျိုများကိုသာ ကူးစံသာက စိတ်ဝင်စားနေခြင်းနှင့် သူမ ကူးစံသာကို ယခု လွန်စွာစိတ်နာနေကြောင်းတို့ကို ကျားကလေးအား ဖွင့်ဟပြောပြသည်။

ယဉ်ယဉ်က ဆက်လက်၍ မိမိသည် ကူးဂေဟာအား သိမ်းပိုက်နိုင်ရန် ကြံစည်နေကြောင်းနှင့် မိမိအကြံအစည် အောင်မြင်နိုင်ရန် ကျားကလေးက မိမိကို ကူညီနိုင်မည်လားဟု မေးမြန်းသည်။

ကျားကလေးကလည်း မဆိုင်းမတွပင် ကူညီမည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုလိုက်၏။

ယဉ်ယဉ်ထံမှ ကျားကလေးသည် ဆရာကြီးဝမ်တို့လူစုအကြောင်းကိုလည်း စုံစမ်းသိရှိခဲ့ရသည်။

ဆရာကြီးဝမ်တို့လူစုအား ကူးဂေဟာပိုင်ရှင်များက

မြေတိုက်ခန်းတစ်ခုတွင် ချုပ်နှောင်ထားကြောင်း၊ ထိုမြေအောက်ခန်းမှာ ကူးဂေဟာအစ်ကိုကြီး ကူးရစ်တွင်၏အိပ်ခန်းအောက်တည့်တည့်တွင် ရှိကြောင်း၊ ထိုအခန်းသို့ ဝင်ရောက်ရန် မလွယ်ကူလှပါ၊

အကြောင်းမှာ အစောင့်အကြပ် များစွာရှိနေသည့်အပြင် ဝင်ပေါက်ကိုလည်း ရှာရန်ခက်ခဲခြင်းနှင့် ဝင်ပေါက် ရှာတွေ့လျှင်တောင်မှ အပေါက်ဝတွင် လူကို အန္တရာယ်ပြုနိုင်သောစက်ယန္တရားများ တပ်ဆင်ထားကြောင်း သိရှိရ၏။

ကျားကလေးတို့ သင်္ကာမကင်းရှိနေသော အနက်ရောင် နံရံများဖြင့် ဖွဲ့စည်းထားသည့် အခန်းတွင်းတွင်မူ စိတ်ဖောက်ပြန်နေသော အမျိုးသမီးတစ်ယောက်ကို ထားရှိသည်ဟု သိရသည်။

ထိုအမျိုးသမီး စိတ်ဖောက်ပြန်လာသောအခါ အလွန်ဆိုးသည်။ ထို့ကြောင့် အခန်းတွင်းသို့ မည်သူမျှ ဝင်ခွင့်မရကြပါ။

ထိုအမျိုးသမီးသည် ကူးဂေဟာပိုင်ရှင် ကူးရစ်တွင်၏ဇနီးဖြစ်ကြောင်း လူအများက ပြောကြသည်ဆို၏။ မှန်မမှန်မူ မသိရပါ။

ဒုတိယပိုင်းပြီး၏။

တတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။